# ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်၊ ဗုဒ္ဓဟူးနေ့၊ (28-10-2015) (၈၃၆၇)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ချက်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာများပေးပို့

**နေပြည်တော် အောက်တိုဘာ ၂၈**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် ကျရောက်သော ချက်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါ သမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ချက်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မီလော့စ်ဇီမန်း ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် ကျရောက်သော ချက်သမ္မတနိုင်ငံ၏ လွတ်လပ်ရေး နေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ချက်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဟူစလပ်ဇ် ဆိုဘော့ကာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ဆင်အကဆင်အလှဖြင့်ကျောက်ဆည်မြို့ဆင်လှုပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

**ကျောက်ဆည် နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံ၏ အထင်ကရ ကျောက်ဆည်မြို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ် ဆင်လှူပွဲတော်နှင့် ဆင် အကအလှပြိုင်ပွဲဖြစ်သည့် ဆင်ပွဲတော် ကြီးဖွင့်ပွဲကို အောက်တိုဘာ ၂၇ ရက် (သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့) တွင် နယ်သူနယ်သားများ၊ ပြည်တွင်း ခရီးသွားများနှင့် နိုင်ငံခြားသား ခရီး သွားများ ပါဝင်ဆင်နွှဲကာ စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့သည်။

မြန်မာပြည်ရှိ ဆင်ပွဲတော်များ အနက် အထင်ရှားဆုံးနှင့် အစည် ကားဆုံးပွဲတော်ကြီးအဖြစ် သက်တမ်း ကြာမြင့်စွာ ကျင်းပလာခဲ့သည့် ပွဲတော်ကြီးဖြစ်ကြောင်း၊ ဆင်အက ပြိုင်ပွဲကြီးတွင် နှစ်ပေါင်း ၂၄ နှစ်ကြာ စဉ်လာမပျက် ပြိုင်ပွဲဝင်ခဲ့သော ပိတောက်မြိုင် ရိုးရာဆင်အကအဖွဲ့မှ ကိုဖိုးသားကပြောသည်။

"ကျောက်ဆည်သားမှန်ရင် ရိုးရာ ဆင်အကကို ဝါသနာပါကြတာ ဆိုတော့ မဖြစ်မနေ ဝင်ပြိုင်ချင်ကြ တာပဲ၊ ဆုရရင် ပျော်ပေမယ့်မရခဲ့လည်း ကျွန်တော်တို့မြို့ရဲ့ ရိုးရာဆင်အက ပွဲတော်ကြီး ဖျော်ဖြေတင်ဆက်မှု တွေကို တကူးတက လာရောက် ကြည့်ရှုကြသူတွေ ပျော်ရွှင်ကျေနပ် တယ်ဆိုရင် ဝမ်းသာရပါတယ်"ဟု ပြောသည်။

ယခုနှစ် ဆင်လှူပွဲတော်ကြီးတွင် ပြိုင်ပွဲဝင်ဆင်အဖြစ် ရိုးရာဆင်

**စာမျက်နှာ ၈ ကော်လံ ၃ သို့●**



**ကျောက်ဆည်မြို့ ဆင်ပွဲတော်ကြီးကို တစ်ရက်တည်းသာ ကျင်းပခဲ့သောကြောင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။**

## ရွေးကောက်ပွဲ မကျင်းပနိုင်သည့် နယ်မြေများအား ထုတ်ပြန်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၂၇**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲ ကျင်းပရန် အခြေအနေမရှိသဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မိုင်းရှူးမြို့နယ်တစ်မြို့နယ်လုံး၊ ကျေးသီးမြို့နယ်တစ်မြို့နယ်လုံး၊ တန့်ယန်းမြို့နယ်ရှိ ကျေးရွာအုပ်စုရှစ်အုပ်စု၊ ဟိုပန်မြို့နယ်ရှိ နမ့်တစ်မြို့မှရပ်ကွက်ငါးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၇ အုပ်စုတို့တွင် ရွေးကောက်ပွဲများ ကျင်းပခြင်း ပြုမည်မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အမှတ်(၆၇/၂၀၁၅)ဖြင့် ထုတ်ပြန်ထားသည်။


အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရွေးကောက်ပွဲကော်မရှင်ရုံး၏ Websibe ဖြစ်သော www.uecmyanmar.org တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

### နိုင်ငံတော်သမ္မတထံသို့ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်က ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပေးရေးအတွက် မေတ္တာရပ်ခံ

သတင်း စာမျက်နှာ - ၃

### တောင်တရုတ်ပင်လယ်တွင်း ကျွန်းတုများအနီးမှ အမေရိကန်စစ်သင်္ဘော ဖြတ်သန်းမှု တရုတ်ကန့်ကွက်

သတင်း စာမျက်နှာ - ၄

**ကြေးမုံ စာတည်းရှုထောင့်** **၂၈-၁၀-၂၀၁၅၊ ဗုဒ္ဓဟူးနေ့**

# သီတင်းကျွတ်မီးထွန်းပွဲတော်

မြန်မာတို့သည် ပစ္စုပ္ပန်နှင့်အနာဂတ်ကို အကောင်းမြင်တတ်သူများ၊ အကောင်းမျှော်လင့်တတ်သူများ ဖြစ်ကြပါသည်။ ဤသည်မှာ မြန်မာ့စိတ်ရင်းဖြစ်သည်။ မြန်မာ့စိတ်ရင်းဆိုရာ၌ မိမိတို့ဘဝများတွင် အေးချမ်းစွာနေထိုင်ကြသည်။ အေးချမ်းစွာရင်ဆိုင်ကြသည်။ မြန်မာတို့၏ အေးဆေးတည်ငြိမ်မှုများဖြင့် ဘဝအခက်အခဲများကို ကျော်လွှားနိုင်ကြသည်။

ဤသည်ကို မြန်မာတို့၏ ဆယ့်နှစ်လရာသီကာလနှင့် ဆယ့်နှစ်လရာသီပွဲတော်များကိုကြည့်လျှင် သိမြင်နိုင်သည်။ ထို့မျှသာမက မြန်မာ့ထုံးတမ်းအစဉ်အလာတွင် လပြည့်နေ့တိုင်း ပွဲတော်ရှိသည်။ ကျေးရွာတိုင်းတွင်ဘုရားတစ်ဆူရှိသည်။ ရပ်ကွက်တိုင်းတွင် ဓမ္မာရုံရှိသည်။ ထိုနေရာ ထိုနေ့သို့ရောက်တိုင်း ပွဲတော်ကျင်းပလေ့ရှိသည်။ အလှူအတန်းနှင့် ကောင်းမှုကုသိုလ်ပြုလေ့ရှိသည်။

ဤသို့ ချစ်ခင်နှစ်လိုဖွယ်ကောင်းသော မြန်မာဖြစ်ပါသည်။ မည်သည့်တိုင်းတစ်ပါးတွင်မျှ မရှိသည့် မြန်မာ့ထုံးတမ်းစဉ်လာဖြစ်ပါသည်။ ဤမြန်မာ ဤလူမျိုးနှင့် မည်သည့်အမျိုးအနွယ်နှင့်မျှ လဲနိုင်မည်မထင်။ ဤမြန်မာ ဤလူမျိုးကို မည်သည့်အခါမျှ စွန့်လွှတ်နိုင်မည်မထင်။ ဤမြန်မာလူမျိုးတို့၏ ရိုးရာဓလေ့အစဉ်အလာပွဲမှာ အေးချမ်းပျော်ရွှင်ဖွယ်ပင်။ မွန်မြတ်သော ရည်ရွယ်ချက်ဖြင့်သာ အစဉ်အလာပွဲကို ကျင်းပကြသည်။

ကြည်နူးဖွယ်ရာပုံရိပ်အသွင်မှာ ကောင်းမှုကုသိုလ်များနှင့် တည်ငြိမ်အေးချမ်းလွန်းလှသည်။ အပျော်များနှင့်မြန်မာဟု ဆိုရလောက်အောင်ပျင်းစရာအချိန်များကို ပွဲတော်များနှင့်ကုန်ဆုံးစေသည်။ ထိုပွဲတော်များတွင် မြန်မာတို့ပြုံးနိုင်ကြသည်။ မြန်မာတို့ ပျော်နိုင်ကြသည်။ ပျော်မဆုံး မော်မဆုံး တပြုံးပြုံးနှင့် မြန်မာ့ဓလေ့ကို ကမ္ဘာကသိအောင် ရိုးရာအစဉ်အလာများကို ထိန်းသိမ်းဖို့လိုသည်။

ဆယ့်နှစ်လရာသီပွဲတော်များတွင် အပျော်ဆုံးပွဲတော်မှာ သင်္ကြန်ရေသဘင်ပွဲတော်ဖြစ်သည်။ အစည်ကားဆုံးနှင့် ကြည်နူးဖွယ်အကောင်းဆုံးပွဲတော်မှာ သီတင်းကျွတ်မီးထွန်းပွဲတော်ဖြစ်သည်။ ဝါလကင်းလွတ် သီတင်းကျွတ်ကာလ လပြည့်နေ့တွင် ကျင်းပသည့်ပွဲဖြစ်သည်။ မတိုင်မီ အကြိုနှစ်ရက်ဖြင့် သုံးရက်ကျင်းပလေ့ရှိသည်။ ဆီမီးရောင်စုံထွန်းညှိကြသည့် ညပွဲသဘင်ဖြစ်သည်။

သီတင်းကျွတ်ပွဲတော်၏ ဗုဒ္ဓဘာသာအနှစ်သာရမှာ မြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်တွင် ဝါတွင်းသုံးလ တရားပြ၍ လူ့ပြည်သို့ပြန်လည်ကြွမြန်းလာသည်ကို လူနတ်ဗြဟ္မာအပေါင်းတို့က ဆီမီးများထွန်းညှိကာ ကြိုဆိုပူဇော်ကြခြင်းဖြစ်သည်။ မိမိအိမ်ကို ရောင်စုံမီးအလှဆင်ခြင်းလည်းမဟုတ်၊ မိမိလမ်းကို ရောင်စုံမီးထွန်းညှိခြင်းလည်းမဟုတ်၊ ထိုဆီမီးများဖြင့် မြတ်စွာဘုရားရှင်အား ကြိုဆိုခြင်းကိုသာရည်ရွယ်ရင်းဖြစ်သည်။

ရှေးက ဆီမီးတိုင်များနှင့် ထွန်းညှိပူဇော်ကြရာမှ တိုးတက်လာသော မျက်မှောက်ခေတ်တွင် ရောင်စုံအလှမီးများဖြင့် ထွန်းညှိပူဇော်ကြသည်။ ဝတ်ကောင်းစားလှဝတ်ဆင်ကြ၍ သီတင်းကျွတ်မီးထွန်းပွဲတော်တွင် လည်ပတ်ကြသည်။ ပွဲလမ်းသဘင်များ ဆင်နွှဲကြသည်။ ပွဲဈေးတန်းများနှင့် ရောင်းပန်းဝယ်ပန်းလှကြသည်။ မိသားစုအလိုက် ပျော်မဆုံးမော်မဆုံးရှိကြသည်။

ဘုရား၊ ကျောင်းကန်၊ နေအိမ်နှင့်လမ်းများတွင် ဆီမီးထွန်းညှိပူဇော်ကြသကဲ့သို့ ကောင်းကင်တွင် မီးပုံးပျံ လွှတ်တင်ပူဇော်ခြင်းကို ကျေးလက်မှအစပြုခဲ့သည်။ သီတင်းကျွတ်ပွဲတော်ကို အကြောင်းပြု၍ နွေရာသီရက်ရှည်ကျောင်းပိတ်ကြသည်။ လူငယ်လူရွယ်၊ သားသမီးများက မိဘဆရာသမားများအား ပူဇော်ကန်တော့ကြသည်။ သားသမီးများအား အိမ်ထောင်ရက်သားချထားပေးကြသည်။

သီတင်းကျွတ်ပွဲတော်တွင် ဆီမီးထွန်းညှိပူဇော်ခြင်းသာမက နောက်ပိုင်းကာလများတွင် အိမ်နီးချင်းဓလေ့ ပန်းရန့်များအစား ယမ်းငွေ့နံ့များလွှမ်းသည့် မီးရှူးမီးပန်းများနှင့် ထွန်းညှိလာကြပြန်သည်။ ယင်းမှာ မဆိုသာသော်လည်း ပြင်းထန်သောဆူညံပေါက်ကွဲသံပါသည့် ဗျောက်အိုးဖောက်ခြင်းဓလေ့မှာ မြန်မာ့ရိုးရာအစဉ်အလာ ဓလေ့မဟုတ်ဘဲ အန္တရာယ်ကိုသာဖြစ်စေနိုင်သဖြင့် ဆင်ခြင်ကြရမည်ဖြစ်သည်။

သီတင်းကျွတ်မီးထွန်းပွဲတော်ဓလေ့မှာ တစ်မြို့ တစ်ရွာဓလေ့မတူကွဲပြားစည်ကားသိုက်မြိုက်စွာကျင်းပလေ့ရှိရာ သီတင်းကျွတ်မီးထွန်းပွဲတော်၏ ရည်ရွယ်ရင်းကို မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းကြရမည်မှာ ချစ်စရာမြန်မာတို့၏ ဓလေ့စရိုက်ပင်ဖြစ်သည်။ ။

# ဝါးထွက်ကုန်လုပ်ငန်းများကြောင့် ဒေသခံများ ဝင်ငွေကောင်း



**ရေတာရှည်  အောက်တိုဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမင်းလမ်းကျေးရွာအုပ်စု ရွှေသပြေကျေးရွာသည် ဆွာမြို့ တောင်ဘက်နှစ်မိုင်ခန့်အကွာ ရန်ကုန်-မန္တလေးကားလမ်းနှင့်ကပ်လျက်တွင်တည်ရှိသည်။ လယ်ယာလုပ်ငန်းအပြင် ဝါးနှင့် ဝါးထွက်ပစ္စည်းများကို အဓိကအရောင်းအဝယ်လုပ်ကိုင်ကြသည်။ ပွင့်လင်းရာသီကာလဖြစ်သည့် အလျောက်အရောင်းအဝယ်ကောင်းမွန်၍ ဒေသခံအမျိုးသမီးများ နေ့စဉ်ဝင်ငွေကောင်းမွန်လျက်ရှိကြောင်းသိရသည်။

ပဲခူးရိုးမထွက်ဝါးများကို အလုံးလိုက်တင်ပို့ရောင်းချခြင်းအပြင် ဝါးကုလားထိုင် အမျိုးမျိုး၊ ဝါးကတ်ဆိုဒ်မျိုးစုံမှာ ယခုရာသီကာလတွင် အရောင်းတွင်ကျယ်ပြီး အမျိုးသမီးတစ်ဦးကို တစ်ရက်လျှင် ဝင်ငွေကျပ် ၄၀၀၀ရရှိကြောင်း ဝါးလုပ်ငန်းလုပ်ကိုင်သူ ဦးဝင်းမြင့်က ပြောသည်။

“ဝါးဆိုင် တစ်ဆိုင်ကို အမျိုးသမီးလေးယောက်က နေ ခြောက်ယောက်လောက်အထိလုပ်ကိုင်ကြတယ်။ တစ်ယောက်ကို ဝါးကတ်အချပ်သုံးဆယ်လောက်ပြီးတော့ နေ့တွက် ငွေကျပ် ၄၀၀၀နဲ့ အထက်ရရှိတော့ သူတို့လည်း အဆင်ပြေတယ်”ဟု ၎င်းက ဆက်၍ပြောသည်။

မိုးရာသီကာလအတွင်း ဒေသအနှံ့အပြားရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့စဉ်က ဝါးအလုံးလိုက်နှင့် ဝါးကတ်များ အတော်ရောင်းခဲ့ရပြီး မြစ်ထိန်းနံရံများနှင့်အကာများ တည်ဆောက်သည့်လုပ်ငန်းများတွင် အသုံးပြုကြသည်ဟု သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း အဓိကဝယ်ယူသည့် မြို့မှာ ပျော်ဘွယ်မြို့ဖြစ်ပြီး ဝယ်ယူသည့် တင်းဝါးနှင့်ကြသောင်းဝါးတို့အား ငရုတ်သီးလှမ်းစင်၊ နွားခြံအကာများအပြင် နီးခမောက်၊ သီးနှံထည့်သည့်ပုတ်များ၊ နေအိမ်ကာသည့် ဝါးထရံများ ရက်လုပ်အသုံးပြုကြကြောင်း ဝါးလုပ်ငန်း လုပ်ကိုင်သူတစ်ဦးထံမှ သိရသည်။

မိမိတို့ဒေသတွင် အလုပ်အကိုင် အခွင့်အလမ်းများရှိနေခြင်းဖြင့် မိဘများနှင့်အိုးမကွာအိမ်မကွာ လုပ်ကိုင်နိုင်ခြင်းသည် ကောင်းမွန်သည့် လုပ်ငန်းအဖြစ်ခံယူလုပ်ကိုင်ခြင်းဖြစ်ကြောင်း ဒေသခံအမျိုးသမီးတစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**

❑❑❑


# ပြည်သူ့ဝန်ဆောင်မှုရုံး ရေးမြို့တွင် ဖွင့်လှစ်

**ရေး  အောက်တိုဘာ ၂၇**

မွန်ပြည်နယ် ရေးမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ပြည်သူ့ဝန်ဆောင်မှုရုံး One Stop Shop (OSS)ရုံးကို အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက စတင်ဖွင့်လှစ်ခဲ့သည်။

သက်ဆိုင်ရာလုပ်ငန်းများ အလိုက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်၊ လဝက၊ ပြည်တွင်းအခွန်၊ လျှပ်စစ်၊ ကျန်းမာရေး၊ စည်ပင်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းစသည့် ဦးစီးဌာနကိုးခုမှ တာဝန်ခံရုံးဝန်ထမ်း ၁၉ ဦးက တာဝန်ယူထမ်းဆောင်ကြမည် ဖြစ်သည်။

ပြည်သူကိုအခြေပြု၍ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေမည့် ဝန်ဆောင်မှုများဆောင်ရွက်ပေးနိုင်ရန် လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုများကို တားမြစ်၍ ထိရောက်သော ဝန်ဆောင်မှုများ ပေးနိုင်ရန်နှင့် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ ဦးစီးဌာနများအလိုက် အပြန်အလှန် ထိန်းကျောင်းပြုပြင်နိုင်ရေး အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ထွန်းထွန်း(ရေး)**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန်  အောက်တိုဘာ ၂၇**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၉၅၅၀၀ | - | ၇၉၅၅၀၀ |
| မန္တလေး | ရွှေဈေး | ၇၉၅၅၀၀ | - | ၇၉၅၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | |
|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၄၀/၆၅၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၉၀/၈၀၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၉၀/၇၀၀ ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | |
|---|---|---|
| (က ) အမေရိကန် | တစ်ဒေါ်လာ | = ၁၂၇၉.၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၄၁၄.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = ၂၀၁.၃၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၆.၀၅၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၃၀၁.၄၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = ၁၉.၅၅၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = ၁၀၅၈.၅ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၁၃.၀၈ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၂၆.၇၄ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၉၁၉.၆၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ပဲဟ်ိုးထက်လင်း၊ နိုင်လင်းကြည်၊ မြို့စန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလိှုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးရွှား)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ

## ပြည်တွင်းရေးရာ

# နိုင်ငံတော်သမ္မတထံသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးရေးအတွက် မေတ္တာရပ်ခံ

**နေပြည်တော်  အောက်တိုဘာ  ၂၇**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က နိုင်ငံရေးအကျဉ်းသားများ၊ ထိန်းသိမ်းခံကျောင်းသူကျောင်းသားများနှင့် ဝန်းရံပြည်သူများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးရေးအတွက် စဉ်းစားပေးပါရန် နိုင်ငံတော်သမ္မတထံသို့ မေတ္တာရပ်ခံတင်ပြထားမှုကို ယနေ့ရက်စွဲပါ သတင်းထုတ်ပြန်ချက်အမှတ် ၁၅/၂၀၁၅ ဖြင့် ထုတ်ပြန်ထားရှိသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်တွင် ကျင်းပတော့မည်ဖြစ်ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူများ လွတ်လပ်စွာနှင့် စိတ်အေးချမ်းသာစွာ မဲပေးနိုင်ရေး၊ တည်ငြိမ်အေးချမ်းသော ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာ ကျင်းပနိုင်ရေးတို့အတွက် သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများနှင့် ပြည်သူများအနေဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် မေတ္တာရပ်ခံထားရှိကြောင်းနှင့် အထွေထွေရွေးကောက်ပွဲကို ကြိုဆိုသောအားဖြင့် နိုင်ငံရေးအကျဉ်းသားများ၊ ထိန်းသိမ်းခံကျောင်းသူ ကျောင်းသားများနှင့် ဝန်းရံပြည်သူများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးရေးအတွက် စဉ်းစားပေးပါရန် မေတ္တာရပ်ခံတင်ပြထားကြောင်း ဖော်ပြပါရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် မဲဆန္ဒနယ်အတွင်း ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်ပတ်သက်၍ ကြေညာချက်

**နေပြည်တော်  အောက်တိုဘာ  ၂၇**

၁။ တာဝန်အရ ခရီးသွားရန်ရှိသော ဝန်ထမ်းများသည် ခိုင်လုံသောထောက်ခံချက်ဖြင့် သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်ပြပြီး ကြိုတင်ဆန္ဒမဲပေးခွင့်တောင်းခံလာပါက ၂၀၁၅ခုနှစ် အောက်တိုဘာလ ၂၉ရက်နေ့မှစတင်၍ စိစစ်ခွင့်ပြုပေးသွားပါမည်။

၂။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံအသီးသီး၌ တာဝန်ယူကြမည့် မဲရုံအဖွဲ့ဝင်များ၊ ရွေးကောက်ပွဲရက်တွင် ခရီးသွားရန်ရှိသူများကို နိုဝင်ဘာလ ၆ ရက် နှင့် ၇ ရက်နေ့များတွင် သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ကြိုတင်ဆန္ဒမဲပေးခွင့်ပြုသွားပါမည်။

၃။ မဲဆန္ဒနယ်အတွင်းရှိ မဲရုံသို့ ကိုယ်တိုင်မလာရောက်နိုင်သော ရောဂါဝေဒနာခံစားနေရသူများ၊ အသက်အရွယ်ကြီးရင့်နေသူများ၊ သားဖွားနေသူများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံတွင်အတွင်းလူနာအဖြစ် ကုသခြင်းခံနေရသူများအား ကြိုတင်ဆန္ဒမဲပေးနိုင်ရန်အတွက် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်နှစ်ဦးအားစေလွှတ်ပြီး ကြိုတင်ဆန္ဒမဲပေးနိုင်ရေးဆောင်ရွက်ရမည်။ ဆန္ဒပြုပြီးသော မဲလက်မှတ်အား စာအိတ်ထဲထည့်ကာ သေချာစွာပိတ်၍ ကော်မရှင်အဖွဲ့ခွဲဝင်နှစ်ဦးအား ပြန်လည်ပေးအပ်ရမည်။

၄။ ဖော်ပြပါ ကြိုတင်ဆန္ဒမဲပေးခြင်းအား ကိုယ်စားလှယ်များ၊ စောင့်ကြည့်လေ့လာရေးအဖွဲ့ များ၊ သတင်းမီဒီယာအဖွဲ့များနှင့် အခြားစောင့်ကြည့်လေ့လာရန် ဆန္ဒရှိသူများအနေဖြင့် စောင့်ကြည့်လေ့လာခြင်း၊ လိုက်ပါကြည့်ရှုခြင်း ပြုလုပ်နိုင်သည်။

၅။ ကြိုတင်ဆန္ဒမဲပေးပြီးသောလက်မှတ်များအား စာအိတ်ထဲတွင်ထည့်ပြီး သေချာစွာပိတ်ရမည်။ မဲရုံ ကိုယ်စားလှယ်များအားပြသပြီး လုံခြုံရေးကြိုးဖြင့် ပိတ်ထားသော မဲပုံးအတွင်းသို့ ဆန္ဒမဲလက်မှတ်ပါစာအိတ်များအားထည့်ရမည်။ ၎င်းမဲပုံးအား လူမြင်နိုင်သောနေရာတွင် ထားရှိစောင့်ကြပ်ထိန်းသိမ်းထားရမည်။

၆။ မဲဆန္ဒနယ်အတွင်း ကြိုတင်ဆန္ဒမဲပေးသူစာရင်းအား ပုံစံ (၁၃) တွင် စာရင်းသွင်းဖော်ပြရမည်။

၇။ ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံမဖွင့်မီ ကြိုတင်ဆန္ဒမဲများထည့်ထားသော မဲပုံးအား ပုံစံ(၁၃)နှင့်တကွ မဲရုံမှူးထံ အပ်နှံရမည်။ လက်မှတ်ရေးထိုးထားသောပုံစံ(၁၃)လေးစောင်တွင် မဲရုံမှူးက လက်မှတ်ရေးထိုးပြီး တစ်စောင်ကို မဲရုံတွင်ကပ်၍ တစ်စောင်အား လက်ခံအဖြစ် ထိန်းသိမ်းထားရမည်။ ကျန်နှစ်စောင်အား ရပ်ကွက်နှင့်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ပြန်လည်ပေးအပ်ရမည်။ ကော်မရှင်အဖွဲ့ခွဲသည် တစ်စောင်ကို ရုံးတွင်ကပ်၍ တစ်စောင်အား လက်ခံအဖြစ် ထိန်းသိမ်းထားရမည်။

၈။ ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံမဖွင့်မီ ပုံစံ(၁၃)နှင့်တကွ အပ်နှံထားသော ကြိုတင်ဆန္ဒမဲများမှအပ မဲရုံသို့နောက်ကျရောက်ရှိလာသော ကြိုတင်ဆန္ဒမဲများအား ပယ်မဲအဖြစ် သတ်မှတ်ရမည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ဆန္ဒမဲလက်မှတ်များ လိုအပ်မှုအရ ထပ်မံအပ်နှံလိုပါက အောက်တိုဘာ ၃၁ ရက်မတိုင်မီ အပ်နှံမှသာ အချိန်မီ ပုံနှိပ်နိုင်မည်

**နေပြည်တော်  အောက်တိုဘာ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအနေဖြင့် ၂၀၁၅ ခုနှစ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် လိုအပ်သော ဆန္ဒမဲလက်မှတ်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ စိစစ်အတည်ပြုပြီး ပေးပို့အပ်နှံသော စာရင်းဇယားများအတိုင်း အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်အချိန်မီ ပုံနှိပ်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် စက်တင်ဘာ ၉ ရက်မှ အောက်တိုဘာ ၁၉ ရက်အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အမှာစာ(၉)ကြိမ်ဖြင့် ဆန္ဒမဲလက်မှတ် ၁၃၀၆၂၀၂၇၂ စောင်နှင့် ပြည်ပသို့ ပို့ဆောင်နိုင်ရန် အမှာစာ(၄)ကြိမ်ဖြင့် ဆန္ဒမဲလက်မှတ် ၁၉၁၀၀၀ စောင် စုစုပေါင်းအမှာစာ (၁၃) ကြိမ်ဖြင့် ဆန္ဒမဲလက်မှတ် ပေါင်း ၁၃၀၈၁၁၂၇၂ စောင် အပ်နှံခဲ့မှုအပေါ် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအနေဖြင့် အောက်တိုဘာ ၂၂ ရက်အပြီး ဆန္ဒမဲလက်မှတ် အမှာစောင်ရေအားလုံးကို ပုံနှိပ်ပေးပြီးဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဆန္ဒမဲလက်မှတ်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထပ်မံအပ်နှံလာမည်ဆိုပါက အောက်တိုဘာ ၃၁ ရက်မတိုင်မီ အပ်နှံမှုများကိုသာ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအနေဖြင့် အချိန်မီ ပုံနှိပ်နိုင်မည်ဖြစ်ပြီး အဆိုပါနေ့ရက်ထက် နောက်ကျအပ်နှံလာမှုများအပေါ် ပုံနှိပ်လုပ်ငန်းစဉ်အဆင့်ဆင့်အရ အချိန်မီပုံနှိပ်ပြီးစီးနိုင်ရန် ကန့်သတ်ချက်ရှိနိုင်ကြောင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကြိုတင်အကြောင်းကြားထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၁၅ အထွေထွေရွေးကောက်ပွဲအတွက် မဲဆွယ်ရာတွင် သတင်းအချက်အလက်နှင့် နည်းပညာအသုံးပြုမဲဆွယ်မှု နည်းပါး

ရန်ကုန်  အောက်တိုဘာ  ၂၇

**၂၀၁၅ အထွေထွေရွေးကောက်ပွဲအတွက် မဲဆွယ်ရာတွင် သတင်းအချက်အလက်နှင့်နည်းပညာအသုံးပြုပြီး မဲဆွယ်မှုမှာ (၁) ရာခိုင်နှုန်းသာရှိသည်ဟု ယုံကြည်ရသော ရွေးကောက်ပွဲများပေါ် ပေါက်ရေး ပြည်သူများ ပူးပေါင်းလှုပ်ရှားမှုအဖွဲ့ (PACE)မှသိရသည်။**




**အောက်တိုဘာ ၂၇ရက်နေ့က ရန်ကုန်မြို့ Park Royal ဟိုတယ်တွင် PACE အဖွဲ့မှ အစီရင်ခံစာ နှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကျင်းပစဉ်။ (ဓါတ်ပုံ- အငယ်လေး)**

အောက်တိုဘာ ၂၇ ရက်နံနက်ပိုင်းတွင် ရန်ကုန်မြို့ Park Royal ဟိုတယ်တွင် ပြုလုပ်သည့်PACE၏ မဲဆွယ်စည်းရုံးမှု စောင့်ကြည့်လေ့လာခြင်းမှ ကနဦးတွေ့ရှိချက်များကိုထုတ်ပြန်သည့်အစီရင်ခံစာတွင် ယင်းကဲ့သို့ ဖော်ပြထားခြင်းဖြစ်သည်။

ယင်းအစီရင်ခံစာအရ ရွေးကောက်ပွဲမဲဆွယ်ကာလအတွင်း နိုင်ငံရေးပါတီများ၏ မဲဆွယ်မှုများတွင် အီးမေးလ်၊ SMS နှင့် တယ်လီဖုန်းအစရှိသည့် ဆက်သွယ်ရေးနည်းပညာများကိုအသုံးပြုခြင်း (၁ ရာခိုင်နှုန်း)၊ မီဒီယာတွေ့ဆုံမေးမြန်းမှု (၁ ရာခိုင်နှုန်း) နှင့် အခကြေးငွေပေး၍ ကြော်ငြာမှုမှာ (၁ ရာခိုင်နှုန်းအောက်) သာရှိကြောင်း ပါရှိသည်။

၂၀၁၅ ရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီများသည် အစဉ်အလာမဲဆွယ်မှုနည်းလမ်းများဖြစ်သည့် တရားဝင်ပုံနှိပ်ထားသည့် စာရွက်စာတမ်းများ ဖြန့်ဝေခြင်း (၂၇ ရာခိုင်နှုန်း)၊ ပိုစတာများချိတ်ဆွဲခြင်း (၂၂ရာခိုင်နှုန်း)နှင့် လူထုဟောပြောပွဲများပြုလုပ်ခြင်း (၂၂ရာခိုင်နှုန်း) ကို အများဆုံးအသုံးပြုကြသည်။ စီတန်းလှည့်လည်ခြင်း၊ အသံချဲ့စက်အသုံးပြုခြင်းနှင့် အိမ်တိုင်ရာရောက် သွားရောက်၍ မဲဆွယ်သည့် နည်းလမ်းများကို ဒုတိယအများဆုံး အသုံးပြုကြကြောင်းသိရသည်။

PACE အဖွဲ့မှ အမှုဆောင်ဒါရိုက်တာဖြစ်သူ ဦးစိုင်းရဲကျော်စွာမြင့်က “အိုင်တီမသုံးလို့ ရွေးကောက်ပွဲအပေါ် မှာ အကျိုးသက်ရောက်မှုကတော့ သိပ်မရှိလောက်ပါဘူး။ ကျွန်တော်တို့ကတော့ စိတ်ဝင်စားပါတယ်။ ဒီခေတ်မှာကိုယ်စားလှယ်လောင်းတွေအနေနဲ့ ဘယ်လိုနည်းတွေကိုသုံးပြီးတော့ မဲဆွယ်ကြသလဲဆိုတာကို ကျွန်တော်စိတ်ဝင်စားတယ်။ မဲဆန္ဒရှင်တွေဆီကို သူတို့ရဲ့အချက်အလက်တွေကို ဘယ်လိုရောက်အောင် ပေးသလဲဆိုတာကို ကျွန်တော်တို့စိတ်ဝင်စားတယ်။ ဘယ်လိုနည်းလမ်းတွေသုံးပြီးမဲဆွယ်တယ်ဆိုတာက စိတ်ဝင်စားဖို့ကောင်းတယ်။ တိုင်းပြည်ရဲ့ အခြေအနေနဲ့ အိုင်တီနည်းပညာတွေသုံးတာ စိတ်ဝင်စားဖို့ကောင်းတယ်။ ပါတီခေါင်းဆောင်တွေရဲ့ ရွေးကောက်ပွဲမဲဆွယ်ရာမှာ ပါဝင်မှုကလည်း စိတ်ဝင်စားဖို့ကောင်းတယ်”ဟုဆိုသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆွယ်စည်းရုံးခွင့်ကာလကို စက်တင်ဘာ ၈ ရက် နံနက် ၆ နာရီမှ နိုဝင်ဘာ ၆ ရက် ည ၁၂ နာရီအထိ ရက်ပေါင်း ၆၀ ခွင့်ပြုထားကြောင်း ဩဂုတ်လ ၁၇ ရက်က ထုတ်ပြန်ကြေညာထားသည်။

ယင်းထုတ်ပြန်ချက်တွင် လွှတ်တော်အသီးသီးအတွက် ရွေးကောက်ပွဲများကျင်းပရာတွင် ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတမှုရှိသော ရွေးကောက်ပွဲများဖြစ်စေရေးအတွက် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် မဲဆွယ်စည်းရုံးရာတွင် ထုတ်ပြန်ထားသောညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ထို့အပြင် ၂၀၁၅ ခုနှစ် ဇွန် ၂၆ ရက်က သဘောတူလက်မှတ်ရေးထိုးခဲ့ကြသော နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ် (Code of Conduct for political parties and candidates) ကို စောင့်ထိန်းလိုက်နာကြရန် လိုအပ်မည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

PACE အဖွဲ့သည် စက်တင်ဘာ ၈ ရက်မှ ၁၈ ရက်အတွင်း ကာလရှည်လေ့လာစောင့်ကြည့်သူ ၁၂၉ ဦးဖြင့် မြို့နယ်ပေါင်း ၁၂၉ မြို့၌ ရွေးကောက်ပွဲမဲဆွယ်မှုများကို လေ့လာစောင့်ကြည့်ခဲ့ခြင်းဖြစ်သည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ မဲရုံအရေအတွက် အချိုးအစားအလိုက် မြို့နယ် ၁၀၉ မြို့နယ်ကို ရွေးခဲ့ခြင်းဖြစ်ပြီး ကျန်မြို့နယ် ၂၀ ကိုမူ ထင်ပေါ်ကျော်ကြားသည့် နိုင်ငံရေးခေါင်းဆောင်များ ဝင်ရောက်ယှဉ်ပြိုင်သည့် နေရာများ၊ ယခင် ရွေးကောက်ပွဲများတွင် အငြင်းပွားမှုများ ဖြစ်ပွားခဲ့သည့် နေရာများ၊ ရွှေ့ပြောင်းလူဦးရေအများအပြား နေထိုင်သည့် နေရာများနှင့် ပဋိပက္ခ ဖြစ်ပွားလျက်ရှိသည့် နေရာများအား ရွေးချယ်ပြီး လေ့လာစောင့်ကြည့်ခဲ့ခြင်း ဖြစ်သည်။

PACE အဖွဲ့သည် မဲဆွယ်စည်းရုံးရေးနည်းနာများ၊ မဲဆွယ်စည်းရုံးခွင့် လျှောက်လွှာခွင့်ပြုမှု၊ လူထုဟောပြောပွဲများကျင်းပသည့်နေရာ၊ လူထုဟောပြောပွဲတွင် ဝေငှခဲ့သည့်ပစ္စည်းများ၊ မဲဆွယ်စည်းရုံးရေးဟောပြောမှုတွင် ပါဝင်ဟောပြောပေးသည့် ပုဂ္ဂိုလ်၊ ပုဂ္ဂိုလ်ရေးပတ်သက်သည့်ဟောပြောမှု သို့မဟုတ် လှုံ့ဆော်သည့်ဟောပြောမှုနှင့် မဲဆွယ်စည်းရုံးမှုအား ဝင်ရောက်နှောင့်ယှက်မှုတို့အား ခြောက်ပတ်ကြာ လေ့လာစောင့်ကြည့်ခဲ့ခြင်းဖြစ်သည်။

PACE အဖွဲ့မှ အမှုဆောင်ဒါရိုက်တာဖြစ်သူ ဦးစိုင်းရဲကျော်စွာမြင့်က “မဲဆွယ်တာကို ဝင်ရောက်နှောင့်ယှက်တာ ဘာသာရေးလူမျိုးရေး၊ ကျား-မရေးရာနဲ့ ပတ်သတ်ပြီး မှတ်ချက်ပေးတာတွေ ရှိနေတယ်။ ကျွန်တော်တို့ဘက်က ဒါတွေကြောင့် ရွေးကောက်ပွဲပဋိပက္ခအထိမဖြစ်အောင်ပါ။ ဖြစ်မယ်လို့ ကျွန်တော်တို့ ပြောတာမဟုတ်ပါဘူး။ ဒါတွေအပေါ် မှာအခြေခံပြီး ဖြစ်နိုင်ခြေရှိတော့ ဒါလေးတွေ ဖြစ်မလာအောင် ပါတီတွေအနေနဲ့ ကျင့်ဝတ်တွေနဲ့ အညီမဲဆွယ်ဖို့၊ ရွေးကောက်ပွဲကော်မရှင်ကလည်းဖွဲ့စည်းထားတဲ့ ကော်မတီတွေကို တကယ်ပဲ ထိထိရောက်ရောက်လုပ်နိုင်ဖို့ လိုပါတယ်”ဟု ၎င်းတို့အဖွဲ့မှ ခြောက်ပတ်ကြာလေ့လာစောင့်ကြည့်ပြီးနောက် တွေ့ရှိချက်များအပေါ် မူတည်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများသို့ အကြံပြုပြောကြားသည်။

၂၀၁၅ အထွေထွေရွေးကောက်ပွဲ ကျင်းပမည့်နေ့တွင် PACE အဖွဲ့သည် လေ့လာစောင့်ကြည့်သူစုစုပေါင်း ၂၀၀၀ ကို အသုံးပြုပြီး ရွေးကောက်ပွဲကျင်းပသည့် မြို့တိုင်းတွင် ရွေးကောက်ပွဲ၏ဖြစ်စဉ်ကို လေ့လာစောင့်ကြည့်မှု ပြုလုပ်သွားမည်ဖြစ်သည်။ လက်ရှိတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်တွင်းရွေးကောက်ပွဲ လေ့လာစောင့်ကြည့်မည့် အဖွဲ့ပေါင်း ကိုးဖွဲ့နှင့် ပြည်ပအဖွဲ့အစည်း လေးဖွဲ့ရှိနေသည်။

**(မြတ်သန္တာမောင်)**

# တောင်တရုတ်ပင်လယ်တွင်း ကျွန်းတုများအနီးမှ အမေရိကန်စစ်သင်္ဘော ဖြတ်သန်းမှု တရုတ်ကန့်ကွက်

**ပေကျင်း အောက်တိုဘာ ၂၇**

တောင်တရုတ်ပင်လယ်အတွင်း တရုတ်နိုင်ငံက တည်ဆောက်ခဲ့သော ကျွန်းတုများအနီးမှ အမေရိကန်စစ်သင်္ဘောတစ်စင်း ဖြတ်သန်းသွားခြင်း ကိစ္စနှင့် ပတ်သက်၍ တရုတ်အစိုးရအဖွဲ့က အပြင်းအထန် ကန့်ကွက်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

တောင်တရုတ်ပင်လယ်တွင်း ပိုင်နက်နယ်မြေ အငြင်းပွားနေသည့်ရေပြင်အတွင်းတည်ရှိသော ကျွန်းတုများ တစ်ဝိုက်ရှိ ရေမိုင် ၁၂ မိုင်အတွင်းသို့ အမေရိကန် စစ်သင်္ဘောတစ်စင်း ဝင်ရောက်လာခဲ့ကြောင်း၊ တရုတ် ရေတပ်က သတိပေးမှု ပြုလုပ်ခြင်းကိုလည်း အမေရိကန် စစ်သင်္ဘောက အလေးမူခြင်းမရှိခဲ့ကြောင်း တရုတ်နိုင်ငံခြား ရေးဝန်ကြီးဌာနက ပြောကြားသည်။

စူဘီ သန္တာကျောက်တန်းဒေသ၏ ရေမိုင် ၁၂ မိုင် အကွာအဝေးအတွင်းမှနေ၍ ယူအက်စ်အက်စ်လာဆန် အမည်ရှိ ပဲ့ထိန်းဒုံးတပ်ဖျက် သင်္ဘောတစ်စင်း ကင်းလှည့် မောင်းနှင်ခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



နိုင်ငံတကာဥပဒေနှင့်အညီ ပင်လယ်ရေကြောင်း ခရီးသွားလာမှု လွတ်လပ်ခွင့်ရှိရေးကို စမ်းသပ်သည့် အနေဖြင့် အမေရိကန်ရေတပ်မှ စစ်သင်္ဘောတစ်စင်း တရုတ်ကျွန်းတုများအနီးအပါးမှ ဖြတ်ကျော်မောင်းနှင်ခဲ့ သည်ဟု အမေရိကန်သတင်းရပ်ကွက်က ပြောကြားသည်။

မည်သည့်နိုင်ငံတစ်နိုင်ငံ၏ တမင်ရန်စလှုံ့ဆော်မှုကို မဆို ပြတ်ပြတ်သားသား တုံ့ပြန်သွားမည်ဟု တရုတ်နိုင်ငံ ခြားရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထား သည်။ သို့ရာတွင် အသေးစိတ်ဖော်ပြထားခြင်း မရှိပေ။

**ရိုက်တာ။**

# ပေကျင်းနှင့် ပါကစ္စတန် မြို့ကြီးနှစ်မြို့အကြား တိုက်ရိုက်လေကြောင်းခရီးစဉ် ပျံသန်းမှုစတင်

**ပေကျင်း အောက်တိုဘာ ၂၇**

အဲချိုင်းနား လေကြောင်းလိုင်းသည် အောက်တိုဘာ ၂၆ ရက်မှစ၍ တရုတ်နိုင်ငံမြို့တော် ပေကျင်းနှင့် ပါကစ္စတန်နိုင်ငံ မြို့တော်အစ္စလမ္မာဘတ်နှင့် အခြား မြို့ကြီးတစ်မြို့ဖြစ်သည့် ကာရာချိမြို့အကြား တိုက်ရိုက် လေကြောင်းပျံသန်းမှုကို စတင်လိုက်ပြီဖြစ်ကြောင်း၊ တရုတ်နှင့်ပါကစ္စတန်အကြား တိုက်ရိုက်လေယာဉ် ပျံသန်းမှုကို ပြည်တွင်းလေကြောင်းလိုင်းတစ်ခုက ပထမဆုံးအကြိမ် ပြုလုပ်ခြင်းဖြစ်ကြောင်း ယနေ့ဆင်ဟွာ သတင်းတွင် ဖော်ပြသည်။

ရက်သတ္တတစ်ပတ်၏ တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့ ညနေပိုင်းတွင် တရုတ်နိုင်ငံ ပေကျင်းမှ ပါကစ္စတန်နိုင်ငံမြို့တော် အစ္စလာမ္မာဘတ်သို့ ခရီးစဉ် ပျံသန်းပေးမည်ဖြစ်ပြီး ညပိုင်းအချိန်၌ အစ္စလာမ္မာဘတ်သို့ ဆိုက်ရောက်မည်ဖြစ်ကြောင်း၊ ကရာချိသို့ ပျံသန်းသည့် လေယာဉ်မှာ ညဥ့်သန်းခေါင်ယံတွင် ဆိုက်ရောက်မည် ဖြစ်ကြောင်း၊ ကရာချိမြို့မှ ပေကျင်းမြို့သို့ နောက်တစ်နေ့ နံနက်အစောပိုင်းတွင် လေကြောင်းခရီးစဉ် ပျံသန်းမည်ဖြစ် ကြောင်း သတင်းတွင် ဖော်ပြသည်။

၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်း၌ ပါကစ္စတန်နိုင်ငံ၌ အလုပ်လုပ်ကိုင်နေသည့် တရုတ်အလုပ်သမားဦးရေ ၈၀၀၀ နီးပါးရှိရာ တရုတ်နှင့် ပါကစ္စတန်နှစ်နိုင်ငံအကြား လေကြောင်းခရီးစဉ် ပျံသန်းမှုများ တိုးမြှင့်ပြုလုပ်ပေးရန် လိုအပ်လာခြင်းဖြစ်သည်။ အဲချိုင်းနား လေကြောင်းလိုင်း သည် ပေကျင်းမှ သီရိလင်္ကာနိုင်ငံမြို့တော် ကိုလံဘိုသို့ တိုက်ရိုက်လေယာဉ်ပျံသန်းခြင်းကို အောက်တိုဘာ ၂၇ ရက်တွင် စတင်ခဲ့သည်။

**ဆင်ဟွာ။**

# အမြဲတမ်းနေထိုင်မည့်ဒုက္ခသည်များ လက်ခံမည်မဟုတ်ဟုဆို

**မနီလာ အောက်တိုဘာ ၂၇**

ဩစတြေးလျနိုင်ငံကပေးပို့သည့် ဒုက္ခသည်များသည် မိမိတို့နိုင်ငံ၌ အမြဲတမ်းအခြေချနေထိုင်သွားမည်ဆိုပါက ၎င်းတို့ကို မိမိတို့ လက်ခံမည်မဟုတ်ကြောင်း ဖိလစ်ပိုင် သမ္မတ ဘီနစ်နိုအကွီနိုက အောက်တိုဘာ ၂၇ ရက်တွင် ပြောကြားလိုက်သည်။

ဒုက္ခသည်အချို့အား လက်ခံရန် ဩစတြေးလျနိုင်ငံ၏ အဆိုပြုချက်ကို မိမိအလေးထား လေ့လာသုံးသပ်ခဲ့ကြောင်း၊ ဒုက္ခသည်များအနေဖြင့် အခြားနိုင်ငံတစ်နိုင်ငံသို့ ဆက်လက်သွားရောက်ခြင်းမရှိမီ ဖိလစ်ပိုင်နိုင်ငံ၌ ခရီးတစ်ထောက်ဝင်ရောက် ရပ်နားခြင်းကိုသာ မိမိတို့ လက်ခံမည်ဖြစ်ကြောင်း သမ္မတ အကွီနိုက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံသည် ဩစတြေးလျနိုင်ငံထက် သိသိသာသာ လူဦးရေပိုများသည့် နိုင်ငံဖြစ်ကြောင်း၊ ယခုအချိန်တွင် မိမိတို့ ပြည်သူများ၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးရမည့် စိန်ခေါ်မှုများကို ရင်ဆိုင်နေရသဖြင့် အကန့်အသတ်ဖြင့်သာလျှင် အကူအညီပေးနိုင်မည်ဖြစ် ကြောင်း ၎င်းက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံသည် လူဦးရေ သန်း ၁၀၀ ခန့် နေထိုင်ရာ နိုင်ငံဖြစ်ပြီး လူဦးရေ၏ လေးပုံတစ်ပုံခန့်မှာ ဆင်းရဲသားပြည်သူများ ဖြစ်ကြသည်။ ဖိလစ်ပိုင်သို့ ဒုက္ခသည်များ ပေးပို့နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်ဟု ဩစတြေးလျအစိုးရအဖွဲ့က အောက်တို ဘာ ၉ ရက်တွင် ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံက ဖိလစ်ပိုင်နိုင်ငံအား ဩစတြေးလျ ဒေါ်လာသန်း ၁၅၀ (အမေရိကန်ဒေါ်လာ ၁၀၉ သန်း) ထောက်ပံ့ပေးမည်ဖြစ်ပြီး အပြန်အလှန်အားဖြင့် ဖိလစ်ပိုင်နိုင်ငံက ဒုက္ခသည်များကို လက်ခံကာ အခြေစိုက် နေထိုင်ခွင့်ပေးရန် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ သဘောတူညီချက်ရရှိသည်ဟု ဩစတြေးလျဒေးလီး တယ်လီဂရပ်ဖ်သတင်းစာက ရေးသားဖော်ပြခဲ့ပြီးနောက် ဖိလစ်ပိုင်သမ္မတက ၎င်း၏ သဘောထားရပ်တည်ချက်ကို ထုတ်ဖော်ပြောကြားခြင်းဖြစ်သည်။

**ရိုက်တာ။**

# ပလတ်စတစ်အရုပ်များအတွင်း သိုဝှက်သယ်ဆောင်လာသော မူးယစ်ဆေးဝါးများ နယူးဇီလန်ရဲတပ်ဖွဲ့ သိမ်းဆည်း

**ဝယ်လင်တန် အောက်တိုဘာ ၂၇**

တရုတ်နိုင်ငံမှတင်ပို့လာသည့် ထောင်ပေါင်းများစွာသော ပလတ်စတစ်အရုပ်များအတွင်း ဝှက်ထားသည့် ဒေါ်လာသန်းပေါင်းများစွာတန်ကြေးရှိ မူးယစ်ဆေးဝါးများကို နယူးဇီလန်အာဏာပိုင်များက ဖမ်းဆီးမိခဲ့ကြောင်း ရဲတပ်ဖွဲ့နှင့်အကောက်ခွန်အရာရှိများက အောက်တိုဘာ ၂၇ ရက်တွင် ပြောကြားသည်။

သင်္ဘောဖြင့်ပို့ဆောင်လာသော ကုန်သေတ္တာတစ်လုံးဖြင့်ရောက်ရှိလာသည့် အရုပ်များအတွင်း သိပ်ထည့်ထားသည့် မီသာဖက်တမင်းမူးယစ်ဆေးဝါးပြုလုပ်ရာတွင်သုံးသော နယူးဇီလန်ဒေါ်လာ ၁၀ သန်း (အမေရိကန်ဒေါ်လာ ၆ ဒသမ ၇၄ သန်း) တန်ကြေးရှိ အက်ဖီဒရိုင်းမူးယစ်ဆေးများတွေ့ရှိပြီးနောက် အသက် ၂၅ နှစ်ရှိ လူတစ်ဦးကို စွဲချက်တင်လိုက်သည်။ ဖမ်းဆီးမိသော အက်ဖီဒရိုင်းမူးယစ်ဆေးပမာဏမှာ မီသာဖက်တမင်း ၆၀ ကီလိုဂရမ်ကျော် ထုတ်လုပ်နိုင်စွမ်းရှိပြီး နယူးဇီလန်ဒေါ်လာ သန်း ၆၀ (အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၄၄ သန်း) တန်ကြေးရှိကြောင်း နယူးဇီလန်ရဲတပ်ဖွဲ့မှ စုံထောက်ချုပ် ဘရူဂွတ်က ပြောကြားသည်။

"ဒါဟာလူ့အသိုင်းအဝိုင်းအတွက် ဆိုးရွားလှတဲ့ အန္တရာယ်ဖြစ်စေနိုင်တဲ့ လုပ်ရပ်တစ်ခုပါ"ဟု ၎င်းက ထုတ်ပြန်ချက်တစ်ခုတွင်ဆိုသည်။ အကောက်ခွန်ဌာနအား တရားမဝင်မူးယစ်ဆေး ထုတ်လုပ်တင်သွင်းမှု လမ်းကြောင်းများကို ဟန့်တားပိတ်ဆို့ဖြတ်တောက်ရေးအပေါ် အလေးပေးဆောင်ရွက်စေခဲ့ကြောင်းနှင့် သင်္ဘောများ ဆိပ်ကမ်းမကပ်မီအချိန်ကတည်းကပင် စစ်ဆေးရေးစနစ်များစွာထားရှိကြောင်း အကောက်ခွန်ဌာနမှ တာဝန်ရှိသူ ဂျေမီဘမ်းဖို့ဒ်က ပြောကြားသည်။ အဆိုပါအမျိုးသားကို တရားမဝင်မူးယစ်ဆေးတင်သွင်းမှုဖြင့် တရားစွဲဆိုခဲ့ပြီး ယနေ့ အောက်ကလန်ခရိုင် တရားရုံးတွင် စစ်ဆေးမေးမြန်းမည်ဖြစ်ကြောင်းသိရသည်။

**ဆင်ဟွာ။**



# ၂၀၁၆ ခုနှစ် အိုလံပစ်အားကစားပွဲတော်တွင် စစ်ဘေးရှောင်အားကစားသမားများအား ပါဝင်ခွင့်ပြုမည်

**နယူးယောက် အောက်တိုဘာ ၂၇**

လာမည့်နှစ် အိုလံပစ်အားကစားပွဲတော်တွင် အရည်အချင်းပြည့်ဝသည့် စစ်ဘေးရှောင် ရွှေ့ပြောင်း အားကစားသမားများအား ပါဝင်ယှဉ်ပြိုင်ကစားခွင့်ပြုမည် ဖြစ်ကြောင်း နိုင်ငံတကာ အိုလံပစ်ကော်မတီအကြီးအကဲက ဆိုသည်။

စစ်ဘေးရှောင်ရွှေ့ပြောင်းအားကစားသမားများကို အိုလံပစ်အားကစားပြိုင်ပွဲများတွင် ပထမဆုံးအကြိမ်အဖြစ် ပါဝင်ယှဉ်ပြိုင်ကစားခွင့်ကို နိုင်ငံတကာအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ သောမက်စ်ဘတ်ချ်က ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်း ဖြစ်သည်။

အရည်အချင်းပြည့်ဝသော စစ်ဘေးရှောင်အားကစား သမားများအနေဖြင့် နိုင်ငံကိုယ်စားပြုရန်အခက်အခဲများ ရှိသဖြင့် ယခုအချိန်ထိတိုင် အိုလံပစ်အားကစားပွဲများတွင် ယင်းတို့အား ပါဝင်ယှဉ်ပြိုင်ခွင့်ပြုထားခြင်း မရှိသေးပေ။

၂၀၁၆ ခုနှစ်တွင် ကျင်းပမည့် အိုလံပစ်အားကစား ပွဲတော်တွင် အရည်အချင်းပြည့်ဝသော စစ်ဘေးရှောင် အားကစားသမားများကို ပါဝင်ယှဉ်ပြိုင်ခွင့်ပြုရန် နိုင်ငံတကာအိုလံပစ်ကော်မတီက ဆုံးဖြတ်လိုက်ပြီ ဖြစ်ကြောင်း ဥက္ကဋ္ဌ သောမက်စ်ဘတ်ချ်က ဆိုသည်။

ထိုသို့ အိုလံပစ်အားကစားပွဲများတွင် ယင်းတို့ကို ပါဝင်ယှဉ်ပြိုင်ခွင့်ပြုခြင်းသည် ကမ္ဘာတစ်ဝန်းရှိ စစ်ဘေး ရှောင်အားကစားသမားများအတွက် မျှော်လင့်ချက် အလင်းရောင်ဖြစ်သည့်အပြင် စစ်ဘေးရှောင်ပြည်သူများ အား ကမ္ဘာတစ်ဝန်းလုံးက ဥပေက္ခာမပြုထားကြောင်းလည်း ပေါ်လွင်စေသည်ဟု သောမက်စ်ဘတ်ချ်က ဆက်လက် ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

# သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်လေး(ဖိုးသောကြာ)အား ရွေးချယ်တင်မြှောက်

**ရန်ကုန် အောက်တိုဘာ ၂၇**

သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေများအရ အောက်တိုဘာ ၂၁ ရက်က ရွေးချယ်တင်မြှောက်ခဲ့သည့် သတင်းမီဒီယာကောင်စီဝင် ၂၄ ဦးထဲမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ ရွေးချယ်တင်မြှောက်ပွဲကို ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ရှိ Sky Star Hotel ၌ ကျင်းပသည်။

အဆိုပါ ရွေးချယ်တင်မြှောက်ပွဲတွင် ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်လေး(ဖိုးသောကြာ)၊ ဒုတိယဥက္ကဋ္ဌ(၁)ဦးဖေမြင့်၊ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာမျိုးသန့်တင်၊ အတွင်းရေးမှူးအဖြစ် ဦးသီဟစော၊ အတွင်းရေးမှူး(၁)ဒေါ်သင်းသင်းသာ၊ အတွင်းရေးမှူး(၂)ဦးကျော်စွာမင်း၊ စာရင်းစစ်အဖြစ် ဒေါက်တာမောင်မောင်စံနှင့် ဘဏ္ဍာရေးမှူးအဖြစ် ဦးမင်းဟန်တို့ကို ရွေးချယ်တင်မြှောက်ရေးအဖွဲ့နှင့် သတင်းမီဒီယာကောင်စီဝင်တို့က ဆန္ဒပြုရွေးချယ်တင်မြှောက်ခဲ့ကြသည်။

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) သည် သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေများအရ သတင်းမီဒီယာကောင်စီကို တာဝန်လွှဲပြောင်းပေးရန် အောက်တိုဘာ ၂၁ ရက်က သတင်းမီဒီယာကောင်စီဝင်များ ရွေးချယ်တင်မြှောက်ခြင်းအခမ်းအနားကို ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပခဲ့ပြီး သတင်းအေဂျင်စီများက အဆိုပြုသည့် ကိုယ်စားလှယ်များ၊ ပုံနှိပ်ထုတ်ဝေသူများနှင့် ဖြန့်ချိသူများက အဆိုပြုသည့်ကိုယ်စားလှယ်များ၊ စာရေးဆရာများက အဆိုပြုသည့် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာဂျာနယ်လစ်ကွန်ရက်၊ မြန်မာစာနယ်ဇင်းသမဂ္ဂနှင့် နိုင်ငံတကာမြန်မာ သတင်းဌာနများက အဆိုပြုသည့် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)က အဆိုပြုသည့် ကိုယ်စားလှယ်များ၊ သတင်းမီဒီယာအသင်းအဖွဲ့များမှ အဆိုပြုသည့် ကိုယ်စားလှယ်များ၊ လူမှုရေး၊ စီးပွားရေး၊ စာပေယဉ်ကျေးမှု၊ ဥပဒေရေးရာ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်သည့် လူထုအဖွဲ့အစည်းများက အဆိုပြုသည့်ကိုယ်စားလှယ်များ၊ နိုင်ငံတော်သမ္မတက အဆိုပြုသည့် ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပြုသည့် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပြုသည့် ကိုယ်စားလှယ်နှင့် တစ်ဦးချင်းကိုယ်စားလှယ်လောင်းများထဲမှ သတင်းမီဒီယာကောင်စီဝင် ၂၄ ဦးကို ရွေးချယ်တင်မြှောက်ရေးအဖွဲ့မှ ရွေးချယ်တင်မြှောက်ခဲ့သည်။

**(သတင်းစဉ်)**





# ပြည်ပနိုင်ငံရောက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးခြင်းဆိုင်ရာ သတင်းစာရှင်းလင်းပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၇**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ပြည်ပနိုင်ငံရောက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးခြင်းဆိုင်ရာ သတင်းစာရှင်းလင်းပွဲ အခမ်းအနားကို နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး သင်တန်းခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အတွင်းရေးမှူး ဦးတင်ထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဆွေ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် သတင်းမီဒီယာအဖွဲ့ ၃၂ ဖွဲ့မှ တာဝန်ရှိသူ ၆၄ ဦး တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူးက အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေသူများအနက် ကြိုတင်ဆန္ဒမဲပေးရန် ပုံစံ (၁၅)ဖြင့် တောင်းခံလာမှုအပေါ် ဆန္ဒမဲလက်မှတ်များအား ပြည်ပနိုင်ငံ ၃၇ နိုင်ငံရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ၄၄ ရုံးသို့ ပေးပို့ခဲ့မှု၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဆန္ဒပြုပြီး မဲလက်မှတ်များ ပြန်လည်ပေးပို့မှု အခြေအနေ၊ လျှောက်ထားလာသော ပုံစံ(၁၅)များအား စိစစ်ရာတွင် ပြည်တွင်းနေရပ်လိပ်စာ မပြည့်စုံခြင်းနှင့် ပြည်ပတွင် ရောက်ရှိနေသော လိပ်စာဖော်ပြရာ၌ နိုင်ငံမပါရှိခြင်းတို့ကြောင့် မဲလက်မှတ်များ ပေးပို့နိုင်ခြင်းမရှိခဲ့မှု၊ ပြည်တွင်း ပြည်ပလိပ်စာများ မပြည့်စုံသော်လည်း အချို့ကို ကော်မရှင်အနေဖြင့် မဲပေးခွင့်ရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့မှု၊ ပြည်ပနိုင်ငံများရှိ တက်ကြွလှုပ်ရှားသော အဖွဲ့များနှင့် ပူးပေါင်း၍ မဲမပေးခဲ့ရသော မဲဆန္ဒရှင်များ မဲပေးနိုင်ရေးအတွက် စင်ကာပူ၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံများသို့ ဆန္ဒမဲလက်မှတ်များ ထပ်မံပေးပို့ခဲ့မှုတို့အား ရှင်းလင်းပြောကြားသည်။

ယင်းနောက် သတင်းမီဒီယာအဖွဲ့များမှ မေးမြန်းသည့် နောက်ဆုံးအကြိမ် မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာခဲ့မှုနှင့် တောင်းဆို၊ ကန့်ကွက်၊ ပြင်ဆင်မှုများအား ဆောင်ရွက်ခဲ့မှု၊ မဲဆန္ဒရှင် သက်သေခံလက်မှတ်ထုတ်ပေးမည့် အခြေအနေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းတင်သွင်းမှု အခြေအနေ၊ မဲဆွယ်စည်းရုံးရာတွင် အငြင်းပွားမှုများအား ဖြေရှင်းဆောင်ရွက်မှု၊ မဲပေးရာတွင် အချိန်လုံလောက်မှုရှိစေရန် ဆောင်ရွက်ထားရှိမှု၊ ရွေးကောက်ပွဲဆိုင်ရာ ဘတ်ဂျက်သုံးစွဲမှု၊ နိုင်ငံတကာ အဖွဲ့အစည်းများမှ ငွေကြေးနှင့် အထောက်အကူပြုပစ္စည်းများထောက်ပံ့မှု၊ မဲရေတွက်မှုစနစ်၊ မဲရုံလုံခြုံရေး စီမံဆောင်ရွက်ထားရှိမှု၊ ကိုကိုးကျွန်းမြို့နယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးခွင့်ရရှိရေး ဆောင်ရွက်ခဲ့မှုနှင့် ရွေးကောက်ပွဲရလဒ်အား ထုတ်ပြန်ကြေညာမည့် အခြေအနေတို့ကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ❍ ကမ္ဘာ့ဝင်ငွေအများဆုံးမှ

ကာလအတွင်း ကမ္ဘာ့အချမ်းသာဆုံးကလပ်အသင်းဖြစ်လာလိမ့်မည်ဟုလည်း ဆိုသည်။ လာမည့်နှစ်တွင် ဝင်ငွေပေါင်သန်း ၅၀၀ အထိ ဝင်ငွေရရှိလာလိမ့်မည်ဟုလည်း ခန့်မှန်းထားသည်။

မန်ယူအသင်းသည် လွန်ခဲ့သည့် ၁၀ နှစ်တာကာလအတွင်းက ဖောဘိစ်က ထုတ်ပြန်ခဲ့သည့် နှစ်စဉ်ကမ္ဘာ့အချမ်းသာဆုံး ကလပ်အသင်းများစာရင်းတွင် ထိပ်ဆုံးမှ ရပ်တည်ခဲ့သည့်အသင်းဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘောလုံးရာသီတွင် ထိပ်ဆုံးသို့ ပြန်လည်ရောက်ရှိလာမည်ဟုလည်း ခန့်မှန်းထားကြသည်။

ယခုနှစ် ဖောဘိစ်မဂ္ဂဇင်း၏ နှစ်စဉ်ထုတ်ပြန်ချက်အရ ရီးယဲလ်မက်ဒရစ်အသင်းသည် ပေါင် ၂ ဒသမ ၁၇ ဘီလီယံဖြင့် အဆင့်(၁)၊ ဘာစီလိုနာအသင်းသည် ပေါင် ၂ ဒသမ ၁ ဘီလီယံဖြင့် အဆင့်(၂)၊ မန်ယူအသင်းသည် ပေါင် ၂ ဒသမ ဝ၃ ဘီလီယံဖြင့် အဆင့်(၃)၊ ဘိုင်ယန်မြူးနစ်အသင်းသည် ပေါင် ၁ ဒသမ ၅၁ ဘီလီယံဖြင့် အဆင့်(၄)၊ မန်စီးတီးအသင်းသည် ပေါင်သန်း ၉၁၀ ဖြင့် အဆင့်(၅)၊ ချယ်လ်ဆီးအသင်းသည် ပေါင်သန်း ၉၀၀ ဖြင့် အဆင့်(၆)၊ အာဆင်နယ်အသင်းသည် ပေါင်သန်း ၈၅၀ ဖြင့် အဆင့်(၇)၊ လီဗာပူးအသင်းသည် ပေါင် ၆၄၆ သန်းဖြင့် အဆင့်(၈)၊ ဂျူဗင်တပ်အသင်းသည် ပေါင်သန်း ၅၅၀ ဖြင့် အဆင့်(၉)၊ အေစီမီလန်အသင်းသည် ပေါင်သန်း ၅၁၀ ဖြင့် အဆင့်(၁၀) စသည်ဖြင့် အသီးသီးရပ်တည်လျက်ရှိကြောင်း သိရသည်။

## ❂ မြန်မာယူ-၂၁ မှ

ရလဒ်ပိုင်းထက် ကစားသမားများ၏ ခြေစွမ်းပိုင်းကို အဓိကထားစမ်းသပ်ခဲ့ခြင်း ဖြစ်သည်။

ယူ-၂၁ အသင်းမှာ ဘုန်းသစ္စာမင်း(ဂိုး)၊ နန်းဝေမင်း၊ သိန်းဇော်၊ ရဲရင့်အောင်၊ မျိုးကိုထွန်း၊ ရန်နိုင်ဦး၊ သန်းပိုင်၊ အောင်ဇင်ဖြိုး စသည့် ကစားသမားများဖြင့် ပွဲထွက်ခဲ့ပြီး သီဟထက်အောင်၊ မောင်မောင်လွင်၊ ကျော်ဇေယျ စသည့် ကစားသမားများကို လူစားလဲခဲ့သည်။ ယခုပွဲကို မိနစ် ၃၀ သုံးပိုင်းခွဲကာ ယှဉ်ပြိုင်ကစားခဲ့ပြီး ပထမပိုင်းတွင် ဂိုးမရှိ သရေကျနေသည်။ ဒုတိယပိုင်းတွင် မြန်မာယူ-၂၁ အသင်း တိုက်စစ်ကစားပုံ ပိုကောင်းလာပြီး ၄၇ မိနစ်တွင် ကျော်ဇေယျက ပြစ်ဒဏ်ဘောမှတစ်ဆင့် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ တတိယပိုင်းတွင် ရန်ကုန်အသင်း ကစားပုံပိုကောင်းလာပြီး ယူ-၂၁ အသင်းဘက်သို့ ဖိအားပေးလာနိုင်သည်။ ၇၄ မိနစ်တွင် သီဟဇော်၏အဝေးကန်ချက်ဖြင့် ရန်ကုန်အသင်း ချေပဂိုးပြန်ရခဲ့ပြီး အနိုင်ဂိုးကို ၈၂ မိနစ်တွင် အောင်ကျော်ထွေးက သွင်းယူခဲ့သည်။ မြန်မာ ယူ-၂၁ အသင်းကို ပဏာမ ၂၆ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့သော်လည်း ကစားသမားအချို့ အပြောင်းအလဲပြုလုပ်ထားသည်။



# နောင်ချိုမြို့နယ်အတွင်း ကျေးလက်အိမ်ရာ ဆောက်လုပ်

**နောင်ချို အောက်တိုဘာ ၂၇**

ဆင်းရဲမှုလျှော့ချရေးစီမံချက်တစ်ရပ်အဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် နောင်ချိုမြို့နယ်အတွင်းရှိ အနောက်ကြူအင်းကျေးရွာနှင့် သိမ်ကုန်းကျေးရွာတို့၌ ကျေးလက်အိမ်ရာဆောက်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

အဆိုပါကျေးရွာများတွင် အကောင်အထည်ဖော်လျက်ရှိသော ကျေးလက်အိမ်ရာဆောက်လုပ်ပြီးစီးမှုအခြေအနေများကို အောက်တိုဘာ ၂၀ ရက်မှစတင်၍ နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်ထွန်းနှင့် ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(သီပေါကိုလတ်)**

# နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၂၇**

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ကြို့ပင်ကောက်မြို့တွင် သုည ဒသမ ၃၉ လက်မ၊ သံတွဲမြို့တွင် သုည ဒသမ ၃၅ လက်မ၊ ငါးသိုင်းချောင်းမြို့တွင် သုည ဒသမ ၃၂ လက်မနှင့် ကော့သောင်းမြို့တွင် သုည ဒသမ ၂၇ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# ရေဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး-Build Back Better

ဇော်ဦး

သဘာဝဘေးအန္တရာယ်ဆိုသည်မှာ အနိဋ္ဌာရုံတစ်ရပ်ဖြစ်သည်။ မမျှော်လင့်ဘဲ သေကျေပျက်စီးဆုံးရှုံးမှုများ ကြီးမားစွာဖြစ်လာရသဖြင့် အစိုးမရသင်္ခါရသဘောလည်းဆောင်သည်။ ရှေးယခင်ကသဘာဝဘေးကို ကပ်ဆိုက်သည့်သဖွယ် ကံကြမ္မာကိုရိုးမယ်ဖွဲ့ခဲ့သည်။ ယနေ့ကမ္ဘာတွင် ဥတုရာသီဖောက်ပြန်မှုကြောင့် သဘာဝဘေးအန္တရာယ်များ ခပ်စိတ်စိတ်ဖြစ်လာရသည့်အခါ ကံကိုအပြစ်ပုံချ၍ မရတော့၊ သင်္ခါရတရားဟု စိတ်အားဖြေသိမ့်၍လည်း မဖြစ်တော့။ ဘေးဖြစ်စေသည်မှာသဘာဝကြောင့်ဟူ၍ပင် ပြော၍မရတော့ချေ။ ဥတုရာသီဖောက်ပြန်မှုများသည် ဘယ်သူမပြု မိမိမှု ဆိုသကဲ့သို့ လူကလုပ်သည့် ဘေးတစ်ရပ်ဟု ပညာရှင်များက ထောက်ပြလာသည်။ ထိုအခါ လာမည့်ဘေးပြေးတွေ့နိုင်ရန် ကြိုတင်ကာကွယ်နိုင်စွမ်းရှိရေးသည် အရေးကြီးလာသည်။ ဘေးလွန်ကာလ ပြန်လည်ထူထောင်ရေးတွင် ဘေးမသင့်ခင်အခြေအနေထိ ပြန်လည်ရောက်ရှိအောင် တည်ဆောက်ပေးမည်ဟု လွယ်လွယ်တွေး၍ စီစဉ်ပေးလိုက်ရုံဖြင့် မပြီးတော့။ မူလအခြေအနေထက် ပိုမိုကောင်းမွန်စွာ တည်ဆောက်ကြပါစို့ Build Back Better (3B) ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ထား၍ ပြန်လည်ထူထောင်ရေးကိုဆောင်ရွက်ရန် လိုအပ်လာပါသည်။

ဘေးအန္တရာယ်သည် ဝမ်းနည်းကြေကွဲဖွယ် ဖြစ်ရပ်များ၏ အကြောင်းတရားဖြစ်သော်လည်း ကျွန်တော်တို့သည် ပိုမိုကောင်းမွန်စွာ ပြန်လည်တည်ဆောက်ခွင့်ရစေမည့် အကျိုးတရားကို ဖော်ထုတ်ရမည်ဖြစ်သည်။ ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနစ်နာမှုများ ဆက်တိုက်တွေ့ကြုံနိုင်မည့် ရှေ့ခရီးကြမ်းထဲမှ အကောင်းဆုံးအခွင့်အလမ်းများကို ရယူနိုင်ရမည်ဖြစ်သည်။ ထိုသို့ဆိုလျှင် ဘေးအန္တရာယ်ကြားမှ မြန်မာနိုင်ငံသည် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်၏ အနာဂတ်ကို ရှေးရှု၍ စနစ်တကျရေးဆွဲရန် လိုအပ်လာပေသည်။ ဘေးလွန်ကာလ ပြန်လည်ထူထောင်ရေးသည် မပြီးဆုံးသေးသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအတွက် တွန်းအားဖြစ်ချေမည်။ အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် ခွန်အားဖြစ်ချေမည်။ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးမျက်နှာစာအတွက် ဆွဲအားဖြစ်ချေမည်။

မြန်မာနိုင်ငံတွင် ပြီးခဲ့သည့် လေးလတာအတွင်း ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများနှင့် မြေပြိုကမ်းပြိုမှုများကြောင့် တိုင်းနှင့် ပြည်နယ် ၁၄ ခုစလုံးတွင် ထိခိုက်ပျက်စီးမှုများ ကြီးစွာဖြစ်ခဲ့သည်။ လူဦးရေစုစုပေါင်း ၁ ဒသမ ၆ သန်းကျော် တိုက်ရိုက်ဘေးသင့်ခံရသည့်အပြင် ဆက်စပ်နေသော ပြည်သူသန်းပေါင်းများစွာ လူမှုစီးပွားဘဝဆုံးရှုံးနစ်နာခဲ့ရသည်။ ဘေးသင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများ ကျပ်သန်းပေါင်း ၃၀၀ ဘီလီယံခန့်ရှိမည်ဟု အစိုးရဌာနများက စုစည်းခန့်မှန်းခဲ့သည်။ ပြန်လည်ထူထောင်ရေးကို အနာဂတ်တွင်ဖြစ်လာနိုင်သေးသော ဘေးများကို ကြံ့ကြံ့ခိုင်နိုင်စွမ်းရှိသည်အထိ ပိုမိုကောင်းမွန်စွာ တည်ဆောက်ရမည်ဆိုပါက ပိုမိုရင်းနှီးမြှုပ်နှံရမည် ဖြစ်ပါသည်။

အထက်ပါ ခန့်မှန်းချက်များအရဆိုရလျှင် ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလိုအပ်ချက်မှာ အတိုင်းအဆ ကြီးမားလှပေသည်။ ပြည်တွင်းအလှူရှင်များကလည်း နေရာအနှံ့ဖြစ်ပွားခဲ့သော ဘေးဒုက္ခများစွာအတွက် တတ်အားသရွေ့ တာဝန်ကျေခဲ့ပြီဖြစ်သည်။ ပြန်လည်ထူထောင်ရေးကို အလှူရေစက်ဖြင့် ရေရှည်အတွက် ဖြည့်ဆည်းရန် မလွယ်လှ။ နိုင်ငံတကာအဖွဲ့အစည်းများ၏ လူသားခြင်းစာနာထောက်ထားသည့် အကူအညီမှာလည်း ယာယီသာပံ့ပိုးနိုင်မည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ရှိ အရင်းအမြစ်များကိုသော်လည်းကောင်း၊ နိုင်ငံတကာမှ ထောက်ပံ့လာမည့် အကူအညီများကိုသော်လည်းကောင်း ဦးစားပေးအလိုက် သတ်မှတ်ခွဲဝေ၍ ထောက်ပံ့နိုင်ရန် အရေးကြီးလာပါသည်။ ထို့ကြောင့် ပြန်လည်ထူထောင်ရေး စီမံကိန်းတစ်ရပ်ကို စနစ်တကျဖော်ထုတ်ရန် လိုအပ်လာပါသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာ့ဘဏ်၊ ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ၊ ဂျပန်နှင့် အခြားနိုင်ငံတကာ မိတ်ဖက်များ၏အကူအညီဖြင့် ရေကြီးမြေပြိုလွန်ကာလ လိုအပ်ချက်များဆန်းစစ်မှု (Post Flood and Landslides Assessment) တစ်ရပ်ကို စက်တင်ဘာ ၂၄ ရက်မှ စတင်၍ ပျက်စီးဆုံးရှုံးမှု အချက်အလက်များကို အသေးစိတ်လေ့လာသုံးသပ်ခဲ့ပါသည်။ နိုင်ငံတကာ ပညာရှင် သုံးဆယ်ခန့်သည် ဝန်ကြီးဌာနအသီးသီးမှ ပညာရှင်များနှင့် နေ့မအား ညမအား စူးစိုက်ဆန်းစစ်ခဲ့ကြသည်။ နိုင်ငံတော်သမ္မတ၏ အကြံပေး ဒေါက်တာရင်ရင်နွယ် ဦးဆောင်၍ အာရှဆူနာမီ၊ နာဂစ်မုန်တိုင်းနှင့် တရုတ်ရေဘေးတို့တွင် အတွေ့အကြုံများစွာ ရှိခဲ့သည့် မြန်မာပညာရှင်များကလည်း နာရီများစွာအစည်းအဝေးအကြိမ်ကြိမ် ရှုထောင့်စုံစုံလင်လင် ကြားနာပြီး အကြံပြုခဲ့ပါသည်။ အဆုံးသတ်အစီရင်ခံစာ အပြည့်အစုံမှာမူ လာမည့်နိုဝင်ဘာလတွင် ထွက်ရှိလာမည်ဖြစ်သည်။





**ဆန်းစစ်တွေ့ရှိချက်-**
**ဘေးသင့်ဒေသများရှိ ထိခိုက်ပျက်စီးမှုများကို သုံးသပ်၍ နောက်ဆက်တွဲအကျိုးဆက်များကြောင့် စီးပွားကုန်ထုတ် ဆုံးရှုံးမှုများကို ခန့်မှန်းရပါက အဆပေါင်းများစွာ ပိုနေမည်ဟု သိရှိရ။**

ထိုအစီရင်ခံစာ၏ ကနဦးတွေ့ရှိချက်များအရ မြန်မာနိုင်ငံတွင် ရေကြီးမြေပြိုမှုများကြောင့် ပျက်စီးမှုများ (Damages) အပြင် ယင်းထက်အဆများစွာ ကြီးမားသည့် စီးပွားရေးထိခိုက်ဆုံးရှုံးမှုများ (Losses) ဖြစ်နိုင်မည်ဟု ခန့်မှန်းရသည်။ ဆုံးရှုံးမှုများ၏ ထက်ဝက်ကျော်သည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဖြစ်ပြီး အိုးအိမ်ပျက်စီးမှုသည် လေးပုံတစ်ပုံအထိ ရှိခဲ့သည်။ ဆုံးရှုံးမှုအများဆုံးမှာ စစ်ကိုင်း၊ ရောဝတီနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင်ဖြစ်ခဲ့သည်။ လူတစ်ဦးချင်းစီ၏ ဆုံးရှုံးမှုပမာဏကိုချိန်ဆကြည့်ပါမူ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းနှင့် ရခိုင်ပြည်နယ်တို့တွင် အများဆုံးဖြစ်သည်။ တစ်ဦးချင်းဝင်ငွေ အနိမ့်ဆုံးဖြစ်သော ချင်းပြည်နယ်အတွက် ယင်းဆုံးရှုံးမှုမှာ ဝန်ကြီးလှသည်။ ပြည်နယ်၏ ကုန်ထုတ်လုပ်တန်ဖိုး ဂျီဒီပီ၏ ၁၄ ရာခိုင်နှုန်းအထိဖြစ်ခဲ့သည်။


နိုင်ငံအဆင့် မက်ခရိုစီးပွားရေး (Macroeconomics) ရှုထောင့်အရကြည့်လျှင် ရေကြီးမြေပြိုမှုများကြောင့် လာမည့်နှစ်တွင် ဆုံးရှုံးသွားမည့် ကုန်ထုတ်လုပ်မှုပမာဏ ခန့်မှန်းချေမှာ ၂၀၁၄-၂၀၁၅ ခုနှစ် ဂျီဒီပီ၏ သုံးရာခိုင်နှုန်းခန့် ရှိနိုင်သည်။ မကြာသေးမီက ကမ္ဘာ့ဘဏ်က ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် ဂျီဒီပီတိုးတက်မှုနှုန်း ၁ ဒသမ ၈ ရာခိုင်နှုန်းခန့် လျော့သွားနိုင်မည်ဟု ခန့်မှန်းထားသည်။ စိုက်ပျိုးပို့ကုန်များလည်း ကျဆင်းလာရာ ကုန်သွယ်မှုလိုငွေ ကြီးမားလာနိုင်ပြီး ငွေလဲနှုန်းမတည်ငြိမ်မှုအတွက် စိန်ခေါ်မှုအသစ်ဖြစ်လာနိုင်သည်။ ယင်းမှာ အနာဂတ်စီးပွားရေးအတွက် စိုးရိမ်ဖွယ်ရာပြဿနာများ ဖြစ်ပေသည်။ သို့သော် ကျွန်တော်တို့တွင် ပြန်လည်ထူထောင်ရေးအတွက် တိကျသောအဖြေရှိပြီဖြစ်၍ တွေးပူနေရန်မလို၊ စွပ်စွဲအပြစ်လွှဲရန်လည်းမလို၊ တာဝန်ယူမှု တာဝန်ခံမှုဖြင့် လုပ်ငန်းအမြန် စတင်ရန်သာလိုပါသည်။

ရေကြီးရေလျှံမှုနှင့် မြေပြိုလွန်ကာလ လိုအပ်ချက်များကို ဆန်းစစ်လေ့လာချက် (PFLNA) သည် ပြဿနာများကို ဂဃနဏ သုံးသပ်ထားသလို အဖြေရရေးအတွက်လည်း စနစ်တကျတင်ပြထားသည်။ ယခုကဲ့သို့ ပြဿနာ၏ အတိုင်းအဆနှင့် အတိမ်အနက်ကို သိရှိရုံတင်မက ပြဿနာ၏ ဇာစ်မြစ်ကိုပါ နားလည်လာသောအခါ ပြဿနာအတွက် အဖြေဖြစ်သော မဟာဗျူဟာနှင့် နည်းဗျူဟာများကို စနစ်တကျဖော်ထုတ်နိုင်ပြီး မိမိနိုင်ငံအတွင်းရှိ အရင်းအမြစ်များကိုလည်း ပြန်လည်ထူထောင်ရေးအတွက် ကောင်းမွန်စွာ စီမံခန့်ခွဲအသုံးပြုနိုင်မည်ဖြစ်သည်။ နိုင်ငံတကာအတွေ့အကြုံကောင်းများနှင့် စံများကိုအခြေခံလျက် အဓိကဦးစားပေးရမည့်ကိစ္စရပ်များလည်း တစ်ပါတည်းဆောင်ရွက်နိုင်မည်ဖြစ်သည်။ ယခုအခါ ဤဆန်းစစ်ချက်ကိုအခြေခံ၍ အစိုးရဌာနနှင့် ဒေသန္တရအဖွဲ့အစည်းအသီးသီးက ပြန်လည်ထူထောင်ရေးစီမံကိန်းတစ်ရပ်အား ပူးပေါင်းရေးဆွဲရန် စီစဉ်လျက်ရှိပါသည်။


အဆိုပါစီမံကိန်းတွင် ပါဝင်စဉ်းစားသင့်သော ဦးစားပေးနယ်ပယ်များ၊ အရင်းအမြစ် ဘတ်ဂျက်စုစည်းရေးမဟာဗျူဟာများ၊ အရှေ့အနောက် အကျိုးအကြောင်းညီညွတ်စွာ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ဒေသနှင့်ကဏ္ဍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ရလဒ်ဖော်ဆောင်ရေးဆိုင်ရာ လုပ်ငန်းစုဖွဲ့မှုများကို အသေးစိတ်ထည့်သွင်းရေးဆွဲသွားမည်ဖြစ်သည်။ ထို့နောက် ဌာနအလိုက်နှင့် ဒေသအလိုက် အသေးစိတ်အကောင်အထည်ဖော်ရမည့် လုပ်ငန်းစီမံချက်များနှင့် ဘတ်ဂျက်ကိုပါ တွက်ချက်ဖော်ထုတ်သွားမည်ဖြစ်သည်။ ပြီးခဲ့သည့် စက်တင်ဘာလမှစ၍ ပြန်လည်ထူထောင်ရေးဖိုရမ်များ ကျင်းပလျက် အရပ်ဘက်နှင့် **စာမျက်နှာ ၇ ကော်လံ ၁ သို့**




မြန်မာနိုင်ငံတစ်ဝန်းရေဘေးသင့်ခဲ့ပုံ-
ပိုမိုနက်ပြာသောဒေသများတွင်
ဆုံးရှုံးနစ်နာမှုကြီးခဲ့။




**လတ်တလောဖြစ်ပွားခဲ့ရသော ရေကြီးရေလျှံ မြေပြိုကမ်းပြို အခြေအနေများ၏ ဇာစ်မြစ်ကို နှစ်ပေါင်းသုံးဆယ်အတွင်း တိုင်းတာမှတ်သားရသည့် မိုးရေချိန် မြစ်ရေချိန်များနှင့် နှိုင်းယှဉ်တွက်ချက်သောအခါ အဆိုးဆုံးဖြစ်လာသည့်နှစ်ဟု သိရှိရ။**









**လတ်တလောဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံ မြေပြိုကမ်းပြိုမှုများသည် ပုံမှန်မဟုတ်ပါ- အနှစ်သုံးဆယ်အတွင်း အဆိုးဆုံးဖြစ်ပါသည်။**

ပြည်တွင်းရေးရာ

**ဆုံးရှုံးမှုအကျိုးဆက် ဆန်းစစ်ချက်နှင့် ဦးစားပေးစဉ်းစားချက်များကို စနစ်တကျ ဘက်လိုက်မှုမရှိဘဲ သုံးသပ်ရန် အရေးကြီးပါသည်။**




**ဒေသအလိုက် လူတစ်ဦးချင်းစီ၏ ပျက်စီးဆုံးရှုံးမှုတန်ဖိုးများကို ယင်းဒေသများရှိ လူတစ်ဦးချင်းစီ၏ ဝင်ငွေနှင့် နှိုင်းယှဉ်ကြည့်ပါက ချင်းပြည်နယ်သည် ဝင်ငွေလည်းနည်း ဆုံးရှုံးမှုလည်း အများဆုံး ဖြစ်နေပါသည်။ စစ်ကိုင်း၊ ရခိုင်နှင့် ဧရာဝတီတို့ရှိ ဘေးသင့်ပြည်သူများအတွက်လည်း ပျက်စီးဆုံးရှုံးမှုပမာဏသည် ဝင်ငွေနှင့် နှိုင်းယှဉ်ပါက များပြားနေပါသည်။ ယင်းမှာ ပြန်လည်ထူထောင်ရေးစီမံကိန်းများအတွက် ဦးစားပေးသတ်မှတ်ချက်များ စဉ်းစားရန်အတွက် အခြေခံရမည့် ကိန်းဂဏန်းများ ဖြစ်ချေသည်။**

❒ စာမျက်နှာ ၆ မှ

ပုဂ္ဂလိကအဖွဲ့အစည်းများထံမှ အမြင်နှင့် အကြံဉာဏ်များကိုပါ ရယူဖြည့်စွက်ခဲ့ပြီးဖြစ်သည်။ အများပါဝင်ဆွေးနွေးနိုင်မည့် စီမံကိန်းတစ်ရပ်ဖြစ်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ဘေးလွန်ကာလ ပြန်လည်ထူထောင်ရေးစီမံကိန်းများတွင် ကြုံတွေ့ရလေ့ရှိသည့် ငါးပွက်ရာငါးစာချခြင်း၊ မျက်နှာကြီးရာ ဟင်းဖတ်ပါခြင်း၊ ဆန်စင်ရာကျည်ပွေ့လိုက်ခြင်း စသည့် စီမံခန့်ခွဲရေးလစ်ဟာမှုများကိုလည်း ရှောင်ရှားနိုင်မည်ဖြစ်သည်။

ပြန်လည်ထူထောင်ရေးစီမံကိန်းတွင် အဓိကချမှတ်ရမည့်ရည်ရွယ်ချက်မှာ ဘေးအန္တရာယ်ဖြစ်ပွားစေသော အကြောင်းအရင်းများကို စနစ်တကျ ဖော်ထုတ်လျက် အနာဂတ်ကာလ ဘေးအန္တရာယ်ဖြစ်ပွားမှုကို ကြိုတင်ကာကွယ်ပေးနိုင်သည့် လုပ်ငန်းစဉ်များအား စတင်ပြင်ဆင်နိုင်ရန်ဖြစ်သည်။ ရပ်ရွာ၊ ဒေသများအတွင်း ထိလွယ်ရှလွယ် အားနည်းမှုများကို ဖြည့်ဆည်းနိုင်ရန် လည်းနည်းလမ်းကောင်းများ ရှာဖွေထားရမည်ဖြစ်သည်။ တာဝန်ခံဆောင်ရွက်ရမည့် စုဖွဲ့မှုအသစ်များရှိရန် လိုအပ်သကဲ့သို့ ဌာနနှင့် ဒေသအဖွဲ့အစည်းအသီးသီး၏ ရှေ့စီမံကိန်းများတွင်လည်း ဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ်များကို ပုံမှန်လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ထည့်သွင်းရေးဆွဲရန် လိုအပ်ပါသည်။

ထို့ပြင် ပြန်လည်ထူထောင်ရေးစီမံကိန်းသည် နိုင်ငံတော်၏ ဆောင်ရွက်ဆဲ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကိုလည်း အပြီးသတ် ဆက်လက်ဆောင်ရွက်နိုင်ရန် ဦးစားပေးဖော်ထုတ်သင့်ပေသည်။ ဘေးလွန်ကာလ အခြေအနေများသည် အပျက်အစီးဆုံးရှုံးမှုများအား ပြန်လည်တည်ဆောက်ရခြင်း၊ ပြတ်တောက်သွားသော လူမှုစီးပွားကွန်ရက်များကို ချိတ်ဆက်ပေးရခြင်း၊ အနာဂတ်ဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ရခြင်းစသည့် ဝိသေသ လက္ခဏာများရှိနေရာ၊ ယင်းအခြင်းအရာများသည် ပဋိပက္ခလွန် အခြေအနေများနှင့်လည်း တူညီနေပါသည်။ ထို့ကြောင့် ဘေးလွန်ကာလ ပြန်လည်ထူထောင်ရေးဆိုင်ရာ အတွေ့အကြုံများသည် ပဋိပက္ခလွန်ကာလ ပြန်လည်တည်ဆောက်ရေးဆိုင်ရာအနာဂတ်လိုအပ်ချက်များအတွက် များစွာအထောက်အကူပြုနိုင်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် ဘေးလွန်ကာလ ပြန်လည်ထူထောင်ရေးစီမံကိန်းများသည် ဘေးသင့်ပြည်သူများ၏ ကြေကွဲဝမ်းနည်းဖွယ်ရာ လူမှုဘဝဆုံးရှုံးမှုများကို ပြန်လည်ဖြည့်ဆည်းပေးနိုင်ရုံသက်သက်မျှ မဟုတ်ပေ။ ပြည်သူများစွာတို့၏ အနာဂတ်ဘဝများကို ပိုမိုကောင်းမွန်စွာ တည်ဆောက်နိုင်ရန်အထိ ကြိုးစားသင့်ပါသည်။ ထိုသို့ ပိုမိုကောင်းမွန်စွာ တည်ဆောက်နိုင်ခဲ့ကြသော နိုင်ငံများ စွာရှိသကဲ့သို့ ပြန်လည်ထူထောင်ရေးကာလအတွင်း ဘေးပယောဂများကြောင့် စည်းလုံးမှုပြိုကွဲခဲ့သည့် သာဓကများလည်းရှိခဲ့ပါသည်။

၂၀၀၆ ခုနှစ် လူသန်းပေါင်းများစွာ သေကျေပျက်စီးခဲ့သည့် အာရှဆူနာမီကြောင့် တစ်ဒေသလုံး ပြားပြားဝပ်ပျက်စီးခဲ့သည့် အာချေးဒေသတွင် ပြန်လည်ထူထောင်ရေးစီမံကိန်းကြောင့် နှစ်ပေါင်းများစွာပဋိပက္ခဖြစ်ပွားခဲ့ရသော အင်ဒိုနီးရှားဗဟိုအစိုးရနှင့် ခွဲထွက်ရေးအဖွဲ့အကြား ငြိမ်းချမ်းရေးသဘောတူစာချုပ် ရေးထိုးနိုင်ခဲ့ပါသည်။ ယခုအခါ အာချေးဒေသသည် အင်ဒိုနီးရှားနိုင်ငံ၏ ခေတ်မီအတိုးတက်ဆုံး ငြိမ်းချမ်းသာယာဝပြောသည့် ဒေသတစ်ခုဖြစ်ခဲ့ပါသည်။ တိုင်ဖုန်းမုန်တိုင်းများစွာ ဘေးသင့်ခဲ့သော ဖိလစ်ပိုင်နိုင်ငံတွင် ယခုအခါ အစိုးရဌာနများအကြား စွမ်းရည်ပြည့်ဝစွာ ပေါင်းစပ်ညှိနှိုင်းပေးသည့် သမ္မတရုံးအဖွဲ့နှင့် ရန်ပုံငွေသီးခြားထူထောင်ကာ ထိရောက်စွာ တုံ့ပြန်နိုင်ပြီဖြစ်သည်။ ထို့ကြောင့် ပြီးခဲ့သည့် သီတင်းပတ်က ကြုံရသည့် အဆင့် ၄ တိုင်ဖုန်းကို အောင်မြင်စွာ တုံ့ပြန်နိုင်ခဲ့သည်။ ၂၀၁၃ ခုနှစ်က လူပေါင်း ၇၀၀၀ ကျော် သေဆုံးခဲ့ရသည့် အဆင့်မတိမ်းမယိမ်း တိုင်ဖုန်းဟိုင်ယန်နှင့်စာလျှင် အသက်ပေါင်းများစွာကို ကာကွယ်ပေးနိုင်ခဲ့သည်။

၂၀၁၀ ခုနှစ်၌ ကြီးမားသော ငလျင်ဘေးသင့်ခဲ့သည့် ဟေတီနိုင်ငံတွင်မူ လူပေါင်း တစ်သိန်းခွဲကျော် သေကျေပျက်စီး၍ ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ (GDP) ထက်ပင် နှစ်ဆနီးပါးကျော်လွန်ခဲ့ပါသည်။ ငလျင်ဘေးသင့်ချိန်သည် ရွေးကောက်ပွဲကျင်းပသည့် နှစ်လည်းဖြစ်ခဲ့ရာ အလှူရှင်နိုင်ငံများအကြား နိုင်ငံရေးဝိဝါဒများ ကွဲပြားခဲ့သည်။ ထိုအခါ နိုင်ငံတကာအကူအညီများကို ဟေတီအစိုးရက စီမံခန့်ခွဲခွင့်မရှိတော့ဘဲဘေးမှပတ်၍ ပံ့ပိုးခဲ့ခြင်းကြောင့် လေလွင့်မှုများ ဖြစ်ခဲ့ရပြီး အလှူရှင်အပေါ် မှီခိုမှုများလည်း နောက်ဆက်တွဲပေါ်ပေါက်ခဲ့ရသည်။ ဆိုးရွားသော အကျိုးဆက်မှာ ဘေးသင့်ခံ ဟေတီပြည်သူများအနေဖြင့် လူမှုစီးပွားဘဝ ပြန်လည်ထူထောင်ရေးအတွက် ပိုမိုကြန့်ကြာခဲ့ရသည့်အပြင် အမျိုးသားစည်းလုံးညီညွတ်မှုသည်လည်း အစိတ်စိတ်အမွှာမွှာ ပြိုကွဲခဲ့ရသည်။ ဘေးမသင့်ခင်ကာလထက်ပင် ပိုမိုဆိုးရွားစွာ ကြမ္မာငင်ပြီးစေတနာမှ ဝေဒနာအဖြစ် ဝမ်းနည်းဖွယ်ရာ ဖြစ်ခဲ့ရပါသည်။

မြန်မာနိုင်ငံတွင်မူ ပြန်လည်ထူထောင်ရေးစီမံကိန်း မတိုင်ခင်ကပင် ဘေးသင့်ပြည်သူများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများက ကိုယ်ထူကိုယ်ထ ပြန်လည်တည်ဆောက်ခဲ့ကြသည်မှာ ကမ္ဘာအသိဖြစ်သည်။ ထိုမိရိုးဖလာ ပရဟိတလူမှုအရင်းအမြစ်သည် မြန်မာနိုင်ငံတွင် အစိုးရများမည်သို့ ပြောင်းလဲစေခဲ့ကာမူ လူမှုအသိုင်းအဝိုင်းအားစုစည်းပေးထားသည့် အမျိုးသားခွန်အားတစ်ရပ်ဖြစ်သည်။ ထိုအမျိုးသားစွမ်းပကားကို ယခုရေဘေးကိစ္စတွင်လည်း မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရပါသည်။ ပြန်လည်ထူထောင်ရေးစီမံကိန်းသည် ပြည်သူတို့ကိုယ်တိုင် တစ်ယောက်တစ်လက် တည်ဆောက်ခဲ့ရသော ပြည်တွင်းအားကို ဇောင်းပေးနိုင်မည့် လုပ်ငန်းစဉ်များကို ဖော်ထုတ်ပေးလျက် နဂိုမူလရှိပြီးသားဖွံ့ဖြိုးမှု လမ်းကြောင်းများနှင့်လည်း ချိတ်ဆက်ပေးနိုင်ရန် အရေးကြီးပါသည်။ တစ်နည်းဆိုရလျှင် ပြန်လည်ထူထောင်ရေးစီမံကိန်းသည် စီးပွားရေးအကူးအပြောင်းအတွက် အရေးပါလှသော ပေါင်းကူးအစီအစဉ်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဘေးသင့်ပြည်သူများ သာမက တစ်မျိုးသားလုံးအတွက် အရေးပါသည့် ပြန်လည်ထူထောင်ရေးကို ပိုမိုကောင်းမွန်စွာ တည်ဆောက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။




**မြန်မာနိုင်ငံသည် အာရှတစ်ခွင် ရေအရင်းအမြစ် အပေါကြွယ်ဝဆုံး နိုင်ငံတစ်ခုဖြစ်၍ ရေအကျိုးပေးနိုင်ငံဖြစ်သင့်သော်လည်း ရေဘေးသင့်ဒုက္ခများ ကြုံတွေ့ခဲ့ရသည်ကို သင်ခန်းစာယူ၍ ရေအရင်းအမြစ်စီမံခန့်ခွဲမှုကို ပိုမိုကောင်းမွန်သည်အထိ ရေရှည်ဆောင်ရွက်ရန်ဖြစ်သည်။**

# ကျေးရွာမြေငှားဂရန်များ ထုတ်ပေး

**ရန်ကုန် အောက်တိုဘာ ၂၇**

ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၇ ရက် နံနက် ၈ နာရီက ခရိုင်အတွင်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပြင်ပ(၄) မြို့နယ်ဖြစ်သော မှော်ဘီ၊ တိုက်ကြီး၊ လှည်းကူး၊ ထန်းတပင်မြို့နယ်များမှ ကျေးရွာများအား မြေငှားဂရန်များ ထုတ်ပေးခြင်း အခမ်းအနားကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး (တိုင်းဒေသကြီး မြေငှားဂရန်များ ထုတ်ပေးရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ) ဦးစိုးမင်းက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် မြေငှားဂရန်များ ထုတ်ပေးမှုနှင့် ပတ်သက်၍ မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်ထွန်းဦးက ရှင်းလင်းပြောကြားကာ ခရိုင်အတွင်းရှိ စည်ပင်လေးမြို့နယ်မှ လှည်းကူးမြို့နယ် ဆင်ဖုံကျေးရွာရှိ မူလရွာမြေ ၁၅ ဒသမ ၁၈ ဧကတွင် အိမ်ခြေ ၁၂၅ ခုဖြစ်ပြီး ယနေ့ ဂရန်ထုတ်ပေးမှုမှာ ၉၆ ဦး၊ မှော်ဘီမြို့နယ် တပ်ကြီးကုန်းကျေးရွာရှိ မူလရွာမြေ ၁၄ ဧက အိမ်ခြေ ၇၁ ခုအတွက် ယနေ့ ထုတ်ပေးဂရန်မှာ ၄၃ ဦး ထုတ်ပေးခဲ့ကြောင်း၊ တိုက်ကြီးမြို့နယ် တော်လတီရွာမ ကျေးရွာရှိ မူလရွာမြေ ၂၅ ဒသမ ၈၆ ဧက အိမ်ခြေ ၁၄၈ ခုအနက်မှ ၄၈ ဦးကိုလည်းကောင်း၊ ထန်းတပင်မြို့နယ် ကျောင်းကုန်းကျေးရွာရှိ မူလရွာမြေ ၄ ဒသမ ၆၈ ဧကအတွင်းမှ အိမ်ခြေ ၃၇ ခုဖြစ်ပြီး ယနေ့ထုတ်ပေးမှုသည် ၃၇ ဦးတို့ကို ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးဝန်ကြီး လှည်းကူးမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှသန်း၊ တိုက်ကြီးမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းမောင်၊ ခရိုင်အုပ်ချုပ်ရေးမှူးတို့က မြေငှားဂရန်များကို အသီးသီးပေးအပ်ခဲ့သည်။ ထုတ်ပေးရန်ကျန်ရှိနေသည့် မြေငှားဂရန်များအတွက်လည်း ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**



# ကလပ်အသင်းပေါင်းစုံရိုးရာခြင်းလုံးပြိုင်ပွဲကျင်းပ

**မုံရွာ အောက်တိုဘာ ၂၇**

မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းဒေသကြီးဂုဏ်၊ နိုင်ငံ့ဂုဏ်ဆောင် ရိုးရာခြင်းလုံးအားကစားသမားမျိုးဆက်သစ်များ ပေါ်ထွန်းရေးအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား ကလပ်အသင်းပေါင်းစုံရိုးရာခြင်းလုံးပြိုင်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီးအားကစားကွင်းအတွင်းရှိ ရိုးရာခြင်းလုံးအားကစားရုံတွင် အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးရိုးရာခြင်းလုံးအားကစားဆပ်ကော်မတီဥက္ကဋ္ဌတို့က အမှာစကားပြောကြားခဲ့ပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့သည်။ အဖွင့်ပွဲစဉ်အဖြစ် အောင်တံခွန်ကလပ်အသင်းမှ စတင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား ကလပ်ပေါင်းစုံရိုးရာခြင်းလုံးအားကစားပြိုင်ပွဲသို့ မုံရွာမြို့နယ်အတွင်းရှိ အောင်တံခွန်၊ ချင်းတွင်းလူငယ်၊ နန်းမြင့်၊ ကံဦးလူငယ်၊ ရွှေနွယ်ရိုး၊ မြနန်းညွန့် စသည့် ကလပ်ခြောက်ခုမှ လေးပေါက်တန်းနှင့် အခြေခံခြောက်ချက်တွဲ အားကစားနည်းနှစ်မျိုးအား အောက်တိုဘာ ၂၄ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

ပြည်တွင်းရေးရာ

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၂၈**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် ကျရောက်သော ချက်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ လျူဘိုမီယာ ဇာအိုရာလက် ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင်ဖွဲ့စည်း

**နေပြည်တော် အောက်တိုဘာ ၂၇**

ပြည်ထောင်စုအစိုးရအဖွဲ့သည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆက်သွယ်ရေးဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၈၆ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မြန်မာနိုင်ငံ ကွန်ပျူတာဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် အဖွဲ့ဝင် ငါးဦးပါဝင်သော မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင်ကို အောက်တိုဘာ ၈ ရက်မှစတင်၍ ဖွဲ့စည်းလိုက်ကြောင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## အစဉ်ရှေးရှု ယဉ်ကျေးမှု

* ကြာမျိုးငါးခိုင် ကြိုင်လှိုင်သင်းတော့
ဝါလကင်းလွတ်သီတင်းကျွတ်ပြီ။

* အမိမာတာ ဘိမ္မာဟောပြ
ဝတီံသာမှ ဘုရားကြွချီ။

* ဗုဒ္ဓဂုဏ်တော် ရည်မြော်ကြလို့
ရောင်စုံဆီမီးပူဇော်မည်။

* သက်ကြီးရွယ်အိုဘိုးဘွားမိဘ
အာစရိယ ကန်တော့ကြမည်။

* လမ်းညွှန်ဆုံးမသြဝါဒကို
အသုံးချပါမှ အကျိုးရမည်။

* မြန်မာ့ရိုးရာယဉ်ကျေးမှုကို
အစဉ်ရှေးရှုထိန်းသိမ်းမည်။
ကမ္ဘာတိုင်တည်. . . မြန်မာပြည်။ ။

**မောင်ကျေးဇူး**



**● ရွှေဖုံးမှ**

အကပြိုင်ပွဲတွင် ၁၆ စီး၊ ဘော်ကြယ်ဆင် အကပြိုင်ပွဲတွင် လေးစီး၊ ကလေး ဆင်ပြိုင်ပွဲတွင် ငါးစီး စုစုပေါင်း ၂၅ စီး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆင်ပွဲတော်ကြီးတွင် အနော်ရထာမင်းကြီးကို ကျေးဇူးဆပ်သောအားဖြင့် ဆင်အစီးရေ ၆၀ ကျော်က မြို့မဈေးကြီးကို သုံးပတ် ပတ်ကာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ဆင်ပွဲတော်ကြီးကို တစ်ရက်တည်း ဆုချီးမြှင့်ပွဲ ကျင်းပနိုင်ရန်အတွက် ပြိုင်ပွဲကျင်းပရေးကော်မတီသည် ပြိုင်ပွဲဝင်ဆင်များနှင့် ပါဝင်ဖျော်ဖြေသော ဆင်များကို လမ်းကြောင်းခွဲခြားကာ ပြိုင်ပွဲဝင်ဆင်များသည် မြို့မဈေးကြီးကို သုံးပတ် ပတ်ရန်မလိုဘဲ မြို့တွင်းလှည့်လည်ကာ အမှတ်ပေးဒိုင် သုံးဒိုင်တွင် အလှည့်ကျယှဉ်ပြိုင်ကြရသည်။

"ဒီနှစ် ပြိုင်ပွဲဝင် ဆင်တွေကို ပွဲမတိုင်ခင်ကတည်းက အမှတ်ပေးစည်းမျဉ်းတွေကို ကြိုတင်ပြီး ပေးထားတာ။ ပွင့်လင်းမြင်သာမှုရှိအောင် စီစဉ်ဆောင်ရွက်ထားပါတယ်။ ဒီနှစ်ပြိုင်ပွဲကိုလည်း နံနက် ၁၀ နာရီက စတင်မှာပါ။ နောက်ပြီး နံပါတ်စဉ်အတိုင်း ယှဉ်ပြိုင်ရန်နဲ့ ဆင်ဦးစီး (ဆင်ထိန်း) အကကိုလည်း ဒီနှစ်ကြည့်ပြီး အမှတ်ပေးဖို့ စည်းကမ်းထပ်ဖြည့်ထားတယ်"ဟု ဒိုင်ချုပ်အဖွဲ့ဝင် ဦးသိန်း၏ ပြောပြချက်အရ သိရသည်။

ဆင်ပြိုင်ပွဲတွင် ဆင်များသည် အမှတ်ပေးဒိုင် သုံးဒိုင်တွင် လှည့်လည်ကပြ ယှဉ်ပြိုင်ကြရပြီး ဒိုင်ချုပ်အဖွဲ့က ဆုံးဖြတ်ကြရမည်ဖြစ်ကာ ယခုနှစ်ပြိုင်ပွဲတွင် ဒိုင်ချုပ်အဖွဲ့က ပွင့်လင်းမြင်သာမှု ရှိစေရေးအတွက် ပြိုင်ပွဲဝင်ဆင်တိုင်းကို Video ဖြင့် မှတ်တမ်းတင်ကာ ကြည့်ရှုသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ကျောက်ဆည် ဆင်ပွဲကတော့ နယ်သူနယ်သားတိုင်း ပါဝင်ဆင်နွှဲကြတယ်။ နှစ်တိုင်းကြုံနေကြပေမယ့် ဘယ်တော့မှ မရိုးနိုင်ဘူး။ ကျောက်ဆည်မြို့ရဲ့ ဆင်ပွဲတော်ကို ပြည်တွင်းသာမက ပြည်ပနိုင်ငံခြားခရီးသွား အများဆုံးလာတာ ဒီပွဲတော်ပဲ။ ဒါကြောင့် မြန်မာသာမက ကမ္ဘာပါ ကျော်တဲ့ ဆင်ပွဲတော်ဖြစ်တဲ့အတွက် ကျောက်ဆည်သားဖြစ်ရတာ ဂုဏ်ယူတယ်"ဟု ကျောက်ဆည်နယ်ခံတစ်ဦးက ပြောသည်။

ကျောက်ဆည် ဆင်ပွဲတော်ကို ဂျာမနီနိုင်ငံမှ လာရောက်လေ့လာကြည့်ရှုသည့် အဖွဲ့မှ Mr. Dregrich ဆိုသူကလည်း"ကျောက်ဆည်ဆင်ပွဲဆိုတာ မြန်မာ့ရိုးရာဓလေ့ကို ဖော်ထုတ်တဲ့ပွဲမို့ အဓိက ကြည့်ဖို့အတွက် လာခဲ့ကြတာပါ။ ဒါကို မဖြစ်မနေ ကြည့်ရဖို့အတွက် ခရီးသွားကုမ္ပဏီတွေနဲ့ ကြိုတင်စီစဉ်ခဲ့တာပါ။ ဒီလို ပင်ပန်းခံပြီး လာကြည့်ရတာနဲ့ အများကြီးတန်ပါတယ်။ ရိုးရာအစစ်ကို ဖော်ထုတ်ပြီး အပြိုင်ကကြတဲ့အတွက် ပျော်ဖို့လည်း ကောင်းပါတယ်။ ကျွန်တော်တို့အဖွဲ့အားလုံးလည်း အလွန်ဝမ်းသာပျော်ရွှင်မိပါတယ်"ဟု ပြောသည်။

ပြိုင်ပွဲတွင် ဆုရရှိသော ဘော်ကြယ်ဆင်များအား ပထမဆု ရှစ်သိန်း၊ ဒုတိယဆု ခြောက်သိန်း၊ တတိယဆု လေးသိန်း၊ ကလေးဆင်များအား ပထမဆု ခြောက်သိန်း၊ ဒုတိယဆု လေးသိန်း၊ တတိယဆု နှစ်သိန်း ချီးမြှင့်သွားမည်ဖြစ်ပြီး ရိုးရာကိုထိန်းသိမ်းလိုသောကြောင့် ရိုးရာဆင်အဖွဲ့များအား ဆုကြေးပိုကာ ပထမဆု ၁၀ သိန်း၊ ဒုတိယဆုရှစ်သိန်းနှင့် တတိယဆု ခြောက်သိန်းဖြင့် ပြိုင်ပွဲကျင်းပရေးကော်မတီက ဆုချီးမြှင့်မည့်အပြင် ကမ္ဘောဇဘဏ်(ကျောက်ဆည်)ကလည်း ယင်းဆုကြေးအတိုင်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျောက်ဆည် နယ်သူနယ်သားများသည် ဆင်အကအလှပြိုင်ပွဲ(ဆင်ပွဲတော်ကြီး)ကို သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့တွင် တစ်ချိန်တည်း တစ်ရက်တည်း တစ်နေရာတည်းတွင် ကျင်းပခြင်းကြောင့် ကြက်ပျံမကျစည်းကားလှသလို အနော်ရထာမင်းကြီး၏ ကျေးဇူးတော်ကို ဆပ်သောအားဖြင့်လည်း သီးတင်ကျွတ်လပြည့်နေ့တွင် ရွှေသာလျောင်းတောင်ပေါ်တက်ပြီး ရွှေဆင်ရုပ်၊ ငွေဆင်ရုပ်များလှူကာ အနော်ရထာမင်းကြီးနှင့် ဆင်မယဉ်သာ(ဆင်ဖြူ)ကို အမှုအတန်းပေးရာတွင်လည်း အထူးစည်းကားလှပေသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**
**မင်းထက်အောင် (မန်းကိုယ်ပွား)**

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

**နေပြည်တော် အောက်တိုဘာ ၂၇**

ယနေ့မွန်းလွဲ ၁၂နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။ **(ကြေးမုံ)**

## မြစ်ကြီးနားမြို့နယ် အောင်နန်းရပ်ကွက်၌ မီးလောင်မှုဖြစ်ပွား




**မြစ်ကြီးနား အောက်တိုဘာ ၂၇**

မြစ်ကြီးနားမြို့နယ် အောင်နန်းရပ်ကွက် ဈေးကြီးလမ်း မြကန်သာတည်းခိုခန်း၌ အောက်တိုဘာ ၂၇ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် လျှပ်စစ်ပန်ကာဖွင့်ထားရာမှ အပူလွန်ကဲ၍ မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ တည်းခိုခန်း၏ သွပ်မိုး၊ နံကပ်နှစ်ထပ်၊ ယင်းတည်းခိုခန်းနှင့် ကပ်လျက်တည်ရှိသော ရွှေပြည်တော် တည်းခိုခန်း သွပ်မိုး၊ နံကပ်အပေါ်ထပ်နှင့် မြကန်သာတည်းခိုခန်း၏ ညာဘက်တွင် ကပ်လျက်ရှိသော သွပ်မိုး၊ ပျဉ်ကာ လူနေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။

မီးကိုငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂နာရီ ၄၅ မိနစ်တွင် မီးညွန့်ကျိုးခဲ့ပြီး မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ကျွမ်းကျင်မှု သင်တန်းဖွင့်

**ပေါက်ခေါင်း အောက်တိုဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်တွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် အဖွဲ့ဝင်များအား လုပ်ငန်းကျွမ်းကျင်မှု သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၀ ရက်က ပေါက်ခေါင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှမြင့်က မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စည်းကမ်းချက်များ၊ မဲရုံလုံခြုံရေးကိစ္စရပ်တို့ကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ထွဋ်အောင်လွင်)**



ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အမှတ်(၉)ရပ်ကွက် အောင်ချမ်းသာဆန်စက်အနီး မင်္ဂလာစံကျောင်းတော်၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော နှစ်ကျိပ်ရှစ်ဆူဘုရားရုပ်ပွားတော်များ မြို့တွင်းသို့ ဒေသစာရီလှည့်လည် အပူဇော်ခံ ကြွချီလာသည်ကို သီတင်းကျွတ်လဆန်း ၁၄ ရက် (အောက်တိုဘာ ၂၇ ရက်)က အမှတ်(၄)ရပ်ကွက် ဗာဒံပင်ဆိပ်လမ်းထိပ်တွင် တွေ့ရစဉ်။
ကိုကျော်(သုံးခွ)



ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ ရပ်ကွက်(၁) ဘူတာလမ်းရှိ လားရှိုးခရိုင်ရဲတပ်ဖွဲ့မှူးရုံးရှေ့၌ ခရိုင်ရဲတပ်ဖွဲ့မှူး(ယာယီ)ဒုရဲမှူးကြီးသန့်စင် ဦးစီး၍ လားရှိုးမြို့ပေါ်ကျောင်းတိုက် ၅၆တိုက်မှ ပင့်သံဃာ/သာမဏေအပါး ၂၀၀၀ တို့အား ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲအခမ်းအနားကျင်းပစဉ်။
ဇာဏီအောင်(လားရှိုး)

# (၁၆)ကြိမ်မြောက် ဝါတွင်းကာလ နေ့စဉ်ဆွမ်းလောင်းလှူခြင်းအောင်ပွဲ တပ်ကုန်းမြို့၌ ကျင်းပ

**တပ်ကုန်း အောက်တိုဘာ ၂၇**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ပရိယတ္တိစာသင်တိုက်များတွင် စာသင်၊ စာချ ဝါကပ်တော်မူကြသော ဆရာတော်၊ သံဃာတော်များ ဆွမ်း၊ ဘောဇဉ်များ အဆင်ပြေစေရေးအတွက် ဝါတွင်းကာလတစ်လျှောက် နေ့စဉ် ရပ်ကွက်အလှည့်ကျဖြင့် မြို့ပေါ်ရပ်ကွက် ခြောက်ရပ်ကွက်မှ ပြည်သူများနှင့် စေတနာရှင်ပြည်သူများက ဆွမ်း၊ ဘောဇဉ်များ စုံလင်စွာ (၁၆)ကြိမ်မြောက် ဝါတွင်းကာလ နေ့စဉ် ဆွမ်းလောင်းလှူနိုင်ခဲ့သည်။

အဆိုပါ ဆွမ်းလောင်းလှူခြင်းအောင်ပွဲကို ၁၃၇၇ ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ ရက်(၂၇-၁၀-၂၀၁၅ ရက်) နံနက် ၅ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ခန်းမ၌ ဆရာတော်၊ သံဃာတော်အပါး ၄၈၄ ပါးအား အရုဏ်ဆွမ်းနှင့် ဘောဇဉ်ဆက်ကပ်လှူဒါန်းပြီး အဆိုပါရုံးမှ ဗုဒ္ဓသာသနာပြုဗိမာန်တော်ကြီးအထိ ဆွမ်းအလှူခံကြွချီတော်မူခဲ့သည်။

ဆရာတော်၊ သံဃာတော်များအား ပုဂ္ဂလိကဘဏ်၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်ပြည်သူများနှင့် စေတနာရှင်ပြည်သူများက ဆွမ်း၊ ဘောဇဉ်၊ လှူဖွယ်ပစ္စည်းများ စုံလင်စွာ လောင်းလှူခဲ့ကြသည်။ ယင်းလှူဒါန်းမှုအစုစုတို့ကို ဗုဒ္ဓသာသနာပြုဗိမာန်တော်ကြီးတွင် ရေစက်ချတရားနာယူခဲ့ကြကြောင်း သိရသည်။ **(တင်စိုးလွင်)**





သန်လျင်မြို့ မြို့မတောင်ရပ်ကွက် သီတင်းကျွတ်မီးထွန်းပွဲတော်နှင့်အတူ ဒုတိယအကြိမ်မြောက် နိဗ္ဗာန်ဈေးပွဲတော်ကို အောက်တိုဘာ ၂၇ ရက် ညနေက သီတာရေမြောင်းလမ်းမကြီး၌ စည်ကားသိုက်မြိုက်စွာကျင်းပစဉ်။
သန်းဝင်း(သန်လျင်)

# သဘင်ပညာရှင်များသက်ကြီးပူဇော်ပွဲ စည်ကားစွာကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၇**

မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်ပညာရှင်များဖောင်ဒေးရှင်းနှင့် ရန်ကုန်တိုင်းဒေသကြီး သဘင်ပညာရှင်များအစည်းအရုံးတို့က ပူးပေါင်းပြုလုပ်သော အဌမအကြိမ်မြောက် သဘင်ပညာရှင်များ သက်ကြီးပူဇော်ပွဲကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)ရှိသရဖီဆောင်၌ အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီက ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး သဘင်ပညာရှင်များအစည်းအရုံးမှ တာဝန်ရှိသူများ၊ နာမည်ကြီးဝါရင့် သဘင်ပညာရှင်များနှင့် ကန်တော့ခံ သဘင်ပညာရှင်ကြီးများ တက်ရောက်ခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီး သဘင်ပညာရှင်များအစည်းအရုံးဥက္ကဋ္ဌ ဦးစိန်ကြည်မိုးက "သဘင်ပညာရှင်များ သက်ကြီးပူဇော်ပွဲဟာဆိုရင် ရှေးအစဉ်အလာကတည်းက ဇာတ်မင်းသားကြီး ဦးစိန်မာတင်လက်ထက်ကတည်းက ပြုလုပ်ခဲ့တာပါ။ ဇာတ်မင်းသားကြီးလက်ထက်မှာတော့ (၆) ကြိမ်မြောက်ကို ခြောက်နှစ်ဆက်တိုက် ပြုလုပ်ခဲ့ပြီး သူကွယ်လွန်ပြီးနောက် ရန်ကုန်တိုင်းဒေသကြီး သဘင်ပညာရှင်များအစည်းအရုံးအနေနဲ့ ပြုလုပ်ခဲ့တာကတော့ နှစ်ကြိမ်ရှိပြီဆိုတော့ စုစုပေါင်း ရှစ်ကြိမ်ရှိသွားပါပြီ။ အဓိကကတော့ သဘင်ပညာရှင်များ သက်ကြီးပူဇော်ပွဲ ဖြစ်မြောက်ဖို့အတွက် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ သဘင်လောကမှ ဇာတ်မင်းသားကြီးတွေ၊ မြို့နယ်အသီးသီးမှ သဘင်ပညာရှင်များအစည်းအရုံးရဲ့ အဖွဲ့ဝင်တွေနဲ့ အမှုဆောင်တွေအပါအဝင် ကန်တော့ခံအဘိုးအဘွားတွေအတွက် လှူဒါန်းတဲ့ ဆေးဝါးအလှူရှင်တွေကိုလည်း ကူညီပံ့ပိုးပေးကြလို့ အထူးကျေးဇူးတင်ရှိပါတယ်။ ဒီနေ့လို ပြုလုပ်လိုက်တဲ့သဘင်ပညာရှင်တွေ သက်ကြီးပူဇော်ပွဲကိုလည်း အစဉ်အလာမပျက် နှစ်စဉ်ပြုလုပ်သွားမှာပါ" ဟု ပီတိစကားပြောကြားသည်။



အဆိုပါ အဌမအကြိမ်မြောက် သဘင်ပညာရှင်များသက်ကြီးပူဇော်ပွဲတွင် သက်ကြီးပညာရှင်ကြီးများဖြစ်ကြသော အသက် (၇၅) နှစ်အထက် ကန်တော့ခံသဘင်ပညာရှင်ကြီးများဖြစ်ကြသည့် လူရွှင်တော်ကြီး ဦးစိန်ရိုး၊ ဦးစိန်ကျော်ရွှေ၊ အငြိမ့်မင်းသမီး ဒေါ်ရွှေလိပ်ပြာနှင့် ဒေါ်မြကြေးမုံ အပါအဝင် အခြားရုပ်သေး၊ ဇာတ်ပညာရှင် ၁၆၇ ဦးအား တစ်ဦးလျှင် ငွေကျပ် ငါးသောင်းနှုန်းနှင့် လှူဖွယ်ပစ္စည်းများအား တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး သဘင်ပညာရှင်များအစည်းအရုံးအား နာယကများ၊ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး အပါအဝင် အမှုဆောင်အဖွဲ့ဝင် ရှစ်ဦးဖြင့် တည်ထောင်ခဲ့သည်မှာ နှစ်နှစ်ကြာ သက်တမ်းရှိပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး၏ တည်ထောင်သက်တမ်းကာလမှာ နှစ်ပေါင်း ၃၀ နီးပါးရှိခဲ့ပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သဘင်ပညာရှင်များအစည်းအရုံးမှ သိရသည်။

**သတင်း-(စိုးဝင်း-MLA)**
**ဓာတ်ပုံ-ညီညီ(သမိုင်း)**

# တသွင်သွင်စီးဆင်းလျက်ရှိသော ဧရာဝတီမြစ်ရေပမာ

ဝိသာဇ္ဇက(ပဲခူး)

သဗ္ဗရသံ ဓမ္မရသံ ဇိနတိဆိုတာ စာအရ အရသာအားလုံးတို့တွင် တရားအရသာကို ခံစားနေရခြင်းသည် အားအင်ပြည့်ဖြိုးနေပါ၏။

မိုးရေ စမ်းရေ တဖွေးဖွေး ကွင်းကျယ်အဝေးဝေး လယ်စောင့်တဲလေး ခြေတံရှည်၊ မိုးကုပ်အောက်မှာ တည်၊ ကြာနီတစ်ပွင့် ဖြူတစ်ပွင့်၊ တဲနှင့်ပနံတင့် ဟူ၍ ဆရာမင်းသုဝဏ်က အောက်ပြည်ရွာဇာတိသားပီသစွာဖြင့် ထိုသို့ရေးစပ်ခဲ့သည်။ အညာကစာဆိုတော်ဖြစ်သော ဦးကြင်ဥကမူ ဖြူဖြူဖွေးဖွေး သဲသောင်ပြင်နှင့် နီးစပ်သည့် အလျောက်. . .

"ငွေသောင်ခုံခင်း၊ ယမုန်တွင်းမှာ၊ ငါးကြင်းညာဆန်၊ လေချိုလျှောက်လို့၊ တံ့ခေါင်ကယ်ပြန်လည်၊ သန်ကျန်ဟေမယွန်းတော့တယ်. . ."ဟု စပ်ဆိုခဲ့ကြသည်။ စာဆိုရှင် ဦးကြင်ဥသည် မျက်မှောက်ခေတ်တိုင်အောင် အသက်ရှင်ပါက ဆရာမင်းသုဝဏ်ကို အတုယူလျက်-

"သဲသောင်ကလဲ ဖြူဖွေးဖွေး၊ မြစ်ရေတိုက်ပါသေး

ငါးကြင်းလေးတွေ ထက်ကိုဆန်၊ လေချိုတိုက်ခတ်ပြန်

လူးလားဆန်ခတ် ကူးခါပြေး၊ နွေဦးပေါက်ပြီလေး. . ."ဟု ကာရံညီကာ စပ်ဆိုဖွယ်ရာရှိပါသည်။ နွေဦးကာလ ကဗျာလေးများဖြစ်ပါ၏။

"လေဟာဘယ်ကတိုက်လာပြီး ဘယ်သွားမယ် မသိဘူး။ လူတွေဟာလည်း ဘယ်ကလာပြီး သေတော့ ဘယ်သွားမယ်မသိဘူး။ တစ်ခုတော့ သေချာတယ်။ မြေကြီးက မြေအိုးဖြစ်ပြီး မြေအိုးကွဲတော့ မြေကြီးကို ပြန်မှာပဲ။ အဲဒီတော့ အရက်သောက်ပြီး မသေခင် ပျော်ပျော်ပါးပါး နေကြစို့"ဟု ပါရှန်းကဗျာဆရာကြီး "အိုမာ ခေယမ်"က ဖတ်ချင်စရာ ကဗျာကို စပ်ဆိုကာ ပျော်ရွှင်မှုပြုခဲ့သည်။

ကဗျာရှင်အိုမာခေယမ်သည် သတ္တဝါ၏အစနှင့် သတ္တဝါ၏အဆုံးကိုမသိလို့ ဦးနှောက်ချာချာလည်ခဲ့ဖူးသည်။ သံသရာ၏ အစအဆုံးသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ ရှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ တစ်ဆယ့်ခြောက်သင်္ချေ နှင့်ကမ္ဘာတစ်သိန်း၊ ပါရမီ ၁၀ ပါး၊ အပြား ၃၀ကို ဖြည့်တော်မူခဲ့သည့် သဗ္ဗညုတဉာဏ်တော်ရှင်တို့၏ အရာသာဖြစ်ပေသည်။

××××××××××××××××××

သတ္တဝါတို့သည် များသောအားဖြင့် အတ္တဝါဒီများဖြစ်ကြသည်။ အတ္တဝါဒီဆိုသည်မှာ မိမိ၏ကိုယ်ဟူ၍လည်းကောင်း၊ မိမိပိုင်ဟူ၍လည်းကောင်း ယူဆသိမ်းပိုက်ကြသူများဖြစ်ကြသည်။ လူသားတစ်ဦးသည် အမိဝမ်းတွင်းမှ ကျွတ်လွတ်လျှင် ကျွတ်လွတ်ချင်း ကျဉ်းမြောင်းသော အတ္တအယူကလေးနှင့် မွေးဖွားလာကြသည်။ သူသည် လန့်လျှင် လည်းကောင်း၊ အေးလျှင်လည်းကောင်း၊ နာကျင်လျှင်လည်းကောင်း ဦးစွာငိုလေသည်။ အထိအတွေ့သည် သူ၏စိတ်ကိုလှုံ့ဆော်လေသည်။ သူ၏ ခံစားမှုမှ မကြိုက်သောခံစားမှုကို မကြိုက်၍ ငိုလေသည်။ ထိုတစ်ချိန်တည်းတွင် နာကျင်၍ ငိုသောသူနှင့် ဝမ်းသာ၍ ပြုံးနေသောသူများသည် မိမိတို့ ယူဆချက်တစ်မျိုးစီနှင့် အတ္တဝါဒီကို အမှတ်မထင် သိမ်းပိုက်လျက်နေကြလေပြီ။

လူ့အဖွဲ့အစည်းအလိုက်ကြီးမား၍ လာမည့် ပဋိပက္ခသည် အမျိုးထိလျှင်မခံချိအောင်နာခြင်း၊ တိုင်းနိုင်ငံကို နည်းအမျိုးမျိုးဖြင့် ချဲ့ထွင်ခြင်းစသော လောဘဒေါသစိတ်တို့၏ အစွမ်းဖြင့် လူ့လောကတွင် လူ့သမိုင်းအနေဖြင့် ပေါ်ပေါက်လာစေတော့သည်။ ထိုလူသားသည် မိမိဇနီး၊ သားသမီး၊ မြေးမြစ်ဟူ၍လည်းကောင်း၊ မိမိပိုင်ပစ္စည်းဥစ္စာ ဂုဏ်သိန် စည်းစိမ်ဟူ၍လည်းကောင်း တပ်မက်ခြင်း၊ စွဲလမ်းခြင်း လွန်စွာကြီးကျယ်လာပေတော့သည်။

ထိုမျှမက အတ္တနှင့်ဒါနဒွန်တွဲ၍လာသော လူယဉ်ကျေးတို့၏ စိတ်တွင် ပစ္စုပ္ပန်ဘဝမှာ ကောင်းစားရေးသာမက တမလွန်ဘဝမှာပါ ကောင်းစားရေးအတွက် အမြော်အမြင်ကြီးစွာဖြင့် ကုသိုလ်ကောင်းမှု အစုစုတို့ဖြင့် အမြတ်ရရှိစေရေးအတွက် အရင်းပြုလုပ်ကြတော့သည်။ ဤသို့ဖြင့် အတ္တဝါဒီတို့၏ ပစ္စုပ္ပန်ဘဝအတွက်သာမက နောင်ဘဝအတွက်ပါ မျှော်၍ နယ်ချဲ့ပုံအခြေခံသည့် နယ်ချဲ့နည်း အခြေခံဖြစ်၏။

လောက၌ လူဟူ၍ဖြစ်လာလျှင် လူ့ကျင့်ဝတ်ကို လိုက်နာရလေသည်။ ထို့ကြောင့်ပင် သားသမီးကျင့်ဝတ်၊ မိဘကျင့်ဝတ်၊ တပည့်ကျင့်ဝတ်၊ ဆရာကျင့်ဝတ်၊ လင့်ကျင့်ဝတ်၊ မယားကျင့်ဝတ်စသည်ဖြင့် ရှေးလူကြီးသူမတို့ ဆုံးမစကား ထားခဲ့ကြလေသည်။ မည်သို့ပင်ဖြစ်စေ၊ လောကလူသားအားလုံး လိုက်နာသင့်သော သာမန်ကျင့်ဝတ်ကား ရှိရပေမည်။

လူသားတို့၏ လူကျင့်ဝတ်အချုပ်ကား မကောင်းသောအမှုကို မပြောဆိုမပြုလုပ်ဘဲ ကောင်းသော အမှုကိစ္စတို့ကို ပြောဆိုပြုလုပ်ရန်ပင် ဖြစ်တော့သည်။ လောက၌ လူဖြစ်လာရာတွင် ပတ်ဝန်းကျင်ပျက်စီးရာပျက်စီးကြောင်းကို မပြုခြင်းနှင့် အခြားသူများနှင့် ကမ္ဘာသူ၊ ကမ္ဘာသားတို့၏ ပျက်စီးရာပျက်စီးကြောင်းကိုလည်း မပြုကြခြင်းပင်ဖြစ်၏။ ဤသာယာဖွယ်ကောင်းသော ကမ္ဘာကြီး၏ အကျိုးစီးပွားကိုသာ ဆောင်ကြရမည်ဖြစ်သည်။

ဤသည်ကား လူသားတိုင်း ကျင့်ကြံသင့်သော လူကျင့်ဝတ်ပေတည်း။

လူ့လောကကြီး၏ ကြီးပွားရာကြီးပွားကြောင်းကို ဆောင်ရွက်ရာ၌ မကောင်းမှုတွေကိုရှောင်နေရုံ၊ တားနေရုံနှင့်မပြီးသေး။ မလုံလောက်သေး။ ကောင်းမှုတွေကိုလည်း ပြုလုပ်ကြရပေလိမ့်ဦးမည်။ လူသားကိုမဆိုထားဘိ သစ်ပင်တို့ပင်လျှင် နေ့စဉ်နှင့်အမျှ မိမိ၏အကျိုးအတွက် အညွှန့်အတက်များ တိုးပွားဝေဆာစေရန် သဘာဝအားလျော်စွာ အားထုတ်လေပြီ။

အတ္တဝါဒကို မွေးသည်မှစ၍ သေသည်အထိ မြဲမြံစွာအစွဲအလမ်းကြီးစွာဖြင့် ငါပိုင်သည်၊ ငါဆိုင်သည်၊ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာ၊ ငါ့ကိစ္စဟူသော များစွာသော "ငါ"တို့ကို အခြေခံ၍ ထားကြလျှင် သံသရာဟူသည်ပြီးဆုံးမည်မဟုတ်ပေ။

ဗုဒ္ဓတရားတော်သည် ငါစွဲဖြုတ်ရန်အတွက် ဟောကြားတော်မူခဲ့ခြင်းဖြစ်သည်။ ငါစွဲဖြုတ်ရန်မှာလည်း ပထမအရေးအကြီးဆုံးအနေဖြင့် လူဆိုသည်ကို ဖြုတ်ရပေမည်။ ထိုမှတစ်ဆင့်တက်၍ ငါစွဲဖြုတ်ရန်အတွက် ရုပ်တရား၊ နာမ်တရားများကို သိရှိရန်လိုလေသည်။ လူဆိုသည်ကိုဖြုတ်သည်ဖြစ်စေ၊ မဖြုတ်သည်ဖြစ်စေ ဗုဒ္ဓက လူ၏ဖွဲ့စည်းရာဖြစ်သည့် ရုပ်တရားများကိုဖြုတ်ရန် ဟောကြားတော်မူခဲ့လေသည်။

လူကိုယ်ကာယတွင် မစွဲလမ်းစေရန်အတွက် လူ့သဏ္ဍာန်ကို ပျောက်စေရန်အတွက် လူဟူ၍ မဟောဘဲ ကိုယ်ကာယ၏ အစုအဝေးဖြစ်ကြသော ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဟုခေါ်သော မာမှု၊ ပျော့မှု၊ ပူမှု၊ အေးမှု၊ ဖွဲ့စည်းမှု၊ ယိုစီးမှုနှင့် ထောက်ကန်မှု၊ လှုပ်ရှားမှုဟူသော သဘာဝအကြောင်းတရားလေးပါးကို အဓိကထား၍ နာမ်တရားတို့ကို ဟောကြားတော်မူလေသည်။ အသွေးအသားဟူ၍ မကြည့်အပ်။ ဓာတ်အစုအဝေးဟု ကြည့်ရမည်။ ရုပ်တရားနှင့် သိမှုကို အရေးထား၍ ဟောကြားတော်မူခဲ့သည်မှာ ဗုဒ္ဓရှင်တော်ဘုရားပင်ဖြစ်တော့သည်။

ရုပ်တရားနှင့်နာမ်တရားတို့တွင် လူဟူသော စကားအသုံးနည်းနည်းမျှမပါ။ သို့သော် နာမ်အစုအဝေးတို့သည် သတ္တလောကရှိ ဝေါဟာရအခေါ်။ သတ္တဝါအားလုံးတွင် အတ္တတူပင်ရှိကြလေသည်။ ထို့ကြောင့် ရုပ်နာမ်အစုအဝေးသည် လူနှင့်တိရစ္ဆာန်ဖွဲ့စည်းပုံမှာ တစ်ပုံစံတည်းပင်။

ဤသည်တို့မှာ ဗုဒ္ဓဘာသာဝင်တို့၏ အကြီးဆုံး၊ အမြတ်ဆုံးဟု အသိအမှတ်ပြုသော ဗုဒ္ဓ၏ အဆုံးအမပင်ဖြစ်သည်။ အိန္ဒိယပြည်မြောက်ပိုင်းရှိ ကပိလဝတ်ပြည်ကို အစိုးရသော သိဒ္ဓတ္ထမင်းဖြစ်စဉ်က အိမ်ထောင်ပြုခြင်း၊ သားမွေးခြင်း အမှုကိုပြု၏။ ထိုမင်းသည် အသက် ၂၉ နှစ်အရွယ်သို့ရောက်သောအခါ မိမိ၏ အိမ်ထောင်နှင့်တကွ ထီးနန်းစည်းစိမ်ကိုစွန့်၍ မအိုရာ၊ မနာရာ၊ မသေရာတို့၏ တရားကိုရှာ၏။ ကျင့်၏။

ထိုကဲ့သို့ရှာခြင်းမှာလည်း လူတို့၏ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ကိုမြင်၍၊ သိ၍ ထိတ်လန့်တော်မူ၍ သေတာရှိလျှင် မသေတာရှိရမည်။ အနာရှိလျှင် ဆေးရှိရမည်။ အကောင်းရှိလျှင် အဆိုးရှိရမည်။ နေ့ရှိလျှင် ညရှိရမည်။ အလင်းရှိလျှင် အမှောင်ရှိမည်။ အဖိုဓာတ်ရှိလျှင် အမဓာတ်ရှိမည်စသော ဆန့်ကျင်ဘက်သဘောတရားများကို အခြေခံထား၍ တရားရှာထွက်ခဲ့၏။

သိဒ္ဓတ္ထမင်းသည် တောတွင်းတွင် ခြောက်နှစ်ပတ်လုံး မအိုရာ၊ မနာရာ၊ မသေရာတရားကိုရှာ၏။ ဒုက္ခအမျိုးမျိုးကိုခံ၏။ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲကိုခံ၏။ မိမိကိုယ်ကို အပင်ပန်းခံဒုက္ခခံ၍ ကျင့်၏။ လူသာမန်တို့မခံနိုင်သော ဆင်းရဲကိုခံ၏။ သို့သော် သူသိလိုသော မအိုရာတရား၊ မနာရာတရား၊ မသေရာတရားတို့ကား မတွေ့။ သူသည် သေမလောက်ခံရ၏။ တချို့က သေပြီဟုပင်ပြော၏။ သူ၏ အပေါင်းအဖော်များကလည်း သူ့အားစွန့်လွှတ်၍ သွားကြပေပြီ။

ဗုဒ္ဓသည် ခြောက်နှစ်ပတ်လုံး တရားကျင့်ပြီးနောက် ဗောဓိညောင်ပင်ရင်းတွင် မိမိ၏ခန္ဓာကိုယ်ကို မတွယ်တာဘဲ တရားအားထုတ်ရာ လောကတွင် သိအပ်သောတရားအားလုံးကို သင်ပြသူဆရာမရှိဘဲ မိမိ၏ ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်း၍ သိလေသည်။

ဗုဒ္ဓသည် မသေသောတရားကိုတွေ့သည်။ အမှန်တရားကို သိသည်။ ဗောဓိဉာဏ်ကိုရသည်။ သို့ဖြစ်၍ ဗုဒ္ဓဘွဲ့ထူး ကိုယူလေသည်။ အမည်မှာ ဂေါတမဟုခေါ်၍ "ဂေါတမဗုဒ္ဓ"ဟု တွင်လေသည်။

ဗုဒ္ဓက လူအများတို့သိနေသော လူ့လောက၊ နတ်လောက၊ ပြဟ္မာလောကခေါ်သည့် ကောင်းသော လောကသုံးပါးတွင် ငါသာလျှင် အတတ်ဆုံး၊ ငါသာလျှင် အသိဆုံးဟူ၍ မိန့်တော်မူလေသည်။ ဤကဲ့သို့ မိန့်တော်မူသော နေရာကား မိဂဒါဝုန်တောတွင်း၌ ဖြစ်သည်။ အချိန်ကား ဝါဆိုလပြည့်နေ့ညနေချမ်း နေဝင်ဆည်းဆာအခါဖြစ်သည်။ သက်သေအရာ၌ တည်သူများသည် ဗုဒ္ဓ၏ယခင်က မိတ်ဟောင်းတပည့်ဟောင်းများဖြစ်ခဲ့ဖူးကြသော ပဉ္စဝဂ္ဂီတို့တည်း။

ထိုအခါ ဗုဒ္ဓက ဤသို့မိန့်တော်မူ၏။ အို. . . ပဉ္စဝဂ္ဂီတို့-

ယာဝကီဝ၊ ဟုတ်မှန်သော အတိုင်းဖြစ်သော ကာလပတ်လုံး ယထာဘူတံ မဖောက်မပြန်၊ ဟုတ်မှန်သောအတိုင်းဖြစ်သော၊ ဉာဏဒဿနံ ဉာဏ်အမြင်သည်၊ မေ-ငါ့အား၊ နသုဝိသုဒ္ဓံ-အလွန်သန့်ရှင်းစင်ကြယ်သည်၊ အဟောသိ-မဖြစ်သေး၊ တာဝ-ထိုမဖြစ်သေးသမျှ ကာလပတ်လုံး၊ အဟံ-ငါသည်၊ အနုတ္တရံ-တုဘက်၊ ပြိုင်ဘက်၊ နှိုင်းယှဉ်ဘက်ကင်းသောသူဖြစ်ပြီဟူ၍၊ ပစ္စညာသိံ-ဝန်ခံတော်မမူသေး။

ယတောစခေါ-အကြင်အခါ၌၊ စတူသု-လေးပါးကုန်သော၊ ဣမေသုအရိသစ္စေသု-ဤအရိယသစ္စာတို့၏၊ ယထာဘူတံ-မဖောက်မပြန် အမှန်အတိုင်းသိအပ်သည့် အတိုင်း၊ ဉာဏဒဿနံ-ဉာဏ်အမြင်သည်၊ မေ-ငါ့အား သုဝိ သုဒ္ဓံ-အလွန်သန့်ရှင်းစင်ကြယ်သည်၊ အဟောသိ-ဖြစ်ပြီ။

အထ-ထိုသို့ဉာဏ်အမြင် စင်ကြယ်သောအခါ၌၊ အဟံ-ငါသည်(က)သဒေဝက-နတ်ပြည်ငါးထပ်နှင့်(ခ) သမာရကေ ဝသဝတ္တီ-နတ်ပြည်နှင့်တကွ (ဂ)သဗြဟ္မကေ-ဗြဟ္မာပြည်နှင့်တကွ(ဃ)သဿမဏ ဗြဟ္မဏိယာ-ရဟန်းပုဏ္ဏားနှင့်တကွသော သူတော်ကောင်းအပေါင်းနှင့်တကွ (င)သဒေဝ မနုဿယကြွင်းသော လူမင်းနှင့်တကွ လူ့လောကအားလုံး တို့တွင်-

အနုတ္တရံ-တုဘက်၊ ပြိုင်ဘက်၊ နှိုင်းယှဉ်ဘက်မရှိသော၊ သမ္မာသမ္ဗောဓိ-အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ကို၊ အဘိသမ္ဗုဒ္ဓေါတိ-ထိုးထွင်း၍ သိသောသူဖြစ်ပြီဟူ၍၊ ပစ္စညာသိံ-ဝန်ခံတော်မူပြီ"ဟု ကျူးရင့်တော်မူလေပြီ။

ခြောက်နှစ်တာကာလပတ်လုံး ဆင်းရဲစွာသော အကျင့်ကို သာမန်တို့မကျင့်နိုင်သောအကျင့်ကို ကျင့်ပြီးသော ယောကျ်ား အာဇာနည်ကြီး၏ ရဲရဲတောက်မိန့်ခွန်းပေတည်း။

ထိုအဆုံးအမ၏ နိဂုံးကား လူတို့သိနေသည့်စွဲနေသည့် အတ္တဝါဒ၏ ပြောင်းပြန်"န-အတ္တဝါ=အနတ္တဝါဒ"တည်း။

××××××××××

တပေါင်း၊ တန်ခူးလများတွင် ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းရှိ တောင်တန်းကလည်း သာယာလှသည်။ မြစ်လယ်မှ ကျွန်းကြီးကလည်း စိမ်းစိုလာသည်။ သောင်ကမ်းစပ်မှာလည်း ဖြူဖွေးဖွေးနှင့်ကြည်လင်သော ဧရာဝတီမြစ်ရေလျှဉ်သည် တသွင်သွင်စီးဆင်းလျက်ရှိသည်။

**စာဆိုရှင် ဦးကြင်ဥက-**

"တံငါလောင်းလှေ၊ တပုံတသီး၊ ဒေါင်ဒင်တီးလို့၊ ယဉ်စီးငယ်တွေသည်၊ ကြည်ရေညိုလှဲ့စိမ်းမြတယ်။

ငွေသောင်ခုံခင်း၊ ယမုန်တွင်းမှာ၊ ငါးကြင်းညာဆန်၊ လေချိုလျှောက်လို့၊ တံ့ခေါက်ကယ်ပြန်သည်၊ သန်ကျန်ဟေ မယွန်းတော့မယ်။

ယဉ်သီတာမြို့၊ သောင်ကမ်းစို့မှာ၊ နှစ်ကိုယ့်တစ်ကိုယ်၊ ဟသ်ာသောင်တင်၊ ရွှေပိန်ညင်းတို့၊ ချစ်တင်းဆိုသည်၊ မဖိုတောင်ဖြန့်၊ ဝဲတော့တယ်"ဟု ပဒေသာသီချင်းများတွင် စပ်ဆိုခဲ့လေသည်။

နွေဦးပေါက်ပြီဖြစ်၍ နံနက်ဆွမ်းခံပြန်ချိန်လောက်ဆို နေသည်အတော်မြင့်နေပြီ။ ဖြူဖြူဖွေးဖွေးသဲသောင်ပြင်တို့တွင် ဧရာဝတီမြစ်ရေသည် စီးဆင်းနေသည်။ မည်သည့်နေရာက စီးဆင်းလာ၍ မည်သည့်နေရာသို့ စီးဆင်းမည်ဟု တွေးရလျှင် ဘဝတစ်ခုဖြစ်လာမည်။ ဘဝတစ်ခုပမာ တင်စားရခြင်းဖြစ်ပေသည်။

ဧရာဝတီမြစ်ရေသည် နွေအခါတွင် ရေကျ၍ မိုးအခါတွင် ရေတက်သကဲ့သို့ လူသတ္တဝါတို့၏ ဘဝတာတွင်လည်း ဝမ်းသာလိုက် ဝမ်းနည်းလိုက် လောကဓံနှင့် ကြုံရပေါင်းများပေပြီ။

သို့သော်ဧရာဝတီမြစ်ရေလျှဉ်သည် တသွင်သွင်စီးဆင်းနေသကဲ့သို့ လူသတ္တဝါတို့သည်လည်း လောဘ၊ ဒေါသ၊ မောဟ ရေလျှဉ်ကြောတွင် နေထွက်မှနေဝင် အမြဲမပြတ် မျောနေကြလေပြီ။ ။




**မန္တလေး အောက်တိုဘာ ၂၇**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ နိုင်ငံတကာမှ ဧည့်သည်များလာရောက် လည်ပတ်လျက်ရှိရာ ဧရာဝတီမြစ်အတွင်းမှ ညနေပိုင်း နေဝင်ချိန် အပန်းဖြေရှုခင်းကြည့် အပျော်ခရီးစဉ်များ စတင်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

နေဝင်ချိန်အပျော်စီးခရီးစဉ်များကို ပုဂံအခြေစိုက် Cruise de Bagan မှ သုံးထပ်သင်္ဘောဖြင့် စီစဉ်ပေးလျက်ရှိပြီး ပုဂံနေဝင်ချိန်ရှုခင်းကြည့်ခရီးစဉ်အား ညနေ ၄ နာရီခွဲတွင် ညောင်ဦးမြို့ သာယာဝတီဆိပ်ကမ်းမှ သုံးထပ်သင်္ဘောဖြင့် စတင်ထွက်ခွာကာ ဧရာဝတီမြစ်အတွင်းလှည့်လည်ပေးမည်ဖြစ်ပြီး ည ၈ နာရီတွင် ကမ်းခြေသို့ ပြန်လည်ဆိုက်ကပ်မည်ဖြစ်သည်။ ခရီးစဉ်အတွက် ဘူဖေးညစာအပါအဝင် တစ်ဦးလျှင် ငွေကျပ် ၃၅၀၀၀ သတ်မှတ်ထားပြီး သင်္ဘောစီးချိန် ၄ နာရီခန့် ကြာမြင့်မည်ဖြစ်သည်။

"သင်္ဘောပေါ်မှာ လုံခြုံရေးနဲ့ အသက်အန္တရာယ်ကင်းရှင်းရေးအတွက် အထူးဆောင်ရွက်ပါတယ်။ သင်္ဘောအပေါ်ဆုံးထပ်က ရှုခင်းကြည့်ဖို့နဲ့ အလယ်ထပ်မှာ လူ ၁၅၀ တစ်ပြိုင်နက်တည်း စားသောက်နိုင်မယ့်အပြင် အောက်ဆုံးထပ်မှာ အထူးစားသောက်ခန်းတစ်ခန်းပါရှိပါတယ်"ဟု မန်နေဂျာ ဦးမျိုးဇေယျက ပြောသည်။

နိုင်ငံတကာမှ ခရီးသည်များသည် ဧရာဝတီမြစ်အတွင်းမှ စက်လှေငယ်များနှင့် မော်တော်များငှားရမ်းကာ အပန်းဖြေအနားယူရင်း ဓာတ်ပုံရိုက်ကူးလေ့ရှိကြသည်။ ယမန်နှစ်က အိန္ဒိယ၊ မြန်မာ၊ တရုတ် သုံးနိုင်ငံမှ ဘာသာရေးခေါင်းဆောင်များ တွေ့ဆုံပွဲတွင် ညနေပိုင်း မြစ်တွင်းအလှနှင့် နေဝင်ချိန်ကြည့်ရှုနိုင်ရန် စီစဉ်ပေးခဲ့ရာမှ ယခုကဲ့သို့ အပျော်စီးသင်္ဘောခရီးစဉ်ကို စီစဉ်ခဲ့ခြင်းဖြစ်သည်။

ခရီးစဉ်အား အောက်တိုဘာ ၂၄ ရက်က စတင်ကာ လာမည့်သကြၤန်ကာလမတိုင်ခင်အထိ နေ့စဉ်ပြေးဆွဲသွားမည်ဖြစ်ပြီး ဧည့်ခံပွဲများကိုလည်း လက်ခံ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (၀၀၂)

# ကိုရီးယား-မြန်မာသံတမန်ဆက်ဆံရေး နှစ်(၄၀)ပြည့်အထိမ်းအမှတ်အဖြစ် ကိုရီးယားနာမည်ကြီးအနုပညာရှင်များက အခမဲ့လာရောက်ဖျော်ဖြေမည်




သတင်း - သီဟသူ
ဓာတ်ပုံ - Embassy of Republic of Korea

**ရန်ကုန် အောက်တိုဘာ ၂၇**

ကိုရီးယား-မြန်မာ သံတမန်ဆက်ဆံရေးနှစ်(၄၀) ပြည့် အထိမ်းအမှတ်အဖြစ် ကိုရီးယားအနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုအခမ်းအနားအဖြစ် Dynamic Plus ပွဲကို ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ ( MCC) ၌ နိုဝင်ဘာ ၂ ရက်တွင် အခမဲ့ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဖျော်ဖြေပွဲတွင် ကိုရီးယားနိုင်ငံ၌ လူကြိုက်များသည့် တိုက်ကွမ်ဒိုနှင့် ဒရမ် ပေါင်းစပ်ထားသည့် တိုက်ကွမ်ဒိုအကအဖွဲ့က ပရိသတ်များအား ကိုရီးယားနိုင်ငံ အားကစားကို အနုပညာအနေဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ ပေါင်းစပ်ဂီတအဖွဲ့ဖြစ်သည့် wHOOL အဖွဲ့မှ ကိုရီးယားရိုးရာဂီတနှင့် အနောက်တိုင်းပေါ့ပ်ဂီတကို ပေါင်းစပ်ထားသည့် ဂီတပုံစံအသစ်ဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ ကိုရီးယားနိုင်ငံ၏ ကမ္ဘာ့အဆင့်မီ အကအဖွဲ့ဖြစ်သည့် B-Boy အဖွဲ့မှ ကမ္ဘာ့ဆွဲငင်အားကို အံတု၍ လေထုထဲတွင် ကပြနေသကဲ့သို့ဖြစ်သည့် အက၊ အလှုများဖြင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ကြောင်း သိရသည်။

ထို့သို့ လာရောက်ဖျော်ဖြေမည့် ကိုရီးယားအနုပညာရှင်အဖွဲ့များတွင် wHOOL အဖွဲ့သည် ဂျာမနီ၊ အီတလီ၊ အိန္ဒိယနှင့် အီဂျစ်နိုင်ငံများတွင် လှည့်လည်ဖျော်ဖြေခဲ့သည့် အတွေ့အကြုံများရှိပြီး ယင်းအဖွဲ့၏ အဆိုတော် တစ်ဦးဖြစ်သူ လီဘိုဂယောင်း၏ ကိုရီးယားရိုးရာသီချင်းဖြစ်သည့် အာရီရမ်သီချင်းသည် ၎င်းတို့၏ ဖျော်ဖြေပွဲများတွင် လူကြိုက်များသည့် သီချင်းဖြစ်သည်။

ထို့အတူ B-Boy အကအဖွဲ့သည်လည်း ကိုရီးယားနိုင်ငံရှိ အကအဖွဲ့များတွင် ကမ္ဘာ့အဆင့်မီသည့် အဖွဲ့တစ်ဖွဲ့ဖြစ်ပြီး ယင်းအဖွဲ့သည် K-Pop စူပါစတားများဖြစ်သည့် PSY နှင့် Big Bang တို့နှင့်အတူ ဖျော်ဖြေတင်ဆက်ဖူးသည့် အကအဖွဲ့ဖြစ်ကြောင်း သိရသည်။

၎င်းဖျော်ဖြေပွဲကို နိုဝင်ဘာ ၂ ရက်နေ့ ည ၇နာရီမှစတင်ကာ နှစ်နာရီကြာ အခမဲ့ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကာ လာရောက်ကြည့်ရှုသည့် ပရိသတ်များအား ကိုရီးယား- မြန်မာ သံတမန်ဆက်ဆံရေး နှစ် (၄၀) ပြည့် အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

# ဖြတ်စားလာဘ်စား လူပွဲစားများ သတိထားရှောင်ရှားကြ

သန်းဦး
(လေးမျက်နှာ)

လူပျောက်မှု၊ အလုပ်အကိုင်ရမည်ဟု လိမ်လည်သွေးဆောင်မှုများကြောင့် အမျိုးကောင်းသားသမီးများ မဖြစ်သင့်သည်များဖြစ်နေကြခြင်းကြောင့် ဖြတ်စားလာဘ်စား လူပွဲစားလူကုန်ကူးသူများကို ယခုအခါ သတိထားရှောင်ရှားရမည်ဖြစ်သည်။ မိမိတို့ ချမ်းသာကြွယ်ဝဖို့အရေး လူလူချင်း ခေါင်းပုံဖြတ်၍ လူကုန်ကူးမှုများကို ဆောင်ရွက်နေကြသည်။ အချို့သော အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများအနေဖြင့်လည်း တစ်ဖက်နိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်း အမှန်တကယ် ချိတ်ဆက်နိုင်မှုမရှိဘဲ အလုပ်သမားပို့ခြင်းများလည်း ရှိနေကြကြောင်း ကြားသိရသည်။

အဆိုပါ ကိစ္စရပ်များကြောင့်လည်း လူကုန်ကူးခံရသည်များရှိကြသည်။ သို့ဖြစ်၍ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများအနေဖြင့်လည်း မိမိတို့ အေဂျင်စီများငွေရရှိရေးအတွက် ရှေ့တန်းတင်လုပ်ကိုင်ခြင်းမျိုးမဟုတ်ဘဲ ကိုယ့်နိုင်ငံသားများ အမှန်တကယ် အလုပ်အကိုင်ရရှိရေးကို ဦးစားပေးလုပ်ကိုင်သင့်ပေသည်။

ယခုအခါ အဆိုပါ လူကုန်ကူးခြင်း လူပွဲစားများကြောင့် ဒုက္ခရောက်ရသည့် မိသားစုများ ဒုနဲ့ဒေးရှိနေသည်။ ဖြတ်စား လာဘ်စား လူပွဲစားများကို သတိထား ရှောင်ရှားရမည်ဖြစ်သည်။

လူကုန်ကူးခံရသူများနှင့် တရားမဝင်ခိုးဖမ်းမှုကြောင့် ထိန်းသိမ်းခံထားရသူများနှင့် ပတ်သက်၍ ဥပဒေကြောင်းအရ အရေးယူမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးတစ်ရပ်ကို အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် အောက်တိုဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ကျင်းပခဲ့သည်။

ဘန်ဂျီနာကျွန်းတွင် ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းက မြန်မာရေလုပ်သားများအား အင်ဒိုနီးရှားနိုင်ငံရှိ ကျွန်းများ၌ ငါးဖမ်းလုပ်ငန်းများတွင် လူကုန်ကူးခံနေရကြောင်း AP သတင်းတွင် ဖော်ပြချက်အရ မြန်မာသံရုံးနှင့် International Organization of Migration-IOM တို့မှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ အင်ဒို နီးရှားနိုင်ငံ အမ်ဘွမ်ကျွန်းနှင့် ဘန်ဂျီနာကျွန်းတို့၌ ထိန်းသိမ်းစောင့်ရှောက်ထားသည့် မြန်မာရေလုပ်သားများအား နိုင်ငံသားစိစစ်မှုများ ပြုလုပ်ခဲ့ပြီး ယခုနှစ် မေ ၉ ရက်မှ အောက်တိုဘာအထိ မြန်မာရေလုပ်သား ၇၈၃ ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူနိုင်ခဲ့သည်။

အဆိုပါ လုပ်သားများမှာ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးမှ ရေလုပ်သားအများအပြား ပါဝင်ကြသည်။

အဆိုပါ လုပ်သားများ၏ လုပ်ခ၊ လစာ၊ နစ်နာကြေးများရရှိရေးအတွက် အင်ဒိုနီးရှားနိုင်ငံ သက်သေနှင့် လူကုန်ကူးခံရသူများ စောင့်ရှောက်ရေးအဖွဲ့ (LPSK)နှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသူ ၇၈၃ ဦး အနက် ၂၀၅ ဦးအတွက်သာ လုပ်ခ၊ လစာ၊ နစ်နာကြေးများရရှိခဲ့ပြီး ၅၇၈ ဦး ကျန်ရှိနေကြောင်း သိရသည်။

နိုင်ငံသားစိစစ်မှုနှင့် နေရပ်ပြန်ရေး၊ လစာများပြန်လည်ရရှိရေး မြန်မာသံရုံးမှ ဆောင်ရွက်လျက်ရှိပြီး ပြန်လည်ရောက်ရှိလာသော ရေလုပ်သားများထံမှ ရရှိသည့် အချက်အလက်များဖြင့် ပြည်တွင်းလူကုန်ကူးမှုအတွက် အမှုဖွင့်ထားမှု၊ အင်ဒိုနီးရှားနိုင်ငံ တရားရုံးသို့ သက်သေထွက်ဆိုချက်ပေးရန် ပြင်ဆင်နေမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

> **အလုပ်အကိုင်ရမည်ဟု လိမ်လည်သွေးဆောင်မှုများကြောင့် အမျိုးကောင်းသားသမီးများ မဖြစ်သင့်သည်များ ဖြစ်နေကြခြင်းကြောင့် ဖြတ်စား လာဘ်စား လူပွဲစား လူကုန်ကူးသူများကို ယခုအခါ သတိထားရှောင်ရှားရမည်။**

ဘန်ဂျီနာကျွန်း လူကုန်ကူးမှုများနှင့် ပတ်သက်၍ အင်ဒိုနီးရှားနိုင်ငံ တာဝန်ရှိသူများက လူကုန်ကူးခံရသူများအား မြန်မာနိုင်ငံ၌ စတင်စုဆောင်းခဲ့ကြောင်း၊ ထို့နောက် ထိုင်းနိုင်ငံသို့ ပို့ဆောင်ခဲ့ပြီး ထိုင်းနိုင်ငံမှ သင်္ဘောသားစာအုပ်များ အတုပြုလုပ်ခြင်းအပါအဝင် စာရွက်စာတမ်း အတုပြုလုပ်ခြင်းများပြုလုပ်ခဲ့ကြောင်း၊ ထို့နောက် အင်ဒိုနီးရှားနိုင်ငံရှိ ကျွန်းများသို့ ရောက်ရှိခဲ့၍ ငါးဖမ်းသင်္ဘောများပေါ်တွင် နာရီချိန်၊ လုပ်ခလစာမရရှိဘဲ နှိပ်စက်ညှင်းပမ်းခြင်းများခံရပြီး လူကုန်ကူးခံရခြင်းဖြစ်ကြောင်း၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ မတူညီသည့်အတွက် မြန်မာသင်္ဘောဝန်ထမ်းများအနေဖြင့် ဒုက္ခဆင်းရဲမှုများ ကြုံတွေ့ခဲ့ရကြောင်း၊ အလုပ်ခန့်ထားခြင်းဆိုင်ရာ သဘောတူစာချုပ်များလည်း ချုပ်ဆိုထားခြင်းမရှိကြောင်း၊ သင်္ဘော Captain ၏ အမိန့်အရ ၎င်းတို့အား ချုပ်နှောင်ထားခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ၎င်းတို့၏ သင်္ဘောသားစာအုပ်များတွင် ထိုင်းနိုင်ငံသားဟု ရေးသားဖော်ပြထားကြောင်း၊ သင်္ဘောအလုပ်သမားတစ်ဦးကို တစ်လလျှင် လစာငွေ ဒေါ်လာ ၂၇၅ ဒေါ်လာပေးမည်ဟု ကတိပြုထားသော်လည်း သင်္ဘော Captain ၏ ဆုံးဖြတ်ချက်ဖြင့် ထိုင်းနိုင်ငံသားများကိုသာ ဦးစားပေးထုတ်ပေးသည်ကိုတွေ့ရကြောင်း၊ မေ ၁၈ ရက်မှ စတင်စစ်ဆေးခဲ့ရာ စုံစမ်းစစ်ဆေးပေါ်ပေါက်ချက်အရ လူကုန်ကူးမှုကျူးလွန်သူ ထိုင်းနိုင်ငံသားငါးဦးနှင့် အင်ဒိုနီးရှားနိုင်ငံသားသုံးဦးတို့ကို ဖမ်းဆီးနိုင်ခဲ့ပြီး လူကုန်ကူးခံရသူ မြန်မာနိုင်ငံသား ၂၂ ဦးအား ဖော်ထုတ်နိုင်ခဲ့ကြောင်း ပြောကြားသည်။

ထို့အပြင် ဘန်ဂျီနာကျွန်းမှုခင်းများနှင့် ပတ်သက်၍ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၂ ရက်တွင် ထိုင်းနိုင်ငံသား လူကုန်ကူးခံရသူ ခြောက်ဦး ပြန်လည်လွတ်မြောက်ရာမှ အစပြု၍ ကျွန်းပေါ်ရှိ ထိုင်းရေလုပ်သား ၁၂၀၀ ကျော်ကို ပြန်လည်ပို့ဆောင်နိုင်ခဲ့ကြောင်း၊ လူကုန်ကူးခံရသူ ၅၇ ဦး စိစစ်တွေ့ရှိရပြီး အမှု ၂၉ မှုမှ သံသယရှိသူ ၄၈ ဦးအနက် ၁၀ ဦး ဖမ်းဆီးရမိပြီး ၃၅ ဦး ဖမ်းဝရမ်းထုတ်ခဲ့ကြောင်း၊ ထိုင်းနိုင်ငံ အနေဖြင့် လူကုန်ကူးမှုနှင့်ပတ်သက်သည့် မှုခင်းပေါင်း ၁၀၀ ကျော်ကို ဆက်လက်ဖော်ထုတ်ပြီး ပွဲစား ၁၄ ဦး စွဲချက်တင်ထား၍ ၁၁ ဦးအား ဖမ်းဝရမ်းထုတ်ထားကြောင်း၊ သင်္ဘောပိုင်ရှင် ခြောက်ဦးကို ဖမ်းဆီးခဲ့ပြီး ကုမ္ပဏီဝန်ထမ်းတစ်ဦးကိုလည်း ဖမ်းဆီးခဲ့ကြောင်း၊ စာချုပ်အတု၊ မှတ်ပုံတင်အတုများဖြင့် ဆောင်ရွက်ခဲ့ခြင်းကြောင့် စုံစမ်းစစ်ဆေးမှုများတွင် အခက်အခဲများရှိခဲ့ကြောင်း၊ ယခုမှုခင်းများတွင် ထိုင်းနိုင်ငံတော်ပိုင်းမှ ပွဲစားများပါဝင်ပြီး စာရွက်စာတမ်းအတုများဖြင့် ဆောင်ရွက်ခဲ့ကြောင်း ဆက်လက်ပြောကြားသွားသည်။

လူကုန်ကူးမှုများကိုကြည့်လျှင် လူပွဲစားများက တစ်ဦးနှင့်တစ်ဦး လက်လွှဲရောင်းစားခြင်း၊ အချို့အလုပ်သမားများကို လိမ်လည်လှည့်ဖျားကာ အဓမ္မခိုင်းစေခြင်း၊ ဆေးကုသခွင့်မပေးခြင်း၊ အစာရေစာလောက်ငအောင်မကျွေးခြင်း၊ တရားမဝင်ချုပ်နှောင်ခြင်း၊ ပင်လယ်ပြင်အတွင်းသို့ ပစ်ချခံရခြင်း စသည့် အကြမ်းဖက်မှုမျိုးများ ကြုံတွေ့ရခြင်း၊ အမျိုးသမီးများအား ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေခြင်း၊ မတရားချုပ်နှောင်ထားခြင်းများ ပြုလုပ်ကြသည်။ လူလူချင်း၊ တိရစ္ဆာန်ကဲ့သို့ ပြုမူဆက်ဆံခြင်းများကြောင့် လူကုန်ကူးခံရသူများ ဒုက္ခပေါင်းစုံနှင့် ကြုံတွေ့ရသည်။

အဆိုပါလူကုန်ကူးမှုများကို ကျယ်ကျယ်ပြန့်ပြန့် ပညာပေးလုပ်ငန်းများပြုလုပ်၍ လူပွဲစားများအန္တရာယ်ကို အမျိုးသားရေးအမြင်ဖြင့် လူတိုင်းကိုယ်စီအသိနှင့်ယှဉ် တိုက်ဖျက်ရမည်ဖြစ်တော့သည်။ ။

# ရေကြီးနစ်မြုပ်မှုဒဏ်ခံခဲ့ရသည့် ငါးမွေးတောင်သူများအား ကူညီထောက်ပံ့ခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၇**

မြန်မာနိုင်ငံ ဒေသအနှံ့အပြား၌ ရေကြီးရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ရာ ငါးမွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည်။

ယင်းသို့ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့် ငါးမွေးမြူရေးလုပ်ငန်းရှင်များအား မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံငါးမွေးမြူရေး လုပ်ငန်းရှင်များအသင်းနှင့် အလှူရှင်များက ထောက်ပံ့ကူညီမှုအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရပ်ကွက်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးဌေးမြင့်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသန်းလွင်က ထောက်ပံ့ကူညီမှုများ ပြုလုပ်ရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားကာ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ဖြစ်ပေါ်ခဲ့သည့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ထောက်ပံ့ငွေများကို တာဝန်ရှိသူများက တိုင်းဒေသကြီးအလိုက် ကိုယ်စားလှယ်များထံ ပေးအပ်ကြသည်။

ရေကြီးနစ်မြုပ်မှုဖြစ်စဉ်တွင် ဧရာဝတီတိုင်းဒေသကြီးမှ ငါးမွေးတောင်သူ ၅၀၄ ဦး၏ ငါးကန် ၁၆၆၄၃ ဒသမ ၈၁ ဧက၊ ရန်ကုန်တိုင်းဒေသကြီးမှ ငါးမွေးတောင်သူ ၇၂ ဦး၏ ငါးကန် ၁၀၁၁၈ ဒသမ ၀၄၀ ဧက၊ ပဲခူးတိုင်းဒေသကြီးမှ ငါးမွေးတောင်သူ ၄၃၅ ဦး၏ ငါးကန် ၇၄၇၆ ဒသမ ၅၄ ဧက၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ငါးမွေးတောင်သူ ၁၅၃ ဦး၏ ငါးကန် ၄၅၆ ဒသမ ၇၄၉ ဧက၊ မကွေးတိုင်းဒေသကြီးမှ ငါးမွေးတောင်သူ သုံးဦး၏ ငါးကန် ၂၅ ဧက စုစုပေါင်းငါးမွေးတောင်သူ ၁၁၈၅ ဦး၏ ငါးကန်ဧကပေါင်း ၃၄၇၂၀ ဒသမ ၁၃၉ ဧကပျက်စီးဆုံးရှုံးခဲ့ပြီး ရခိုင်ပြည်နယ်အတွင်း၌ ငါးမွေးတောင်သူ ၂၆၈၃ ဦး၏ ငါး၊ ပုစွန်ကန် ၅၈၆၈၀ ဒသမ ၆၈ ဧက ပျက်စီးဆုံးရှုံးခဲ့သည်။

တိုင်းဒေသကြီးငါးခုမှ ငါးကန်များ၏စုစုပေါင်းပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် ၄၅၁၃၆၁၈၀၇၀၀ ဖြစ်ပြီး ရခိုင်ပြည်နယ်ရှိ ငါး၊ ပုစွန်ကန်များ၏ စုစုပေါင်း ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် ၄၅၄၄၃၅၅၀၀၀ ဖြစ်ကာ နှစ်ရပ်ပေါင်း ဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် ၄၉၆၈၀၅၃၅၇၀၀ ဖြစ်သည်။

အဆိုပါဆုံးရှုံးပျက်စီးမှုများအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ကျပ်သိန်း ၁၅၀၀ တန်ဖိုးရှိ ငါးသားပေါက်များကိုလည်းကောင်း၊ မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းက အသင်းအဖွဲ့များနှင့် အလှူရှင်တစ်ဦးချင်းစီ စုစုပေါင်း ၇၇ ဦးတို့ထံမှ အလှူခံရငွေကျပ်သိန်း ၁၇၉၆၄၅၀၀၀ မှ ငွေကျပ် ၁၇၃၆၀၀၆၉၅ ကို ပျက်စီးဆုံးရှုံးခဲ့သော ငါးမွေးတောင်သူ ၁၁၈၅ ဦးတို့အား တစ်ဧကလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ထောက်ပံ့လှူဒါန်းခဲ့သည်။

အဆိုပါပျက်စီးဆုံးရှုံးမှုများအား ပြန်လည်ထူထောင်ရေးအတွက် မွေးမြူရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု၊ ပျက်စီးသွားသော ငါးကန်များပြန်လည်ပြင်ဆင်ရေး၊ ငါးစာကုန်ကြမ်းများဈေးနှုန်းတည်ငြိမ်ရေး၊ လိုအပ်ပါက ပြည်ပမှ မှာယူတင်သွင်းရေး၊ သဘာဝဘေးအန္တရာယ်များ ကျရောက်မှုကြောင့် ငါး၊ ပုစွန်မွေးမြူရေး လုပ်ငန်းများအပေါ် ထိခိုက်နစ်နာမှုမရှိစေရေးအတွက် အစီအစဉ်များ၊ နိုင်ငံတော်အစိုးရနှင့် နိုင်ငံတကာ၏ ထိရောက်သည့် ကူညီပံ့ပိုးမှုများ လိုအပ်လျက်ရှိပါကြောင်း သိရသည်။ **(သတင်းစဉ်)**

အနုပညာ

# ဂျိမ်းစ်ဘွန်း ပြန်လာပြီ



လီရာစီးဒုဇ်၊ ဒန်နီရယ်လ်ခရက်ဂ်နှင့် မော်နီကာဘယ်လူချီ

ဗြိတိန်လျှို့ဝှက် စုံထောက်တစ်ဦးဖြစ်သော ဂျိမ်းစ်ဘွန်းအကြောင်း ရိုက်ကူးထားသော ကမ္ဘာကျော် စုံထောက်ရုပ်ရှင်ဖြစ်သည့် ဂျိမ်းစ်ဘွန်း ရုပ်ရှင်သစ် " Spectre"အား မိတ်ဆက်ပြသသည့် အခမ်းအနားကို အောက်တိုဘာ ၂၆ ရက်က လန်ဒန်ရှိ လွိုင်ရယ်လ်အဲလ်ဘာ့ထ်ခန်းမတွင် ကျင်းပခဲ့ရာ ဂျိမ်းစ်ဘွန်းမင်းသားကြီး ဒန်နီရယ်လ်ခရက်ဂ်နှင့်အတူ အခြားသော သရုပ်ဆောင်များလည်း တက်ရောက်ခဲ့ကြသည်။

ယခုရုပ်ရှင်သစ် " Spectre"သည် ဒန်နီရယ်လ်၏ လေးခုမြောက်ဂျိမ်းစ်ဘွန်းရုပ်ရှင်လည်းဖြစ်သည်။

အဆိုပါရုပ်ရှင်သစ်မိတ်ဆက်ပြသသည့်အခမ်းအနားသို့ ဝေးလ်ပြည်နယ်၏မင်းသားဝီလျံနှင့်ဇနီးဖြစ်သူ ကိတ်မစ်ဒယ်လ်တန်တို့နှင့်အတူ မင်းသားဟယ်ရီလည်း တက်ရောက်ခဲ့ကာ ယင်းရုပ်ရှင်၏ ထုတ်လုပ်သူနှင့် ပါဝင်သရုပ်ဆောင်ခဲ့သော အနုပညာရှင်များနှင့် တွေ့ဆုံခဲ့ကြသည်။

ဂျိမ်းစ်ဘွန်းရုပ်ရှင်သစ်ကို မိတ်ဆက်ပြသသည့်နေ့တွင်ပင် အင်္ဂလန်နိုင်ငံတစ်ဝန်း၌လည်း ယင်းရုပ်ရှင်ကို တစ်ပြိုင်နက်တည်း ရုံတင်ပြသခဲ့သည်။ ယခုကဲ့သို့ ရုပ်ရှင်သစ်ကို မိတ်ဆက်ပြသသည့်နေ့တွင်ပင် တစ်ပြိုင်နက်ရုံတင်ပြသခဲ့ခြင်းသည် အင်္ဂလန်နိုင်ငံတွင် ပထမဆုံးအကြိမ်ဖြစ်သည်။

ဂျိမ်းစ်ဘွန်းမင်းသားကြီး ဒန်နီရယ်လ်က သူ့အနေဖြင့် ယင်းရုပ်ရှင်အတွက် ဂုဏ်ယူပါကြောင်းနှင့် ရုပ်ရှင်အဖွဲ့သားများအနေဖြင့် အဆိုပါရုပ်ရှင်အတွက် အကောင်းဆုံးရိုက်ကူးတင်ဆက်ပေးခဲ့ပါကြောင်းလည်း စကိုင်းနယူးစ်သို့ ပြောကြားခဲ့သည်။

ထို့ပြင် သူက ယင်းရုပ်ရှင်သစ်အပေါ် ပရိသတ်များ၏တုံ့ပြန်မှုအတွက်လည်း သူကိုယ်တိုင်ပင် ရင်ခုန်နေမိကာ ပရိသတ်ထံမှ ထွက်ပေါ်လာမည့် ရုပ်ရှင်နှင့်ပတ်သက်သည့် ရင်တွင်းစကားသံများကို မစောင့်ဆိုင်းနိုင်သည်အထိ စိတ်လှုပ်ရှားနေမိကြောင်း ရင်ဖွင့်ခဲ့သည်။

ယင်းဂျိမ်းစ်ဘွန်းရုပ်ရှင်သစ်တွင် ဒန်နီရယ်လ်ခရက်ဂ်နှင့်အတူ မင်းသမီး လီရာစီးဒုဇ်နှင့် မော်နီကာဘယ်လူချီတို့လည်း ပါဝင်သရုပ်ဆောင်ထားသည်။

အေးပြည့်
ရေးသားသည်

# ဆောင်းဟေကို၏ ရုပ်သံဇာတ်လမ်းတွဲသစ် ထုတ်လွှင့်ပြသမည်ရက်ကြေညာ

ခေါင်းဆောင်မင်းသမီးအဖြစ် တောင်ကိုရီးယားမင်းသမီးချော ဆောင်းဟေကိုနှင့် ခေါင်းဆောင်မင်းသားအဖြစ် ဆောင်ဂျွန်ကီတို့ပါဝင်သရုပ်ဆောင်ထားသည့် ရုပ်သံဇာတ်လမ်းတွဲသစ် "Descendants of the Sun"ကို လာမည့် ၂၀၁၆ခုနှစ် ဖေဖော်ဝါရီလအတွင်း စတင်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း စွန်ပီဒေါ့ကွန်းမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့သည်။



လတ်တလောတွင် အဆိုပါရုပ်ရှင်၏ အကြိုရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းများမှာ ရာနှုန်းပြည့်ပြီးစီးခဲ့ပြီဖြစ်ကာ အချောသတ်လုပ်ငန်းများစတင်နေခဲ့ပြီဖြစ်ပြီး ယခုနှစ်ကုန်တွင် အပြီးသတ်ရိုက်ကူးနိုင်ရန် ကြိုးပမ်းနေကြောင်းလည်း သိရသည်။

ဆောင်းဟေကို၊ ဆောင်ဂျွန်ကီနှင့် အခြားသော အဓိကဇာတ်ဆောင်များသည် ယခုအောက်တိုဘာလကုန်တွင် ဂရိနိုင်ငံသို့ထွက်ခွာမည်ဖြစ်သည်။ ယင်းဂရိနိုင်ငံသည် အဓိကဇာတ်ဆောင်နှစ်ဦးဖြစ်သည့် ဆောင်းဟေကိုနှင့် ဆောင်ဂျွန်ကီတို့စတင်တွေ့ဆုံခဲ့သည့်နေရာဖြစ်ကာ ယင်းရုပ်သံဇာတ်လမ်းတွဲ၏ ဇာတ်လမ်းစတင်ရာနေရာလည်းဖြစ်သည်။

အဆိုပါရုပ်သံဇာတ်လမ်းတွဲ "Descendants of the Sun"သည် ရေခြားမြေခြားတွင် တွေ့ဆုံခဲ့ကြသော သူစိမ်းနှစ်ယောက်၏ အချစ်နှင့်စိတ်ကူးယဉ်အိပ်မက်များကို ပုံဖော်ရိုက်ကူးထားသည့် ရုပ်ရှင်ဖြစ်ကာ ဘဝ၏အနှစ်သာရနှင့် အရသာကိုလည်း ကြည့်ရှုခံစားနိုင်မည့်ဇာတ်လမ်းအမျိုးအစားဖြစ်သည်။ ယင်းရုပ်ရှင်တွင် ဆောင်းဟေကိုသည် စွဲဆောင်မှုရှိသည့် ဆရာဝန်မလေး ကန်မိုယွန်အဖြစ် ပါဝင်သရုပ်ဆောင်ထားပြီး ဆောင်ဂျွန်ကီကမူ အထူးတပ်ဖွဲ့တစ်ဖွဲ့၏ ဗိုလ်မှူးတစ်ဦးဖြစ်သည့် ယိုရှီဂျင်အဖြစ် သရုပ်ဆောင်ထားသည်။

# Vevoရဲ့စံချိန်ကို ချိုးနိုင်ခဲ့တဲ့ အဒဲလ်၏တေးသီချင်းသစ်



ဗြိတိန်အဆိုတော်အဒဲလ်၏ လေးနှစ်တာကာလအတွင်း ပထမဦးဆုံးပြန်လည်ထုတ်လုပ်ခဲ့သော တေးသီချင်းသစ် "Hello"၏တေးဗီဒီယိုကို Vevo.comမှတစ်ဆင့်ထုတ်လွှင့်ခဲ့ရာ ထုတ်လွှင့်ပြီး ၂၄နာရီအတွင်း ကြည့်ရှုသူ ၂၇သန်းကျော်ရရှိခဲ့ကာ ၂၄နာရီအတွင်းကြည့်ရှုသူအများဆုံးတေးသီချင်းအဖြစ် စံချိန်သစ်တင်နိုင်ခဲ့သည်။

အဒဲလ်၏တေးသီချင်းသည် ပြီးခဲ့သည့်သောကြာနေ့က စတင်ထုတ်လွှင့်ခဲ့ပြီး ၂၄နာရီအတွင်း မူလက စံချိန်တင်ထားခဲ့သော အမေရိကန်ပေါ့ပ်အဆိုတော် တေလာဆွစ်၏ တေးသီချင်း'Bad Blood"၏ စံချိန်ကို ချိုးဖျက် နိုင်ခဲ့ခြင်းဖြစ်ကြောင်း Vevo.comက တနင်္လာနေ့က ထုတ်ဖော်ပြောကြားခဲ့သည်။ ပြီးခဲ့သည့် မေလအတွင်းက ထုတ်လွှင့်ခဲ့သော တေလာဆွစ်၏သီချင်းသည် ကြည့်ရှုသူ သန်း၂၀ကျော်ဖြင့် စံချိန်တင်ခဲ့ခြင်းဖြစ်သည်။

ယခုထုတ်လွှင့်ခဲ့သော "Hello" တေးသီချင်းသည် နိုဝင်ဘာလတွင် စတင်ဖြန့်ချိသွားမည့် သူ၏တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ် "25" မှ တေးသီချင်းတစ်ပုဒ်ဖြစ်သည်။ အဒဲလ်သည် သူ၏တေးအယ်လ်ဘမ် "21" ကို ထုတ်လုပ်ဖြန့်ချိခဲ့ပြီးနောက် လေးနှစ်ခန့် မည်သည့်တေးအယ်လ်ဘမ်မျှထုတ်လုပ်ခဲ့ခြင်းမရှိဘဲ ယခုတေးအယ်လ်ဘမ်ကို ပထမဆုံးအကြိမ်ပြန်လည်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ အဒဲလ်သည် "21" တေးအယ်လ်ဘမ်ဖြင့် ဂရမ်မီဆုခြောက်ဆုရရှိခဲ့ပြီး ကမ္ဘာတစ်ဝန်းတွင် ယနေ့အထိ ယင်းတေးအယ်လ်ဘမ်အခွေပေါင်း သန်း ၃၀ ဆယ်ကျော်အထိ ရောင်းချနိုင်ခဲ့ပြီးဖြစ်သည်။

တေးဂီတဝက်ဘ်ဆိုက်ဒ်တစ်ခုဖြစ်သည့် Billboard.com ကလည်း ယင်းတေးသီချင်း "Hello"ကို သူတို့၏ဝက်ဘ်ဆိုက်ဒ်တွင် စတင်ရောင်းချခဲ့သည့်နေ့မှ နှစ်ရက်အတွင်း ပရိသတ်လေးသိန်းခွဲခန့်က အွန်လိုင်းမှတစ်ဆင့်ဝယ်ယူခဲ့ကြပြီး လာမည့်ရက်သတ္တပတ်အတွင်း Billboard ၏ရောင်းအားအကောင်းဆုံးထိပ်တန်းတေးသီချင်း ၁၀၀စာရင်းတွင် ပါဝင်လာနိုင်ကြောင်း ပြောကြားခဲ့သည်။

# ရုပ်မြင်သံကြားအစီအစဉ်များ

၂၈ - ၁၀ -၂၀၁၅ (ဗုဒ္ဓဟူးနေ့)

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့်
-ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ်တေးအရသာ ဂီတရိပ်သာ
"ပုံရိပ်ထင်ထင် အမိတက္ကသိုလ် ရင်ခွင်တေးများ"
၆း၂၀ "ဒီမိုကရေစီစိတ်ထား" (အပိုင်း-၅)
၆း၄၅ ဝတ်စားဆင်ယင်မှုပြပွဲ
၇း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မြစိမ်းရောင်သံစဉ်" (အပိုင်း-၉)
၇း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ" (အပိုင်း-၂၁)
၈း၄၀ တေးဂီတအစီအစဉ်
၈း၅၀ "ပန်းပျိုးလက်တို့၏ သမာဓိနှလုံးသားများ" (ထွန်းထွန်းဝင်း၊ ဇော်ဦး၊ နေအောင်၊ မိုးဒီ၊ ခင်မို့မို့အေး၊ ထက်နဒီ၊ ပန်းသော်တာ၊ သဒ္ဒါ) (ဒါရိုက်တာ-မိုးဇော်ကို)
၁၀း၀၀ ငယ်မူဟန်ပန်သူ့ဆိုဟန် (တင်တင်မြ)
မြန်မာဗီဒီယိုဇာတ်လမ်း "ပန်းကလေးများ၏ရှိုက်သံ" (ထိုက်တန်၊ မိုးယုစံ) (ဒါရိုက်တာ-ဥက္ကာဗို)

**တစ်နေ့ (၆) နာရီစာ (၄) ကြိမ်ပြသပါမည်။**

## MRTV - 4

၅း၀၀ ပဌာန်းပါဠိတော် + ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၁၁း၀၀ ဟင်းချက်ရအောင်
၁၁း၂၅ MRTV-4 Stage
၁၁း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့ သမိုင်းမှတ်တမ်း" (အပိုင်း-၈၁)
၁၂း၂၅ ရန်ကုန်မြင်ကွင်းကျယ်
၁၂း၄၅ တန်ခိုးကြီးမားသော စေတီပုထိုးများ
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "Flowers & Butterflies"
၂း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၉၆)
၄း၀၅ Cartoon Series (English Playground)
၄း၂၅ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
၄း၅၀ ခေတ်သစ်ပျိုမေ
၆း၁၀ Health Fix
၆း၁၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၉၇)
၈း၂၀ ရသစုံညွှန်းတမ်းများ
၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၁၈)
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၈၂)
၁၀း၂၀ Let's Talk
၁၀း၅၅ MRTV-4 Stage
၁၁း၂၀ World of Knowledge (Typhoon Hunters)
၄း၄၅ တန်ခိုးကြီးမား ဘုရားစေတီပုထိုးများ(ထားဝယ်မြို့ရှိ တန်ခိုးကြီးမားဘုရားစေတီပုထိုးများ)

## မြဝတီ

၆း၀၃ တရားတော်
၆း၁၆ မေတ္တာပို့
၆း၂၁ ဓမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆း၃၀ မျိုးချစ်တပ်မတော်
၆း၄၅ မြန်မာသံစဉ်ချိုနားဝင်
၇း၁၀ အမျိုးသားရေးတေးကဗျာ
၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၁၅ မွေးမြူသုတ
၈း၃၀ DVD Hits
၈း၃၅ ဇာတ်လမ်းတို
၈း၅၀ သူနှင့်သူ၏သီချင်းများ
၉း၀၀ စာပေအလင်းစာပေသတင်း
၄း၁၅ လှျပ်တစ်ပြက်
၄း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၅၅ ရွှေဟောင်းသုတ
၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၂၅ ပန်းကလေးများပွင့်တော့မည်
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- အတိတ်ရဲ့ချစ်ခြင်း အပိုင်း(၈၅)
၆း၀၆ Amazing Cities
၆း၁၅ Meet With The Celebrities
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ရင်နှစ်သီးခြာချစ်လိပ်ပြာ (အပိုင်း-၃၁)
- ရယ်စရာပျော်စရာဟာသကမ္ဘာ
- ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ပြည်သူ့တရားရှင်ပေါင်ချိန် (ဒုတိယတွဲ) (အပိုင်း-၃၈)

## mitv

07:26 Shwe Maw Daw: The Glory of Bago City
07:51 Culture Shows: Composer Ma Mya Lay
08:26 Thadingyut .. Beautiful Night With Colourful Lights
08:44 Made in Myanmar "Mixxo"
08:49 Pre-PLF 2015
09:26 Myanmar Masterclass: Artist Khin Zaw Latt
09:39 A Trip To The City of Rakkhita, Rakhine
10:25 Chanmyay Yeiktha Meditation Centre- Hmawbi
10:38 Karaweik Palace- A Symbol of Glorious Myanma Culture
10:53 Myanmar Harpist
07:26 Travel To The Southern Part of Shan State (Kalaw)
07:44 Cosplayer
07:49 Amazing May Phoo Han
08:26 Myanmar Traditional Identity (EP-1) The Culture of Pennant Pillar
08:40 Art Students: Their Dream
08:46 Local Tour Guide: Pho Khant

အားကစား

## အောက်တိုဘာ ၂၈ ရက်နေ့ ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

| ပွဲစဉ် | | အချိန် |
|---|---|---|
| **ကက်ပီတယ်ဝမ်းဖလား(၁၆သင်းအဆင့်)** | | |
| မန်စီးတီး | ခရစ္စတယ်ပဲလေ့စ် | နံနက်-၂း၁၅ |
| လီဗာပူး | ဘုန်းမောက် | နံနက်-၂း၁၅ |
| ဆောက်သမ်တန် | ဗီလာ | နံနက်-၂း၁၅ |
| မန်ယူ | မစ်ဒယ်ဘရော့ | နံနက်-၂း၁၅ |
| **စီးရီးအေ ပွဲစဉ်(၁၀)** | | |
| အတ္တလန်တာ | လာဇီယို | နံနက်-၂း၁၅ |
| ဖရိုစီနီ | ကာပီ | နံနက်-၂း၁၅ |
| ဗီရိုနာ | ဖီအိုရင်တီးနား | နံနက်-၂း၁၅ |
| အေစီမီလန် | ချီယေဗို | နံနက်-၂း၁၅ |
| နာပိုလီ | ပါလာမို | နံနက်-၂း၁၅ |
| ရိုးမား | အူးဒီးနီးစ် | နံနက်-၂း၁၅ |
| ဆာစူအိုလို | ဂျူဗင်တပ် | နံနက်-၂း၁၅ |
| တိုရီနို | ဂျီနိုအာ | နံနက်-၂း၁၅ |
| **ဂျာမန်ပိုကယ်ဖလား(ဒုတိယအဆင့်)** | | |
| ဗစ်တိုးရီးယားကိုလုံး | လေဗာကူဆင် | နံနက်-၀၀း၃၀ |
| ဆန်ဟော့ဆန် | ဟီဒန်ဟိမ်း | နံနက်-၀၀း၃၀ |
| ဒေါ့မွန် | ပက်ဒါဘွန်း | နံနက်-၀၀း၃၀ |
| ဖရိုင်းဘတ် | အော့စ်ဘတ် | နံနက်-၀၀း၃၀ |
| ဂျီနာ | စတုဂတ် | နံနက်-၂း၀၀ |
| ရှူလင်ဂျန် | ဘရန်းရှဝစ် | နံနက်-၂း၀၀ |
| ရှော်ကေး | ဂလာဘတ် | နံနက်-၂း၀၀ |
| ဝါဒါဘရီမင် | ကိုလုံး | နံနက်-၂း၀၀ |

မောင်မောင်ဇော်

# ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုအား အက်ဖ်အေက တရားစွဲဆို



ချယ်လ်ဆီးအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟို၏ ပေါ်တူဂီဘာသာစကားဖြင့် ပြောဆိုခဲ့မှုနှင့် အမူအရာတို့အပေါ် မကျေနပ်၍ အင်္ဂလန် ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)က တရားစွဲဆိုခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်ပထမပိုင်းပြီးချိန်တွင် ကွင်းလယ်ဒိုင် ဂျွန်မို့စ်အား ၎င်း၏ အခန်းတွင် သွားရောက်ပြောဆိုခဲ့ပြီးနောက် ချယ်လ်ဆီးအသင်းနည်းပြမော်ရင်ဟိုအား ပွဲကြည့်စင်ထိုင်ခုံတွင် သွားရောက်ထိုင်စေခဲ့သည်။ ချယ်လ်ဆီးအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ကိုလည်း ကစားသမားများကို ထိန်းချုပ်နိုင်စွမ်းအားနည်းခဲ့ခြင်းကြောင့် တရားစွဲဆိုထားခဲ့ကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းသည် ဝက်စ်ဟမ်းအသင်းအား ရှုံးနိမ့်ခဲ့သည့် အဆိုပါပရီမီယာလိဂ်ပွဲစဉ်တွင် အဝါကတ်ငါးကတ်ထက်မနည်းပြသခံခဲ့ရခြင်းကြောင့် ဒဏ်ကြေးငွေအဖြစ် ပေါင် ၂၅၀၀၀ ဒဏ်တပ်ခံရမည်ဖြစ်သည်။ ချယ်လ်ဆီးအသင်းမှ မာတစ်အား ပြသခဲ့သည့် အဝါကတ်နှစ်ကတ်အပါအဝင် အက်ပီလီကူတာ၊ ဝီလီယံ၊ ဖာဘရီဂတ်စ်၊ ဂျွန်မိုက်ကယ်အိုဘီနှင့် ဒီယေဂိုကော်စတာတို့လည်း အဝါကတ်ပြသခံခဲ့ရသည်။

ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုသည် ချယ်လ်ဆီးအသင်းနှင့် ဝက်စ်ဟမ်းအသင်းပွဲစဉ်နှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ရန်ပျက်ကွက်ခဲ့မှုနှင့် ပတ်သက်၍လည်း ဖြေရှင်းချက်ပေးရန် ပရီမီယာလိဂ်က ချယ်လ်ဆီးအသင်းအား တောင်းဆိုထားခဲ့သည်။

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်အနေဖြင့်လည်း ကွင်းလယ်ဒိုင် ဂျွန်မို့စ်၏ ချယ်လ်ဆီးအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့၏ ပွဲစဉ်နှင့် ပတ်သက်သည့် အစီရင်ခံစာကို စောင့်ဆိုင်းနေပြီး အဆိုပါအစီရင်ခံစာတွင် ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟို၏ ကွင်းလယ်ဒိုင်အပေါ်ပြုမူခဲ့သည့် အသေးစိတ်အကြောင်းအရာများလည်း ပါဝင်မည်ဟု မျှော်လင့်ထားကြောင်း သိရသည်။ပရီမီယာလိဂ်ကွင်းလယ်ဒိုင်ဟောင်းတစ်ဦးဖြစ်သူ မာ့ခ်ဟာစလေကမူ အဆိုပါ ဖြစ်ရပ်နှင့် ပတ်သက်၍ မော်ရင်ဟိုအနေဖြင့် ပြန်လည်တောင်းပန်သင့်ကြောင်း ပြောကြားခဲ့သည်။

ယင်းပွဲစဉ်တွင် ချယ်လ်ဆီးအသင်းသည် ဝက်စ်ဟမ်းအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး အဆိုပါရှုံးနိမ့်ခဲ့မှုကြောင့် ပရီမီယာလိဂ်ပွဲစဉ်(၁၀)အပြီးတွင် အမှတ်ပေးဇယား၏ ထိပ်ဆုံး၌ ဦးဆောင်နေသည့် မန်စီးတီးအသင်းနှင့် ၁၁ မှတ်အကွာ အမှတ်ပေးဇယား၏ အဆင့်(၁၅)နေရာတွင် ရပ်တည်ခဲ့သည်။ **(ငွေကြယ်)**



# နာဗက်စ်လက်စွမ်းပြနေသော်လည်း ဒီဂီယာကို စိတ်ဝင်စားနေဆဲ ရီးယဲလ်

စပိန်ကလပ်ရီးယဲလ်မက်ဒရစ်သည် လက်ရှိဂိုးသမားကီလာနာဗက်စ်လက်စွမ်းပြသနေသော်လည်း မန်ယူဂိုးသမား ဒီဂီယာအားခေါ်ယူရန် ယခုအချိန်ထိစိတ်ဝင်စားနေဆဲပင်ဖြစ်သည်။ရီးယဲလ်ဂိုးသမားနာဗက်စ်သည် ယခုနှစ်အတွင်း ပြိုင်ပွဲအရပ်ရပ်တွင် ပေးဂိုးသုံးဂိုးသာရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ပရိသတ်များက ရီးယဲလ်၏ သူရဲကောင်းအဖြစ်သတ်မှတ်ထားသော်လည်းအဆိုပါ ဂိုးသမား၏ ထိရောက်သော စွမ်း ဆောင်ချက်များက ဒီဂီယာအားခေါ်ယူရန်ပြင်ဆင်နေသော ရီးယဲလ်၏ ခြေလှမ်းများအား ရပ်တန့်အောင်စွမ်းဆောင်နိုင်ခဲ့ခြင်းမရှိပေ။

နာဗက်စ်သည် ယခုနှစ်တွင် အံ့ဖွယ် ဂိုးကာကွယ်မှု (၂၇)ကြိမ်ပြုလုပ်နိုင်ပြီး ဆယ်လ်တာဗီဂိုနှင့် ပွဲစဉ်၌ ခက်ခဲသော ကာကွယ်မှု လေးကြိမ်အထိ ပြုလုပ်နိုင်ခဲ့သည်။ရီးယဲလ်သည် ယခုနှစ်တွင်နောက်တန်းကစားပုံပိုကောင်းမွန်လာသလို နာဗက်စ်လည်း လက်စွမ်းပြနေသောကြောင့် ယခုနှစ်ဘောလုံးရာသီတွင် ဥရောပ၏ ခံစစ်အကောင်းဆုံးအသင်းအဖြစ်ရောက်ရှိလာခဲ့သည်။

“ ဒါက ကောလာဟလတွေပါ။ တကယ်ဆို ကစားသမားတစ်ယောက်ရဲ့ တန်ဖိုးဆိုတာ သူပြသတဲ့ စွမ်းဆောင်ချက်အပေါ်မှာပဲ မူတည်ပြီးတော့ သတ်မှတ်ရမှာပါ။ အခုတော့ စပိန်ကလပ်မှာ စပိန်ဂိုးသမားကိုပဲနေရာရစေချင်နေတဲ့ မီဒီယာတွေကသူတို့လိုချင်တာကို အတင်းမီးမောင်းထိုးပြီး ဖော်ပြနေတော့ မငြိမ်မသက်အခြေအနေတွေကိုပဲ ဦးတည်စေတာပေါ့ဗျာ”ဟု ဂိုးသမားနာဗက်စ်၏ ဖခင်ဖြစ်သူက ဒေါသတကြီးပြောကြားခဲ့သည်။

**မေလှသင်း**

# စပိန်လာလီဂါရင်ခုန်သံ – ၁၀

စပိန်လာလီဂါပြိုင်ပွဲရဲ့ ပွဲစဉ် ၁၀ ကို အောက်တိုဘာလ ၃၁ ရက်နဲ့ နိုဝင်ဘာလ ၁၊ ၂ နေ့တွေမှာ ကျင်းပသွားဖို့ရှိ ပါတယ်။ အဆိုပါပွဲစဉ်မှာ ဗီလာရီးယဲလ်နဲ့ ဆီဗီလာတို့ဆုံတွေ့တဲ့ပွဲပါဝင်နေတာကြောင့် အကြိတ်အနယ်ရှိမယ့်ပွဲစဉ်တစ်ပွဲ ဖြစ်လာနိုင်သလို ရီးယဲလ်မက်ဒရစ်ကလည်း တန်းတက်ထက် ပဲမတ်စ်နဲ့သာဆုံတွေ့နေတာကြောင့် နိုင်ပွဲဆက်ဖို့သေချာနေပါတယ်။



ရှိုင်းမင်းမင်း

**ဒီပို့တီဗို - အက်သလက်တီကို နံနက် ၂း၀၀(၂၁-၁၀-၁၅)**

နောက်ဆုံးသုံးပွဲဆက်အနိုင်ပျောက်ဆုံးခဲ့ရတဲ့ ဒီပို့တီဗိုရဲ့ ခြေစွမ်းက အကျဘက်ရောက်နေပါတယ်။ အထူးသဖြင့် ခံစစ်ပိုင်းကကျစ်လျစ်မှုသိပ်မရှိပါဘူး။ အက်သလက်တီကိုကတော့ တိုက်စစ်ကစားပုံသာမန်သာရှိပေမယ့်အသင်းလိုက် ကစားပုံပိုမိုကောင်းသလို ခံစစ်ပိုင်းလည်း ကျစ်လျစ်မှု ရှိပါတယ်။

**ရီးယဲလ်မက်ဒရစ် - လက်ပဲလ်မက်စ် ည ၉း၃၀(၃၁-၁၀-၁၅)**

ရီးယဲလ်မက်ဒရစ်မှာ ဒဏ်ရာပြဿနာတွေကြောင့် ကစားသမားအချို့ကို ပွဲထုတ်နေရပေမယ့်လည်း ကစားပုံကောင်းမွန်နေပါတယ်။ ဒါ့အပြင် ရီးယဲလ်အနေနဲ့ ဘာစီလိုနာရဲ့ ဖိအားပေးမှုကို ရှောင်လွှဲနိုင်ဖို့အတွက်လည်း အိမ်ကွင်းမှာ အားစိုက်ကစားမှာပါ။ တန်းတက်လက်ပဲလ်မက်စ်ခြေကတော့ အားနည်းမှုတွေများပါတယ်။

**ဗီလာရီးယဲလ် - ဆီဗီလာ ည ၁၁း၄၅(၃၁-၁၀-၁၅)**

ပွဲကောင်းတစ်ပွဲပါ။ ဆီဗီလာဟာ နောက်ဆုံးပွဲစဉ်မှာ ဂီတာဖေးကို ဂိုးပြတ်အနိုင်ရခဲ့သလို နောက်ဆုံးလေးပွဲဆက်တိုက်အရှုံးမရှိခဲ့တဲ့အထိ ခြေမှန်ပြန်ရလာပါတယ်။ ဗီလာရီးယဲလ်ကတော့ အခုနောက်ပိုင်းမှာ ခြေစွမ်းအနည်းငယ်သာ ယိမ်းယိုင်လာပါတယ်။ ဒါပေမယ့် ဗီလာရီးယဲလ်တို့ အိမ်ကွင်းမှာ ကစားရမှာဖြစ်တာကြောင့်သရေလောက်ကစားနိုင်မှာပါ။

**ဗလန်စီယာ - လီဗန်တေး ည ၁၁း၄၅(၃၁-၁၀-၁၅)**

ဗလန်စီယာကလက်ရှိခြေစွမ်းပိုင်းမတည်ငြိမ်ဘူး ဆိုပေမယ့် အိမ်ကွင်းပွဲစဉ်တွေမှာ ကစားပုံမဆိုးပါဘူး။ အိမ်ကွင်းလေးပွဲကစားပြီးခဲ့ရာမှာ အရှုံးမရှိသေးသလို ခံစစ်ကလည်း တစ်ဂိုးသာပေးခဲ့ရပါတယ်။ လီဗန်တေးကတော့ ခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေတဲ့အပြင် အဝေးကွင်းခြေစွမ်းက တည်ငြိမ်မှုရှိပါဘူး။

**ဂီတာဖေး - ဘာစီလိုနာ နံနက် ၂း၀၀(၁-၁၁-၁၅)**

ဂီတာဖေးက နောက်ဆုံးပွဲစဉ်မှာ ဆီဗီလာကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ရတယ်ဆိုပေမယ့် အိမ်ကွင်းပွဲစဉ်တွေမှာ ကစားပုံကောင်းမွန်တတ်ပါတယ်။ အိမ်ကွင်းလေးပွဲမှာ သုံးပွဲအထိ အနိုင်ရခဲ့ပြီး ခံစစ်ကလည်း နှစ်ဂိုးသာပေးခဲ့ရပါတယ်။ ဘာစီလိုနာကမက်ဆီမပါဝင်နိုင်ကတည်းက တိုက်စစ်ပိုင်း မတည်ငြိမ်ပါဘူး။ ဘာစီလိုနာနိုင်ရင်တောင် ပြတ်သားဖို့ခက်တယ်။

**ဆိုစီဒက် - ဆယ်လ်တာဗီဂို နံနက် ၃း၃၅(၁-၁၁-၁၅)**

ဆိုစီအက်ကနောက်ဆုံးပွဲစဉ်မှာ လီဗန်တေးကို ဂိုးပြတ်အနိုင်ရခဲ့ပေမယ့် ခြေစွမ်းကသာမန်သာရှိပါတယ်။ အိမ်ကွင်းမှာ ကစားရမှာဖြစ်ပေမယ့်လည်း ဆယ်လ်တာဗီဂိုခြေစွမ်းကကောင်းမွန်နေပါတယ်။ ဆယ်လ်တာဗီဂိုမှာ နိုလီတို ခြေစွမ်းပြနေတာကြောင့် တိုက်စစ်ကစားပုံလည်း ကောင်းမွန်နေပါတယ်။

**အီဘား - ဗယ်လီကာနို ညနေ ၅း၃၀ (၁-၁၁-၁၅)**

ဗယ်လီကာနိုက အက်စ်ပန်ညိုကိုအနိုင်ရခဲ့ပြီး သုံးပွဲမြောက်နိုင်ပွဲရရှိခဲ့ပေမယ့် အဝေးကွင်းပွဲစဉ်တွေမှာ ကစားပုံကျဆင်းတတ်ပါတယ်။ အထူးသဖြင့် ဗယ်လီကာနိုရဲ့အဝေးကွင်းခံစစ်ပိုင်းကတည်ငြိမ်မှုလုံးဝမရှိလို့ ဘီဘာကို အသာရဖို့မလွယ်ပါဘူး။ အီဘားခြေအနည်းငယ်ကျဆင်းလာပေမယ့် ဒီပွဲမှာတော့နိုင်ပွဲရသွားမှာပါ။

**အက်စ်ပန်ညို - ဂရန်နာဒါ ည ၉း၃၀ (၁-၁၁-၁၅)**

ဂရန်နာဒါက နောက်ဆုံးပွဲစဉ်မှာ ဘက်တစ်နဲ့သရေကျပြီး နောက်ဆုံးသုံးပွဲဆက်တိုက် အရှုံးကင်းခဲ့တယ်ဆိုပေမယ့် တိုက်စစ်ကစားပုံကတော့ ထင်သလောက်တည်ငြိမ်မှုမရှိပါဘူး။ အက်စ်ပန်ညိုကအခုနောက်ပိုင်း ခြေမတည်ငြိမ်ဘူးဆိုပေမယ့် အိမ်ကွင်းပွဲစဉ်ဖြစ်တာကြောင့် အမှားယွင်းအဖြစ်ခံမှာ မဟုတ်ပါဘူး။

**ဂီဂျွန် - မာလာဂါ ည ၁၁း၄၅ (၁-၁၁-၁၅)**

မာလာဂါကနောက်ဆုံးပွဲစဉ်မှာ ဒီပို့တီဗိုကိုအနိုင်ရရှိခဲ့ပြီး ခြေစွမ်းပိုင်းမဆိုးဘူးလို့ ဆိုနိုင်ပါတယ်။ ဒါပေမယ့် မာလာဂါဟာအဝေးကွင်းပွဲစဉ်တွေမှာတော့ ကစားပုံကျဆင်းတတ်ပြီး အခြားကွင်းမှာနိုင်ပွဲလည်းမရသေးပါဘူး။ ဒါကြောင့် ဂီဂျွန်းရဲ့ ခြေစွမ်းပိုင်းသာမန်သာရှိပေမယ့် ဒီပွဲမှာတော့ မာလာဂါကို သရေထက်ပိုမရနိုင်ပါဘူး။

**ဘက်တစ် - ဘီလ်ဘာအို နံနက် ၂း၀၀ (၂-၁၁-၁၅)**

ဘက်တစ်က နောက်ဆုံးနှစ်ပွဲဆက်အနိုင်ပျောက်ဆုံးခဲ့ပြီး ခြေစွမ်းပိုင်းကျဆင်းလာပါတယ်။ အထူးသဖြင့် တိုက်စစ်ကစားပုံအားနည်းမှုတွေရှိတာကိုတွေ့ရပါတယ်။ ဒါပေမယ့် ဘီလ်ဘာအိုကလည်း ဒီရာသီမှာ ခြေစွမ်းပိုင်းပျက်ယွင်းနေသလို အဝေးကွင်းပွဲစဉ်တွေမှာလည်း နိုင်ပွဲမရသေးတဲ့အထိ ခြေကျဆင်းတတ်ပါတယ်။

# လုယက်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရာမှ အခြားလုယက်မှုများထပ်မံပေါ်ပေါက်

**ရန်ကုန်  အောက်တိုဘာ ၂၇**

အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် ဘူတာလမ်းထိပ်မှ ဆိုက္ကားစီးနင်းလာသည့် အမျိုးသမီးနှစ်ဦးအနက် နောက်မှထိုင်စီးသူ အင်းစိန်မြို့နယ်နေ မမြင့်မြင့်အေး၏ လည်ပင်းတွင်ဆွဲထားသော အလေးချိန် နှစ်ကျပ်သားကျော်ခန့်ရှိ ရွှေဆွဲကြိုးအား ဆိုင်ကယ်စီးလာသူ အမျိုးသားနှစ်ဦးက ဆွဲဖြတ်လုယူထွက်ပြေးမှု တစ်မှု စက်တင်ဘာ ၂၂ ရက်က ဖြစ်ပွားခဲ့ရာ အင်းစိန်မြို့မရဲစခန်းက အမှုဖွင့်ခဲ့သည်။

အဆိုပါအမှုအား ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ခဲ့ရာ လှိုင်သာယာမြို့နယ် (၁၆)ရပ်ကွက်ရှိ အဆောင်တွင် နေထိုင်သူ ကျော်ကို(ခ)ကျော်ကိုကို (၁၈)နှစ်အား အောက်တိုဘာ ၁၂ ရက်က စစ်ဆေးခဲ့ရာ ၎င်းနှင့် အေးချမ်း(စုံစမ်းဆဲ)တို့နှစ်ဦးက ကျူးလွန်ခဲ့ကြောင်း ပေါ်ပေါက်ခဲ့ပြီး ရောင်းချထားသောဆိုင်မှ အရည်ကျိုထားသော သက်သေခံရွှေတုံးအား ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကာ အေးချမ်းအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်ခဲ့သည်။

၎င်းအား ဆက်လက်စစ်ဆေးရာ စက်တင်ဘာလအတွင်းက မိုးအောင်(စုံစမ်းဆဲ)နှင့်အတူ အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ်ကွက် ဘီပီအိုင်ဆေးဝါးထုတ်လုပ်ရေးစက်ရုံရှေ့ လမ်းမပေါ်တွင် အမျိုးသမီးတစ်ဦး၏ ရွှေဆွဲကြိုးအား လုယက်ခဲ့ကြောင်းပေါ်ပေါက်ခဲ့ပြီး ရောင်းချထားသောဆိုင်မှ အရည်ကျိုထားသော အလေးချိန် သုံးပဲခန့်ရှိ သက်သေခံရွှေတုံးအား ပြန်လည်သိမ်းဆည်းနိုင်ခဲ့သည်။

၎င်းပြင် ကျော်ကို(ခ)ကျော်ကိုကိုသည် လှိုင်သာယာမြို့နယ်နေ ဇင်မင်းထိုက် (၁၉)နှစ်၊ ဆန်းထွန်းအောင် (၁၈)နှစ်တို့နှင့်အတူ လုယက်မှုများ ကျူးလွန်ထားကြောင်း သိရှိရသဖြင့် ဇင်မင်းထိုက်နှင့် ဆန်းထွန်းအောင်တို့နှစ်ဦးကို အောက်တိုဘာ ၁၃ ရက်က ဆက်လက်ဖမ်းဆီးခဲ့ပြီး ၎င်းတို့သုံးဦးအား စစ်ဆေးခဲ့ရာ ဇူလိုင်လအတွင်းက လှိုင်သာယာမြို့နယ် ဘုရားလမ်းတွင် အမျိုးသမီးတစ်ဦးထံမှ လက်ကိုင်ဖုန်းတစ်လုံးနှင့် တခြားအမျိုးသမီးတစ်ဦးထံမှ လက်ကိုင်ဖုန်းတစ်လုံး၊ နဝဒေးအိမ်ရာဝင်းအတွင်း လမ်းမပေါ်တွင် အမျိုးသမီးတစ်ဦးထံမှ လက်ကိုင်ဖုန်းတစ်လုံးတို့အားလည်းကောင်း၊ ဩဂုတ်လအတွင်းက လှိုင်သာယာမြို့နယ် နဝဒေးအိမ်ရာဝင်းအတွင်း လမ်းမပေါ်တွင် အမျိုးသမီးတစ်ဦးထံမှ လက်ကိုင်ဖုန်းတစ်လုံးနှင့် အမျိုးသားတစ်ဦးထံမှ လက်ကိုင်ဖုန်းတစ်လုံး၊ ငွေပင်လယ်ဘုရားဝင်းအတွင်း အမျိုးသမီးတစ်ဦးထံမှ လက်ကိုင်ဖုန်းတစ်လုံးတို့ အားလည်းကောင်း၊ စက်တင်ဘာလအတွင်း လှိုင်သာယာမြို့နယ် အောင်မြေသာဘုရားဝင်းအတွင်း အမျိုးသမီးသုံးဦးထံမှ လက်ကိုင်ဖုန်းသုံးလုံးတို့အားလည်းကောင်း လုယက်ယူဆောင်ခဲ့ပြီး ရောင်းချထားကြောင်းပေါ်ပေါက်ခဲ့ပြီး သက်သေခံပစ္စည်းများအား ပြန်လည်သိမ်းဆည်းနိုင်ခဲ့သည်။

ဇင်မင်းထိုက်သည် စက်တင်ဘာလအတွင်းက ဖိုးတာ(စုံစမ်းဆဲ)နှင့်အတူ အင်းစိန်မြို့နယ် ပေါက်တောဝမှတ်တိုင်အနီး၌ အမျိုးသမီးတစ်ဦးထံမှ အလေးချိန်တစ်ကျပ်သားကျော်ခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံးအား လုယူခဲ့ကြောင်း ပေါ်ပေါက်ခဲ့ပြီး သက်သေခံပစ္စည်းအား ပြန်လည်သိမ်းဆည်းနိုင်ခဲ့သည်။



ဇင်မင်းထိုက်၊ ကျော်ကို(ခ) ကျော်ကိုကို၊ ဆန်းထူးအောင်တို့အား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

ယင်းသို့ ပေါ်ပေါက်ချက်များအရ ၎င်းတို့အား သက်ဆိုင်ရာ လှိုင်သာယာမြို့မရဲစခန်းနှင့် အင်းစိန်မြို့မရဲစခန်းတို့တွင် အမှုငါးမှုဖွင့်ကာ အရေးယူဆောင်ရွက်လျက်ရှိပြီး မိုးအောင်နှင့် ဖိုးတာတို့အား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပုသိမ်-မုံရွာကားလမ်းတွင် ဆိုင်ကယ်ချင်းမျက်နှာချင်းဆိုင်တိုက်မိ တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရ

**ငဖဲ  အောက်တိုဘာ ၂၇**

မင်းဘူးခရိုင် ငဖဲမြို့နယ် မရိုးကန်ကျေးရွာအနီးတွင် အောက်တိုဘာ ၂၆ ရက် ညနေပိုင်းက ဆိုင်ကယ်ချင်းမျက်နှာချင်းဆိုင်တိုက်မိခဲ့၍ အမျိုးသားတစ်ဦးသေဆုံးသွားခဲ့ပြီး အမျိုးသမီးသုံးဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၆ ရက် ညနေ ၄ နာရီက မရိုးကန်ကျေးရွာမှ ပဒါန်းကျေးရွာသို့ မတင်ဌေး(၂၉)နှစ် စာတက်ကူကျေးရွာ ငဖဲမြို့နယ်နေသူမောင်းနှင်ပြီး နောက်မှသမီးဖြစ်သူ မယွန်းမီမီလှိုင်(၅)နှစ်နှင့် မဖြိုးပပအောင် အသက်(၈)နှစ်တို့လိုက်ပါလာသော ၄၂ယ/--- ဒါရန်း ၁၂၅ ဆိုင်ကယ်နှင့် ပဒါန်းကျေးရွာမှ မရိုးကန်ကျေးရွာသို့ ဇော်မင်းထွန်း (၃၄)နှစ် ကျောက်ထောင်ကျေးရွာ မင်းလှမြို့နယ်နေသူ မောင်းနှင်လာသည့် ရင်ဇင်း ၁၂၅ ဆိုင်ကယ်တို့ ငဖဲမြို့နယ် မရိုးကန်ကျေးရွာ ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ် (၂၅၉/၆)အနီးတွင် မျက်နှာချင်းဆိုင်တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် မတင်ဌေးနှင့် မယွန်းမီမီလှိုင်တို့နှစ်ဦးတွင်(စိုးရိမ်ရ)ဒဏ်ရာများနှင့် မဖြိုးပပအောင်တွင် (မစိုးရိမ်ရ) ဒဏ်ရာရရှိခဲ့သည်။ ဇော်မင်းထွန်းတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းနှစ်ဦး အား ငဖဲမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**(ကျော်ဇေယျ)**

# ကျွန်းလှမြို့နယ်၌ တမလန်းဓားရွှေတုံးများ သိမ်းဆည်းရမိ

**ကျွန်းလှ အောက်တိုဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ပိတောက်မြိုင်ရပ်ကွက် မြောက်ဘက် မောင်းတံဂိတ်တွင် အောက်တိုဘာ ၂၆ ရက် နံနက် ၁၁ နာရီခွဲက တမလန်းဓားရွှေတုံးများ သိမ်းဆည်းရမိကြောင်း သိရသည်။

ကျွန်းလှမြို့မရဲစခန်းမှ ဒု-ရဲအုပ် သိန်းထူးအောင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးကြည်ဝင်းနှင့် ပူးပေါင်းအဖွဲ့သည် မောင်းတံဂိတ်တွင် စောင့်နေစဉ် ကန့်ဘလူမြို့နယ် တောင်ပေကုန်းရွာမှ မောင်းနှင်လာသောတိုယိုတာဒိုင်နာယာဉ် SGG-R------- အား စစ်ဆေးရာ ယာဉ်မောင်း အေးမင်းထွန်းနှင့် ယာဉ်နောက်လိုက် ကျော်ဇေယျထူးတို့ကို တွေ့ရှိပြီး ယာဉ်ပေါ်တွင် တမလန်းဓားရွှေတုံး ၁၈ တုံး (၃ ဒသမ ၁၅၁၂ တန်)အား သိမ်းဆည်းရမိခဲ့သည်။

အဆိုပါတရားမဝင် တမလန်းဓားရွှေတုံးများ သယ်ဆောင်လာသူ အေးမင်းထွန်း (၂၉) နှစ် ချိပါရပ် ရွှေဘိုမြို့နှင့် ကျော်ဇေယျထူး (၂၀) နှစ် အမှတ် (၁) ရပ်ကွက် ရွှေဘိုမြို့နေသူတို့အား ကျွန်းလှမြို့မရဲစခန်းက တရားစွဲတင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

၀၀၀

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

## သိမ်းဆည်းထားသော အေးခဲပုစွန်များ လေလံတင်ရောင်းချရေးဘုတ်အဖွဲ့ ရန်ကုန်တိုင်းဒေသကြီး လေလံကြော်ငြာ

၁။ အများသိစေရန်ကြေညာအပ်ပါသည်။ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ဗန်းစက်မှုဇုန်၊ ဆိပ်ကမ်းသာလမ်းရှိ ထွန်းနေလင်းအအေးခန်းစက်ရုံတွင် သိုလှောင်ထားသော ပြုပြင်မွမ်းမံပြီး (Ready to Export) ပုစွန်ကျား (Block) တုံးများအား Master Cartoon (M.C) အလိုက် မျက်မြင်အခြေအနေအတိုင်း လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ ရောင်းချမည့်ပုစွန်ကျား စုစုပေါင်း ကီလို (၂၉၉၅၉. ၄၀)၏ ထုပ်ပိုးထားရှိမှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| No | Commodity | NetWt | 4/6 | 6/8 | 8/12 | 13/15 | 16/20 | 21/25 | 26/30 | 31/40 | Total MC | Total KG |
|---|---|---|---|---|---|---|---|---|---|---|---|---|
| 1 | T(HL) G1 | 10.8 | - | 4 | - | 418 | 846 | 638 | 112 | 23 | 2041 | 22042.80 |
| 2 | T(HL) G2 | 10.8 | - | 3 | 23 | 66 | 87 | 45 | 20 | 1 | 245 | 2646.00 |
| 3 | Earzy Peel (TQF) | - | - | - | 741 | 2321.8 | 2132.1 | - | - | - | - | 5195.00 |
| 4 | T(PUD) | 10.8 | - | - | 1 | 1 | 1 | 1 | - | - | 4 | 43.20 |
| | | | | | | | | | | | 2290 | 29927 |
| | LOOSE | | | | | | | | | | | |
| 1 | T(HL) G1 | - | 1 | - | - | 2 | 2 | 5 | 4 | 1 | 15 | 27.00 |
| 2 | T(HL) G2 | - | 1 | 1 | - | - | - | - | - | - | 2 | 3.60 |
| 3 | T(PUD) | - | - | 1 | - | - | - | - | - | - | 1 | 1.80 |
| | | | | | | | | | | | 18 | 32.40 |
| | | | | | | | | | | | All Total | 29959.40 |

၃။ လေလံတင်ရောင်းချမည့်နေ့ရက် - ၃-၁၁-၂၀၁၅ရက် (အင်္ဂါနေ့)
လေလံတင်ရောင်းချမည့်အချိန် - ၉း၀၀ နာရီ
လေလံတင်ရောင်ချမည့်နေရာ - ရန်ကုန်မြောက်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ

၄။ လေလံဆွဲဝယ်လိုသူများသည် လေလံစည်းကမ်းချက်များပါ သတ်မှတ်ပုံစံများတွင်ဖြည့်စွက်၍ လေလံတင်ရောင်းချရေးအဖွဲ့သို့ ၃၀-၁၀-၂၀၁၅ ရက် နောက်ဆုံးထား၍ ရုံးချိန်အတိုင်း လာရောက်လျှောက်ထားရမည်။ အသေးစိတ်သိလိုပါက ဥက္ကဋ္ဌ (လေလံတင်ဘုတ်အဖွဲ့) ၀၉၈၆၀၀၁၇၂/၆၄၂၁၀၊ အတွင်းရေးမှူး (လေလံတင်ဘုတ်အဖွဲ့) ၀၉၂၀၃၅၁၄၁/၀၉၆၈၀၂၃၈၆၊ ခရိုင်ဦးစီးမှူး (ငါးလုပ်ငန်းဦးစီး)၀၉-၄၃၀၂၉၀၄၈ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးဘုတ်အဖွဲ့**

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)စီးယာဉ်များနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

သွေးသည် အသက်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းတောင်ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၆၈)၊ မြေတိုင်းရပ်ကွက်အမှတ်-၂၇စီ၃၊ မြေကွက်အမှတ်(၁၃၀-အေ)၊ (၃၂၂၀. ၅)စတုရန်းပေ ဧရိယာ(၀. ၀၇၄)ဧကရှိ မြေကွက်အား ဒေါ်ခင်သက်နှင်းအမည်ဖြင့် မြေငှားစာချုပ်(အထူးဂရန်)ထုတ်ပေးမည် ဖြစ်ပါသဖြင့်ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမှုရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်(အထူးဂရန်) ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေနှင့်အိမ်ရာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**နေပြည်တော်**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အဆောက်အဦဦးစီးဌာန
## တည်ဆောက်ရေးအဖွဲ့(၂)
## အဆောက်အဦအထူးအဖွဲ့(၆)
## (တင်ဒါအမှတ်-၅)
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့(၆)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ဦးစီးဌာန ရန်ပုံငွေဖြင့် ဆောင်ရွက်ရမည့် ဟားခါးကောလိပ် တည်ဆောက်ခြင်းလုပ်ငန်းများအတွက် လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

၁။ တင်ဒါပိတ်မည့်နေ့ရက်အချိန် - ၁၆-၁၁-၂၀၁၅ရက်၊ မွန်းတည့် ၁၂း၀၀နာရီ
၂။ တင်ဒါစိစစ်ဖွင့်မည့်ရက်နှင့်အချိန် - ၁၆-၁၁-၂၀၁၅ရက်၊ မွန်းလွဲ ၁း၃၀နာရီ
၃။ တင်ဒါစိစစ်ရွေးချယ်မည့်နေရာ - လမ်းအထူးအဖွဲ့(၁၀)ရုံး၊ လမ်းဦးစီးဌာန၊ ဟားခါးမြို့။
၄။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အဆောက်အဦအထူးအဖွဲ့(၆)၊ မန္တလေးမြို့တွင် ၂-၁၁-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဖုန်း-၀၂-၇၆၃၆၄၊ ၀၂-၇၆၀၀၁သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ပြည်တွင်းရေးရာ

## သတင်းတိုများ

### အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်ပညာသင်တန်းဆင်း

မကွေးတိုင်းဒေသကြီး မကွေးခရိုင် ရေနံချောင်းမြို့နယ် ချိုင်းကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင် ပညာသင်တန်းကိုအောက်တိုဘာ ၂၄ ရက်က သင်တန်းဆင်းခဲ့ကြောင်းသိရသည်။ သင်တန်းကို ကျေးလက်နေပြည်သူများ လူမှုစီးပွားရေးဘဝမြင့်မားစေရန် ရည်ရွယ်ချက်ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ခုနစ် လုပ်ငန်းဆောင်ရွက်ချက်အရ သင်တန်းကာလကို ၁၀ ရက်ကြာ ဖွင့်လှစ်ခြင်းဖြစ်ပြီး အဆိုပါသင်တန်းသို့ သင်တန်းသား ၂၆ ဦး တက် ရောက်ခဲ့သည်။ သင်တန်းဆင်းပွဲသို့ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဇော်ဟိန်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှထွေးနှင့် သင်တန်းသားများ တက်ရောက်ခဲ့သည်။ **(ကြေးမုံ)**

### ဘောဂလိမြို့ ဌာနဆိုင်ရာရုံး မြေငှားဂရန်စာချုပ်ရရှိရေး ကွင်းဆင်းကြည့်ရှု

ကရင်ပြည်နယ် ဘားအံခရိုင် ဘောဂလိမြို့တွင် ဌာနဆိုင်ရာရုံး မြေငှားဂရန်စာချုပ်ရရှိရေး ကွင်းဆင်းကြည့်ရှုခြင်းကို တာဝန်ရှိသူများက အောက်တိုဘာ ၂၄ ရက် မွန်းတည့် ၁၂ နာရီက ဆောင်ရွက်ကြကြောင်း သိရသည်။ ထိုသို့ ဆောင်ရွက်ရာတွင် မြေငှားဂရန်စာချုပ်ဆောင်ရွက်ပေးရန် လိုအပ်သော ဌာနဆိုင်ရာရုံးများဖြစ်ကြသည့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြေစာရင်းရုံး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လျှပ်စစ်၊ ဆောက်လုပ်ရေး၊ နတလ၊ ဆက်သွယ်ရေး၊ ပညာရေးနှင့် ကျန်းမာရေးဦးစီးဌာနတို့ကို ဘားအံခရိုင်အုပ်ချုပ်ရေးမှူး သံတောင်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မြေငှားဂရန်စာချုပ်ဆောင်ရွက်ပေးနိုင်ရေးအတွက် ကွင်းဆင်းကြည့်ရှုတိုင်းတာခဲ့ပြီး လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ **စိုင်းခင်(ပြန်/ဆက်)**

# ကျွန်းလှမြို့နယ်ရှိ သောက်သုံးရေကန် ပြုပြင်မှု ပြီးစီး

**ကျွန်းလှ အောက်တိုဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် တောင်ယာဆိပ်ကျေးရွာအုပ်စုရှိ သောက်သုံးရေကန်မှာ ရေကန် ကျိုးပေါက်သွားခြင်းကြောင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မွမ်းမံခွင့်ပြုရန်ပုံငွေကျပ်သိန်း သုည ဒသမ ၇၅ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူပြုပြင်ရာ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဩဂုတ်လတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် အဆိုပါကျေးရွာအုပ်စု သောက်သုံးရေကန် ကျိုးပေါက်သွားခဲ့သည်။

"ကျွန်တော်တို့ ကျေးရွာတစ်အုပ်စုလုံး ဒီသောက်သုံးရေကန်ကရေကို ကျေးရွာအတွင်း ပိုက်လိုင်းစနစ်နဲ့ သွယ်ယူသုံးစွဲကြပါတယ်။ ရေကန်မှာ အရင်က ရေထွက်ပေါက် ရေကျော်အရှည် ၁၂ ပေသာ ပြုလုပ်ထားပါတယ်။ ဒီနှစ်လိုမိုးများရင် ဝင်ရေထွက်ရေထိန်းနိုင်အောင်ရေကျော်ကိုအရှည် ၂၅ ပေလောက် ပြုလုပ်ထားမှအဆင်ပြေမှာဖြစ်ပါတယ်"ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းမောင်က ပြောသည်။ **မျိုးဝင်းညို (ကျွန်းလှ)**




# သပိတ်ကျင်းမြို့နယ်တွင် မြေငှားဂရန်များအား ကျေးရွာအရောက် ကွင်းဆင်းထုတ်ပေး

**သပိတ်ကျင်း အောက်တိုဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် ငွေးပင်မှော်ကျေးရွာမှ ကျေးလက်နေပြည်သူများ ပိုင်ဆိုင်နေထိုင်ကြသည့် နေအိမ်ဝိုင်းများအား မြေငှားဂရန် (မြေငှားစာချုပ် )ထုတ်ပေးခြင်းကို အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီက ကျေးရွာရှိ ဓမ္မသုခဓမ္မာရုံ၌ ပြုလုပ်ရာ မြို့နယ်မြေငှားဂရန်ချထားရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုလှိုင်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

မြို့နယ်စီမံခန့်ခွဲရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဒု-အုပ်ချုပ်ရေးမှူး ဦးစိုးလွင်က မြေဂရန်ထုတ်ပေးရသည့် ရည်ရွယ်ချက်နှင့် ဥပဒေအကြောင်းအရာများကိုရှင်းလင်းပြောကြားကာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးချစ်ဆွေနှင့် ကျေးရွာမြေငှားဂရန်ချထားရေးအဖွဲ့ဝင် ဦးကျော်ဝင်းတို့က ပြန်လည်ဆွေးနွေးမေးမြန်းခဲ့ပြီး တာဝန်ရှိသူများက မြေငှားဂရန် (မြေငှားစာချုပ် )နှင့် သက်သေခံမြေပုံတို့အား ကျေးရွာသူ၊ ကျေးရွာသားတို့ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

"အဘတို့ ကျေးရွာတည်ခဲ့တာ အနှစ် ၁၀၀ ကျော်ပါပြီ ကျေးရွာတွေကို မြေငှားဂရန် ထုတ်ပေးလို့ အံ့ဩဝမ်းသာမိပါတယ်။ မိမိတို့ပိုင်ဆိုင်တဲ့ ကျေးရွာအိမ်ဝင်း မြေကွက်တွေကို ခိုင်မာသည့် တရားဝင်အထောက်အထားတွေရရှိအောင် မြေငှားဂရန်ထုတ်ပေးတဲ့ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်" ဟု အသက်(၇၅)နှစ်ရှိ အဘဦးဘရှန်က ပြောသည်။

ယင်းနေ့က ငွေးပင်မှော် ကျေးရွာရှိ အိမ်ထောင်စု ၁၂၈ စု၏ မြေကွက်ပေါင်း ၈၀ အား မြေငှားဂရန်များ ထုတ်ပေးနိုင်ခဲ့ကြောင်း တာဝန်ရှိသူ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြေတိုင်းစာရေး ဦးလင်းဇော်ဦး၏ ပြောပြချက်အရ သိရသည်။ **စိုးနိုင်ဝင်း (သပိတ်ကျင်း)**

# မြစ်သားမြို့နယ်၌ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း One Stop Shops ရုံးဖွင့်

**မြစ်သား အောက်တိုဘာ ၂၇**

မြစ်သားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမတွင် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း One Stop Shops (OSS) ရုံးအား အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းမှစတင်၍ သက်ဆိုင်ရာရုံးခန်းများ ဖွင့်လှစ်ပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် ပြည်သူတို့၏ အခြေခံလိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေသည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန်၊ လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှုများကို တားမြစ်၍ ထိရောက်သောဝန်ဆောင်မှုအလေ့အကျင့်များကို ပြုစုပျိုးထောင်ပေးနိုင်ရန်၊ ပြည်သူများကအစိုးရဌာနနှင့် ဌာနဆိုင်ရာများအပေါ် အားကိုး ယုံကြည်မှုတိုးပွားလာစေရန်၊ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၊ ဦးစီးဌာနအလိုက် အပြန်အလှန်ထိန်းကျောင်းမှုပြုနိုင်ရေး အထောက်အကူပြုနိုင်ရန် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ **ရဲဝင်းထွန်း(ပြန်/ဆက်)**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၂)မှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် ချင်းတွင်းတံတား(ကလေးဝ)၏ အပေါ်ထည်သံပေါင်လုပ်ငန်းများ ဆောင်ရွက်ရန် သံပေါင်တန်ချိန် (၃၃၀၉)တန်အား ရန်ကုန်မြို့ရှိ J & M နှင့် MECစက်ရုံများမှ ချင်းတွင်းတံတား (ကလေးဝ)လုပ်ငန်းခွင်အရောက် သယ်ယူလိုပါသည်။

တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၄-၁၁-၂၀၁၅ရက်

တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ - ချင်းတွင်းတံတား(ကလေးဝ)

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ချင်းတွင်းတံတား(ကလေးဝ)နှင့် တံတားအထူးအဖွဲ့(၂)၊ ဒု-ညွှန်ကြားရေးမှူးရုံး၊ မုံရွာမြို့တို့တွင် ၂၆-၁၀-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**ဖုန်း ၀၉-၆၄၇၂၆၅၂၊ ၀၉-၈၅၂၂၃၂၅၊ ၀၉-၂၆၃၆၈၀၆၉၆၊ ၀၉-၄၃၀၅၆၁၆၅**



## "နည်းပညာတက္ကသိုလ်(သန်လျင်)၊ အီလက်ထရွန်နစ်နှင့် ဆက်သွယ်ရေးမိသားစု"

## (ပထမ)အကြိမ် အာစရိယပူဇော်ပွဲနှိုးဆော်လွှာ

နည်းပညာတက္ကသိုလ်(သန်လျင်)၊ EC မေဂျာတွင် ပညာသင်ကြားပေးခဲ့ကြသော ဆရာ၊ ဆရာမများ၏ ဂုဏ်ကျေးဇူးအား ပူဇော်ကန်တော့ကြမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၂၀၀၀ ခုနှစ်မှ ၂၀၀၆ခုနှစ်(စတက်နှစ်)များအတွင်း ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် အင်တိုက်အားတိုက် ပါဝင်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

မှတ်ချက်။ ။ ကျင်းပမည့်အစီအစဉ်များအား ထပ်မံကြေညာပေးပါမည်။

ဆရာ၊ ဆရာမများအနေဖြင့်လည်း တပည့်များထံ ဆက်သွယ်ပေးပါရန် ရိုသေစွာပန်ကြားအပ်ပါသည်။ ကိုအာကာထွန်းကျော်(၀၉-၅၁၇၆၈၄၈)၊ ကိုထွန်းအောင်ခိုင်(၀၉-၂၅၀၀၈၃၂၄၇)၊ ကိုသန့်ဇင်(၀၉-၉၇၃၃၃၁၃၁၆)၊ မဇင်ဇင်မင်းဆွေ(၀၉-၇၈၄၄၁၂၀၁၀)

အသေးစိတ်အချက်အလက်များအား www.facebook.com/1476590009317526 တွင် ကြေညာပေးပါမည်။



UNITED NATIONS DEVELOPMENT PROGRAMME

**Vacancy Announcement – 044/UNDP HR/2015**

UN DP Empowered lives Resilient nations

**Title:** **Civil Engineer, Output 5, Pillar 1** Grade: **SC8**

**Duty Station: Rakhine (Sittwe) UNDP** wishes to contract the services of a Civil Engineer to provide technical oversight and monitoring services, on behalf of UNDP, for all infrastructure works to be undertaken in target locations. **Qualifications and experience:** B.E (Civil) or A.G.T.I (Civil).A Minimum of 4 years professional experience with B.E (Civil) level qualifications and five years professional experience with A.G.TI (Civil) level qualifications of experience in construction, construction management, or construction administration to interpret contract documents, specifications, and blueprints as well as supervise and monitor infrastructure construction. Specify quality assurance of community infrastructure construction activities. Knowledge of safe construction practices. Prior work experience with UN, INGOs or NGOs in construction projects. Written and oral fluency in Myanmar and English. **Dead line: 6 November 2015**

**To apply online; https://jobs.undp.org/cj_view_job.cfm?cur_job_id=61134**



## မကောင်းမှုရှောင်၊ ကောင်းမှုဆောင် ဖြောင့်စေဘဝလမ်း

ဦးမြတ်သူ

မြန်မာ-အင်္ဂလိပ်နှစ်ဘာသာ

မြင့်မြတ်စာပေ-၀၉-၇၃၀၃၆၅၃၅

ထွက်ပြီ

# မိတ္ထီလာဓမ္မသုခ ရွှေစည်းခုံစေတီတော်ကုန်းတော်အနီး ခြင်္သေ့ရုပ်ကြီးနှစ်ခုပြုလုပ်ထားရှိ

**မိတ္ထီလာ အောက်တိုဘာ ၂၇**

မိတ္ထီလာ မြောက်ကန်ဦးကန်ထိပ်တွင် ယခုနှစ်စက်တင်ဘာလအတွင်းက တည်ထားပြီးစီးသည့် ဓမ္မသုခရွှေစည်းခုံ စေတီတော်ကုန်းတော်အနီး တောင်ဘက်မုခ်နေရာ လှေကားအနီးတွင် အမြင့်ကိုးပေရှိ ခြင်္သေ့ရုပ်ကြီးနှစ်ခုကို ထားရှိရန်ပြုလုပ်လျက်ရှိရာ ယနေ့ညနေပိုင်းတွင် ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

"ဒီနေ့ညနေပိုင်းမှာ ပြီးစီးအောင်ပြုလုပ်မှာဖြစ်ပါတယ်။ ခြင်္သေ့ရုပ်တစ်ကောင်စီရဲ့ အမြင့်ပေက ကိုးပေဖြစ်ပါတယ်။ ခြင်္သေ့ရုပ်တွေကို ပထမဆုံးပုံစံဖော်တယ်။ မိုသွန်းတယ်။ မိုသွန်းလုပ်တယ်လို့ ပြောလို့ရပါတယ်။ ခြင်္သေ့ရုပ်ကြီးနှစ်ခု ပြီးစီးသွားရင်တော့ ဓမ္မသုခရွှေစည်းခုံစေတီတော်လည်း ယခင်ထက်ပိုပြီးတော့ သပ္ပာယ်ကြည်ညိုဖွယ်ဖြစ်လာမှာပါ" ဟု ခြင်္သေ့ရုပ်ကြီးနှစ်ခုအား တာဝန်ယူသည့် တမ္ပဝတီ ဦးဝင်းမောင်၏ သားကပြောသည်။



မိတ္ထီလာမြောက်ကန်ပြန်လည် တူးဖော်ပြုပြင်အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မိတ္ထီလာမြောက်ကန်ဦးကန်ထိပ်တွင် တည်ထားသည့် ပုဂံ-ညောင်ဦးဒေသရှိ ရွှေစည်းခုံစေတီတော်ပုံစံတူ ဓမ္မသုခရွှေစည်းခုံစေတီတော်ကို စက်တင်ဘာ ၁၉ရက်က စိန်ဖူးတော်နှင့် ရွှေထီးတော်များတင်လှူပူဇော်ပွဲကျင်းပခဲ့ပြီး ရွှေမန်းသားဖိုးချစ်ဇာတ်အဖွဲ့မှ နှစ် ညတိုင်အခမဲ့ကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# မော်လူးဘူတာတွင်အမှတ်(၅၇)(၅၈) မန္တလာအထူးအမြန်ရထား အစုန်အဆန်ရပ်ပြီ

**မော်လူး အောက်တိုဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဘူတာတွင် အောက်တိုဘာ ၂၆ ရက်က အမှတ် (၅၇၊ ၅၈) မန္တလာအထူးအမြန်ရထား အစုန်အဆန်ရပ်ပြီဖြစ်ကြောင်း သိရသည်။

မန္တလေးဘူတာမှ ညနေ ၄ နာရီတွင် ထွက်ခွာလာသော စက်ခေါင်းအမှတ် DF.1344 စက်ခေါင်းမောင်း ဦးမောင်နိုင်၊ ရထားထိန်းဦးထွန်းထွန်း မောင်းနှင်လာသည့် အထက်တန်းနှစ်တွဲ၊ ပထမတန်းနှစ်တွဲ၊ ရိုးရိုးတန်းခြောက်တွဲ၊ စားသောက်တွဲတစ်တွဲ၊ ဘရိတ်တွဲတစ်တွဲပေါင်း ၁၂ တွဲချိတ်ဆွဲခဲ့သည့် အမှတ် (၅၇) အဆန်မန္တလာ အထူးအမြန်ရထားသည် ပင်ဝဲဘူတာသို့ နံနက် ၇ နာရီ ၅၄ မိနစ်တွင် ရောက်ရှိထွက်ခွာခဲ့ရာ မော်လူးဘူတာသို့ နံနက် ၈ နာရီ ၄၇ မိနစ်အချိန် ဆိုက်ရောက်၍ နှစ်မိနစ်အချိန် ရပ်နားပြီး ၈ နာရီ ၄၉ မိနစ်တွင် မော်လူးဘူတာမှ ထွက်ခွာခဲ့သည်။

ထိုနည်းတူ အမှတ်(၅၈)အစုန် မန္တလာအထူး အမြန်ရထားသည် မြစ်ကြီးနားဘူတာမှ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ထွက်ခွာလာပြီး နန့်စီးအောင်ဘူတာသို့ ည ၁၀ နာရီ ၇ မိနစ်၌ရောက်ရှိပြီး ထွက်ခွာခဲ့ရာ မော်လူးဘူတာသို့ ည ၁၀ နာရီ ၃၃ မိနစ်တွင်ထွက်ခွာခဲ့သည်။ အမှတ်(၅၇)အဆန်အတွက် ခုံငါးခုံနှင့် အမှတ်(၅၈)အစုန်အတွက် ခုံငါးခုံရ ရှိ၍ ရောင်းချပေးခဲ့ကြောင်း မော်လူးဘူတာတာဝန်ရှုံပိုင်ကြီး ဦးစိုးလင်းက ပြောသည်ကို သိရသည်။ **(၆၈၅)**




# မြစ်မ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်

**မော်လမြိုင် အောက်တိုဘာ ၂၇ ။** ။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအတွင်း မြို့နယ် ခြောက်မြို့နယ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာ ၂၂ ရွာ၏ မြစိမ်းရောင်ချေးငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ အရောင်းအဝယ်၊ ကုန်ထုတ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို အောက်တိုဘာ ၂၂ ရက်တွင် အဖွဲ့ရုံးတာဝန်ကျဝန်ထမ်းများမှ အဖွဲ့လိုက်ကွင်းဆင်းစစ်ဆေးခြင်း၊ ကျေးရွာကော်မတီ၏ စာရင်းဇယားများထားရှိမှုအား ကျေးရွာအရောက် သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **(ခရိုင်/ကျေးလက်)**

သင့်သွေးဖြင့် အသက်ကယ်ပါ

ထန်လိုနေပြီလား
အိပ်စားပို ထန်လိုနေပြီဆိုရင်
မြန်မြန်လေးဖုန်းဆက်လိုက်ပါဗျို့
09-73077711 01-682844
09-73077722 01-682944

SiES
ENGLISH SCHOOL
09 5406533
IELTS
Band-7 Classes

ကျက်သရေထူး
အဆင့်မြင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်း
ရန်ကုန်-ဂယာ-ရန်ကုန် (တနင်္ဂနွေ၊ တနင်္လာ နှင့် ဗုဒ္ဓဟူး)
ရန်ကုန်-ဂယာ-ကိုးလ်ကတ္တား-ရန်ကုန် (သောကြာနေ့တိုင်း)
စင်းလုံးငှား လေယာဉ်ပျံ လက်မှတ်များ
အကောင်းဆုံးဝန်ဆောင်မှု အထူးသင့်တင့်သောနှုန်းထား
Gracious Vacation Co., Ltd
အမှတ် (၁၀၄) ပထမထပ်၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊
ဖုန်း ၀၁-၂၉၇၂၃၈၊ ၀၁-၈၆၁၀၅၈၉၊ ၀၉-၇၉၁၂၉၆၀၄၃~၄၄

သင့်အိမ်မှာသွေးတိုးသမားရှိနေပြီလား
မိသားစုကုန်ကျစရိတ်အလွန်သက်သာစေတဲ့ အစွမ်းထက်တိုင်းရင်းဆေး သွေးတိုးကျဆေး
အာသာဝတီ
(အမှတ်တံဆိပ်)
သွေးတိုးကျဆေး
TMR 013106 (0118)
၁။ တိုင်းရင်းဆေးပါမောက္ခဆရာကြီး၏ အောင်မြင်သော သုတေသနကို အခြေခံထားသည်။
၂။ Acute Toxicity အဆိပ်အတောက် အာနိသင် ကင်းရှင်းကြောင်း စမ်းသပ်ပြီးဖြစ်သည်။ နိုင်ငံတကာစံချိန်ဖြစ်သော OECD (423) Guide Line ဖြင့်ပြုလုပ်သည်။
၃။ ကုန်ကျစရိတ် အလွန်သက်သာစေသည်။
၄။ သွေးတိုးကျစေသည့်အပြင် သွေးတိုးကို ပုံမှန်သွေးချိန်တွင် ထိန်းထားနိုင်သည်။
၅။ Reference :- Win Naing, paper read at the 4th Traditional Medicine Research Congress. (2013)
- Lab. report, Department of Medical Research (LM)
ဂရိတ်ဓေါ်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သည်။

## ကန့်ကွက်နိုင်သည်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈(ရွှေလင်ဗန်း)၊ လူနေရပ်ကွက်အမှတ်- ဝန်ထမ်းကြီး၊ မြေကွက်အမှတ်-၂၄၅၊ ဧရိယာ(၀. ၀၈၈)ဧက၊ အလျား ပေ(၆၄)×အနံ ပေ(၆၀)အား မူလပိုင်ရှင် အမည်ပေါက်ပိုင်ဆိုင်ခဲ့သူ ဦးထင်မျိုး[၁၂/ဒဂန(နိုင်)၀၁၂၂၆၉]ထံမှ ဦးသန်းစိုးအောင်နှင့် ဦးသန့်ဇင်ထွန်းတို့မှ ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ရာ ၎င်းတို့မှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်မာကြည်[၁၂/လမန(နိုင်)၀၅၂၆၅၆]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။

ယင်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားအပြည့်အစုံဖြင့် ကြော်ငြာသည့်နေ့မှစ၍ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်ရမည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမိုးဇင်(B.A,HGP,DBL) (စဥ်-၁၉၈၅၅)**
**အထက်တန်းရှေ့နေနှင့်ဥပဒေအကြံပေး**
**တိုက်(၆၅)၊ အခန်း(၁၀၃)၊ ကျန်စစ်သားအိမ်ရာ၊**
**(၆)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။**

# မိတ္ထီလာဓမ္မသုခရွှေစည်းခုံစေတီတော် ပထမအကြိမ် ဆီမီး ၁၀၀၀ ပူဇော်

**မိတ္ထီလာ အောက်တိုဘာ ၂၇**

မိတ္ထီလာမြောက်ကန် ပြန်လည်တူးဖော်အောင်မြင်ခြင်း အထိမ်းအမှတ်ဖြင့် မိတ္ထီလာမြောက်ကန်ဦးကန်ထိပ်တွင် တည်ထားကိုးကွယ်သည့် ဓမ္မသုခရွှေစည်းခုံစေတီတော် ပထမအကြိမ် ဆီမီး ၁၀၀၀ ပူဇော်ပွဲကို အောက်တိုဘာ ၂၆ ရက်မှ စတင်ကျင်းပခဲ့ပြီး ၂၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။

"ဒီနေ့ သီတင်းကျွတ်လဆန်း ၁၃ ရက်ကနေ လပြည့်ကျော် ၁ ရက် အထိ ဓမ္မသုခရွှေစည်းခုံစေတီတော် ပထမအကြိမ် ဆီမီး ၁၀၀၀ ပူဇော်ပွဲကို ကျင်းပမှာဖြစ်ပါတယ်။ အလှူရှင်များရဲ့ လှူဒါန်းမှုနဲ့ ဆီမီး ၁၀၀၀ ပူဇော်ပွဲ ကျင်းပတာဖြစ်ပါတယ်။ ဆီမီးခွက်နဲ့ ဝါဂွမ်းဖတ် မီးထွန်းညှိပူဇော်မှာပါ။

"စတီးနဲ့ ပြုလုပ်ထားတဲ့ မြေဆီမီးခွက် ပုံစံမျိုး စတီးဆီမီးခွက်ဖြစ်ပါတယ်။ အလှူရှင်တွေရရှိမှုအနေအထားအရ သီတင်းကျွတ်လပြည့်နေ့အထိလို့ ဗီနိုင်းပိုစတာနဲ့ ကြော်ငြာထားပေမယ့် နောက်ထပ်အလှူရှင်တိုးလာလို့ ဓမ္မသုခရွှေစည်းခုံစေတီတော် ပထမအကြိမ်ဆီမီး ၁၀၀၀ ပူဇော်ပွဲကို သီတင်းကျွတ်လပြည့်ကျော် ၁ ရက်အထိ လေးရက်တိုင် ညစဉ်တိုင်း ပူဇော်ကျင်းပသွားမှာဖြစ်ပါတယ်" ဟု ၎င်းဆီမီးပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မိတ္ထီလာ မြောက်ကန်ဦးကန်ထိပ်တွင် တည်ထားကိုးကွယ်သည့် ဓမ္မသုခရွှေစည်းခုံစေတီတော်မြတ်ကြီး၏ စိန်ဖူးတော်နှင့် ရွှေထီးတော်တင်လှူပူဇော်ပွဲကို ယခုနှစ် စက်တင်ဘာ ၁၉ ရက်က ကျင်းပခဲ့ပြီး နှစ်စဉ်နှစ်တိုင်း ဓမ္မသုခရွှေစည်းခုံစေတီတော် ဆီမီး ၁၀၀၀ ပူဇော်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။

**ချမ်းသာ(မိတ္ထီလာ)**

# မြစိမ်းရောင်ကျေးရွာ စီမံကိန်းစီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်လှစ်

**ဝါးခယ်မ အောက်တိုဘာ ၂၇**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် စိမ်းလန်းအမိမြေ ဖွံ့ဖြိုးတိုးတက်ရေးအသင်းနှင့် ပူးပေါင်းဆောင်ရွက်မှုဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းစီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းကို ယနေ့ နံနက် ၉ နာရီက ဝါးခယ်မမြို့ စာရေကုန်းရပ်ကွက် မြို့နယ်အသင်းခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ထို့နောက် မြောင်းမြခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်ဇင်သိန်းက အဖွင့်အမှာစကားပြောကြားပြီး ဝါးခယ်မမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးလွင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ စိမ်းလန်းအမိမြေ ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ Program Officer ဒေါ်ဇင်ဇင်ထွန်းက သင်တန်းဖွင့်ရခြင်းနှင့် စီမံကိန်းဆိုင်ရာအကြောင်းများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြောင်းမြခရိုင် အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်၊ မြောင်းမြခရိုင် ရဲတပ်ဖွဲ့မှူးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြောင်းမြခရိုင်အတွင်းရှိ မြို့နယ်များမှ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူးများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြစိမ်းရောင် ကျေးရွာစီမံကိန်းကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူ ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်မည်ဖြစ်သည်။

အဆိုပါသင်တန်းကို မြစိမ်းရောင် စီမံကိန်းအကြောင်း ကောင်းစွာသိရှိနားလည်စေရန်၊ ကျေးရွာ ရန်ပုံငွေများကို စနစ်တကျ စီမံခန့်ခွဲရမည့် နည်းလမ်းများ သိရှိနားလည်စေရန်၊ လူထုပူးပေါင်းပါဝင်သော နည်းလမ်းများဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်တတ်စေရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိန် (ဝါးခယ်မ)**

# ပြည်သူများအား မဲပေးခြင်းဆိုင်ရာများ အဆင့်ဆင့်သရုပ်ပြသ

**လိပ်သို အောက်တိုဘာ ၂၇**

ကရင်ပြည်နယ် ဘားအံခရိုင် လိပ်သိုမြို့တွင် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် ပြည်သူများ ဆန္ဒမဲပေးရာတွင် အခက်အခဲမရှိစေရေးအတွက် ရပ်ကွက်၊ ကျေးရွာပြည်သူများအား မဲပေးခြင်းဆိုင်ရာများကို အဆင့်ဆင့် သရုပ်ပြသ ပညာပေးခြင်းကို အောက်တိုဘာ ၂၅ ရက် နံနက်၉ နာရီက အမှတ် (၃) ရပ်ကွက်ရှိမဲရုံတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲဆိုင်ရာပညာပေး သင်တန်းတက်ရောက်ခဲ့ပြီးသည့် မဲရုံမှူးများ၊ ဒုမဲရုံမှူးများက ဆန္ဒမဲပေးမည့် ရပ်ကွက်၊ ကျေးရွာပြည်သူများအား မဲရုံအခင်းအကျင်းနှင့် ကြိုတင်ပြင်ဆင်ခြင်း၊ မဲရုံသုံးပစ္စည်းများ စစ်ဆေးခြင်း၊ ထုတ်ပေးခြင်း၊ ကြိုတင်မဲထုတ်ပေးခြင်း၊ လက်ခံခြင်း၊ မဲရုံဖွင့်၊ ပိတ်ခြင်း၊ ဆန္ဒမဲပေးခြင်း အဆင့်ဆင့်၊ ခိုင်လုံမဲပယ်မဲခွဲခြားသတ်မှတ်ခြင်းနှင့် မဲရလဒ် ချိပ်ပိတ်သိမ်းခြင်းတို့ကို အဆင့်ဆင့် သရုပ်ပြသခဲ့သည်။ **မနွယ်(ပြန်/ဆက်)**




**နေပြည်တော် အောက်တိုဘာ ၂၇**

ရပ်ကွက်၊ ကျေးရွာနေပြည်သူများ အသက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရေး ရည်ရွယ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် Community Clinic လုပ်ငန်းဆောင်ရွက်ပေးခြင်းများကို ဇမ္ဗူသီရိမြို့နယ် အလျင်လိုကျေးလက် ကျန်းမာရေးဌာနမှ လက်ထောက်ကျန်းမာရေးမှူး ဒေါ်ချယ်ရီလှိုင် ခေါင်းဆောင်သော အဖွဲ့သည် အောက်တိုဘာ ၂၆ ရက် နံနက် ၉ နာရီတွင် အောင်ဇမ္ဗူနယ်မြေ(၁၁) အောင်ချမ်းသာကျေးရွာအနောက်ဘက်၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် အသက်ငါးနှစ်အောက်ကလေး ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးဖွားပြီးမိခင်များ၊ သက်ကြီးရွယ်အိုများအား အထွေထွေကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို လက်ထောက် ကျန်းမာရေးမှူးတစ်ဦး၊ သားဖွားဆရာမသုံးဦး၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)နှစ်ဦးတို့က ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သဘာဝသီးနှံအခြေခံစားသောက်ကုန်ထုတ်လုပ်မှုသင်တန်းဖွင့်

**ချောက် အောက်တိုဘာ ၂၇**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင် ကျေးလက်ဒေဖွံ့ဖြိုးရေးဦးစီးဌာနမှ ဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖွင့်ပွဲကို ငွေးချို ကျေးရွာတွင် အောက်တိုဘာ ၂၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါသင်တန်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်ကအဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခင်မောင်ကျော်က အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း အမှတ်စဉ် (၃/၂၀၁၅) သဘာဝသီးနှံ အခြေခံစားသောက်ကုန် ထုတ်လုပ်မှု သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းကာလမှာ အောက်တိုဘာ ၂၆ ရက်မှ ၃၁ ရက်အထိ ခြောက်ရက်ကြာပို့ချမည်ဖြစ်သည်။ **ဝင်းအိမွန်(ပြန်/ဆက်)**

Department of Commerce
Ministry of Commerce & Industry
Government of India

CII
Confederation of Indian Industry

Embassy of India
Yangon, Myanmar

အိန္ဒိယနိုင်ငံမှ စီးပွားရေးအခွင့်အလမ်းများနှင့် တွေ့ဆုံနိုင်မည့် ပြပွဲကြီး

4th Enterprise India
အိန္ဒိယ ကုန်စည်ပြပွဲကြီး

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ(၂၉)ရက်မှ နိုဝင်ဘာလ(၁)ရက်၊ တပ်မတော်ခန်းမ၊ ရန်ကုန်မြို့။ (နံနက် ၁၀ နာရီမှ ညနေ ၅ နာရီ ထိ)

ပြပွဲထူးခြားချက်များ
ကုမ္ပဏီပေါင်း ၇၀ မှ ၄ ရက်ကြာ စီးပွားရေးလုပ်ငန်းပြပွဲကြီး၊ စီးပွားရေးဆွေးနွေးပွဲများနှင့်
နှက်ဝပ်ချိတ်ဆက်ခြင်းလုပ်ငန်းများ၊ ဝန်ကြီးဌာနဆိုင်ရာကိုယ်စားလှယ်များနှင့် ကုန်သွယ်ရေးကိုယ်စားလှယ်များ၊
ဟောပြောပွဲများ နှင့် နှီးနှောဖလှယ်ပွဲများ၊ အိန္ဒိယရိုးရာ နှင့် အိန္ဒိယအစားအစာပွဲတော်

ဝင်ကြေး အခမဲ့

အထူးစိတ်ဝင်စားဖွယ်
အိန္ဒိယ ချည်ထည်များ၊ ပရိဘောဂများ၊ ဖိနပ်များ နှင့် မီးဖိုချောင်သုံးပစ္စည်းများ
ပါဝင်ပြသမည့် လုပ်ငန်းများ - လယ်ယာစိုက်ပျိုးရေးနှင့်ဆက်စပ်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ မော်တော်ယာဉ်နှင့်ဆက်စပ်ပစ္စည်းများ၊ သတ္တုတွင်းလုပ်ငန်းများ၊ ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်းများ၊ ရာဘာနှင့် ပလတ်စတစ်လုပ်ငန်းများ၊ သံနှင့်စတီး လုပ်ငန်းများ၊ အီလက်ထရောနစ်နှင့်လျှပ်စစ်ပစ္စည်းများ၊ ဆေးဝါးများ၊ အစားအစာနှင့်အဖျော်ယမကာထုတ်ပိုးမှုလုပ်ငန်းများ၊ အားကစားပစ္စည်းများ၊ ဆေးလုပ်ငန်းသုံးပစ္စည်းများ၊ ကာကွယ်ရေးသုံး ဆက်စပ်ပစ္စည်းများ၊ တာရှည်ခံ စားသောက်ကုန်များ နှင့် အခြားကုန်ပစ္စည်းများစွာ
ဆက်သွယ်ရန် - မထက်ထက်စံ၊ အိန္ဒိယသံရုံး၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ ၃၈၁၂၅၂၊ ၃၈၈၄၁၂ Email: bcentre@indiaembassy.net.mm

Gold Sponsor: L&T Construction
Catalogue Sponsor: EICHER TRACTORS

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ သဘော်ကျင်းရပ်ကွက်၊ သဘော်ကျင်း(၈)လမ်း၊ အမှတ်(၇၂)ဟုခေါ်တွင်သော (၆)ထပ်တိုက်၏မြေညီထပ် (ထပ်ခိုးအပါအဝင်)နှင့် ဘက်အခြမ်း၊ မြေညီထပ် (ထပ်ခိုးအပါအဝင်)နှင့် အကျိုးခံစားခွင့်များအားလုံးကို ဦးကျော်ဝင်း (၁၂/တမန (နိုင်) ၀၄၉၁၁၅)က တရားဝင်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သစ္စာဝါးဘိုးက စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောတရားဝင်အထောက်အထား(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိုအပြီးအပြတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ -

ဦးကြီးမြင့်(B.A.R.L)
တရားလွှတ်တော်ရှေ့နေ (စဉ် -၅၇၁၅)
အမှတ်(၁၂၂)၊ဒုတိယထပ်(ယာ)၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၃၁၆၂၀၉၁

## ဦးညီချေ(၁၂/ဗဟန(နိုင်)၀၆၁၂၀၅)နှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာချက်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက်၊ ဆရာမကြီးလမ်း၊ အမှတ်-၁၃နေ ဒေါ်ခင်ပြုံးရီ [၁၂/ဗဟန(နိုင်)၀၆၆၆၆၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

၁၄-၁၀-၂၀၁၅ရက်ထုတ် ကြေးမုံသတင်းစာတွင် ဦးညီချေ[၁၂/ဗဟန(နိုင်)၀၆၁၂၁၅]၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်အေးသန်း၏ ဒေါ်ခင်ပြုံးရီ၊ ဦးချစ်ပိုင်နှင့် အုပ်စိုးကျော် ဆောက်လုပ်ရေးတို့အား တားမြစ်ကြောင်း အများသိစေရန် ကြေညာချက်မှာ ဖြစ်ရပ်မှန်ပေါ် ထိမ်ချန်ပြီး တစ်ဖက်သတ်ကြေညာခြင်းဖြစ်ပါသည်။

ဒေါ်ခင်ပြုံးရီနှင့် ဦးညီချေတို့သည်(၁၉၈၉)ခုနှစ်ကပင် တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ကြပြီးနောက် လင်မယားနှစ်ဦး ကြိုးပမ်းရှာဖွေမှုနှင့် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက်၊ ဆရာမကြီးလမ်း၊ အကျယ်အဝန်း ပေ(၂၀×၄၀)ရှိသည့် ဒေါ်ခင်ပြုံးရီ၏ဖခင် ဦးချစ်ပိုင် ဂရန်အမည်ပေါက် မြေကွက်အနက်မှ ပေ(၁၀×၄၀)ရှိမြေကွက်ကို ဝယ်ယူပိုင်ဆိုင်ခဲ့ကြခြင်းဖြစ်ပါသည်။

ဦးညီချေသည် ၂၇-၁၁-၂၀၀၈ရက်တွင် လင်မယားပိုင်ရှာဖွေထားသော ငွေကျပ်သိန်း(၅၀)ကို ယူသွားပြီး ဒေါ်ခင်ပြုံးရီကို အကြောင်းမဲ့စွန့်ပစ်သွားခဲ့ရာ ဒေါ်ခင်ပြုံးရီက ဦးညီချေထံ ရခိုင်ပြည်နယ်သို့ ကိုယ်တိုင်သွားရောက် ခဲ့သည့်အပြင် လူလွှတ်၍ လင်မယားအဖြစ်ပြန်လည်ပေါင်းသင်းပါရန် ဆောင်ရွက်ခဲ့သော်လည်း ဦးညီချေက ဒေါ်ခင်ပြုံးရီကို ပြန်လည်ပေါင်းသင်းရန်ဆန္ဒမရှိသဖြင့်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲကြမည်ဖြစ်ကြောင်း အတိအလင်းပြောဆိုခဲ့ပါသည်။ ဦးညီချေဘက်မှ ဒေါ်ခင်ပြုံးရီကို လင်မယားအဖြစ် ဆက်လက်ပေါင်းသင်း ရန်မပြုတော့ကြောင်း အတိအလင်းပြောဆိုမှုအပေါ် ဒေါ်ခင်ပြုံးရီက လူကြီးစုံရာ အသိပေးအကြောင်းကြား ပြီးနောက် (၇)နှစ်နီးပါးခန့် မိမိတစ်ဦးတည်း ရှာဖွေစားသောက်နေထိုင်ခဲ့ရပါသည်။

ဦးညီချေဘက်က လင်ခန်းမယားခန်းပြတ်စဲပြီး စွန့်ပစ်ထားခဲ့ရာမှ (၇)နှစ်ကျော်ကြာမှ လင်မယားနှစ်ဦးပိုင် လက်ထပ်ပွားပစ္စည်းဖြစ်သည့် ဖော်ပြပါမြေကို ကန်ထရိုက်ဆောက်လုပ်နေခြင်းကို ဆက်လက်ဆောက်လုပ်ခြင်းမပြုရန် ၁၃-၁၀-၂၀၁၅ရက်ထုတ် ကြေးမုံသတင်းစာ၌ တစ်ဖက်သတ် ကြေညာခြင်းဖြစ်ပါသည်။

အချင်းဖြစ်မြေကွက်နှင့်စပ်လျဉ်း၍ ဦးညီချေဘက်မှ တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လာပါကလည်း ဒေါ်ခင်ပြုံးရီဘက်မှ အမှန်တရားပေါ်ပေါက်ရေးအတွက် ရင်ဆိုင်ဖြေရှင်းပါမည်ဖြစ်ကြောင်း ဦးညီချေနှင့်အများသိစေရန် ပြန်လည်ဖြေရှင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ခင်ပြုံးရီ**
**[၁၂/ဗဟန(နိုင်)၀၆၆၆၆၇]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးကျော် (စဉ်-၂၈၉၆၉)**
**ဒေါ်ဇာဇာမျိုးဟန် (စဉ်-၂၇၃၉၈)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၁၀)၊ ဆရာမကြီးလမ်း၊ ဆရာစံ(တောင်)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

# ကလေးဒေသ ရေနစ်လယ်ယာမြေများ၌ စပါးဖြစ်ထွန်းမှုကောင်း



**ကလေး အောက်တိုဘာ ၂၇**

ကလေးမြို့နယ် နတ်မြောင်းကျေးရွာအုပ်စုတွင် ပျက်စီးဧက ၁၉၂၇ ရှိသည့်အနက် လယ်ဧက ၁၈၂၆ ဧကတွင်မိုးစပါးပြန်လည်စိုက်ပျိုးနိုင်ခဲ့ပြီး နတ်ချောင်းကျေးရွာအုပ်စုတွင် ပျက်စီးဧက ၆၇၂၉ ဧကရှိသည့်အနက် ဧကပေါင်း ၄၆၃၆ ဧက ပြန်လည်စိုက်ပျိုးနိုင်ခဲ့သည်။ ပြန်လည်စိုက်ပျိုးပြီး လယ်မြေများတွင် ယခင်နှစ်များထက် စပါးပိုမိုကောင်းမွန်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ် မိုးစပါးကတော့ အလွန်ကောင်းတယ်။ တစ်ဧကကို တင်း ၂၀၀ နှင့်အထက် ထွက်ရှိမယ်လို့ ခန့်မှန်းထားပါတယ်။ ရေကြီးတော့ သဘာဝမြေဩဇာဖြစ်တဲ့ နုန်းမြေတွေကျန်ခဲ့တာကြောင့် မြေဩဇာအလွန်ကောင်းပြီး ဓာတ်မြေဩဇာတောင် မလိုတော့ပါဘူး။ ဒီနှစ်မှာ အရင်နှစ်တွေလိုမျိုး ပျိုးနုတ်ပြီး စိုက်ပျိုးချိန်မရတော့ဘူး။ မျိုးကြဲတဲ့စနစ်ကိုပဲ သုံးနိုင်ခဲ့တာ။ လယ်ယာမြေတွေ ရေကြီးရေနစ်တုန်းကတော့ တောင်သူတွေ စိတ်ဆင်းရဲနေကြတယ်။ အခုတော့ စပါးတွေထင်ထားတာထက် အလွန်ကောင်းလို့ လယ်ယာပိုင်ရှင်တွေ ဝမ်းသာနေကြပါတယ်" ဟု စိုက်ပျိုးရေးဦးစီးဌာနမှဒုတိယဦးစီးမှူး ဦးနွမ်ဆန်းက ပြောသည်။

နတ်မြောင်းနှင့် နတ်ချောင်းကျေးရွာအုပ်စုမှ တောင်သူများသည် ရွှေသွယ်ရင်စပါးနှင့် ပုလဲသွယ်စပါးများ စိုက်ပျိုးကြပြီး အထူးသဖြင့် ပုလဲသွယ်စပါးများ ပိုမိုစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

လွန်ခဲ့သော ဇူလိုင်နှင့် ဩဂုတ်လများတွင် ကလေးဒေသ၌ ထူးကဲစွာရေကြီးမှုကြောင့် ရေနစ်စိုက်ပျိုး မြေဧကပေါင်း ၃၂၁၄၄ ဧကရှိခဲ့ပြီး ၂၉၃၅၈ ဧက ပျက်စီးဆုံးရှုံးခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးနှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ အစည်းအဆင့်ဆင့်တို့၏ မျိုးစေ့များအခမဲ့ ထောက်ပံ့ပေးခြင်းအပြင် သီးနှံပျက်စီးသွားသော အချို့လယ်မြေများ၌ မိုးစပါးပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် မိုးစပါးများ အချိန်မီပြန်လည်စိုက်ပျိုးနိုင်ခဲ့သည်။ **ချင်းတွင်းသား**

# ဝက်လက်မြို့နယ်သမအသင်းစု နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**ဝက်လက် အောက်တိုဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်သမဝါယမအသင်းစု၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို အောက်တိုဘာ ၂၄ ရက် နံနက် ၁၀ နာရီက သမဝါယမအသင်းစုရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးသမဝါမဦးစီးဌာနမှ ကိုယ်စားလှယ် ဦးခင်မောင်စိန်နှင့် တိုင်းဒေသကြီးသမဝါမအသင်းစုချုပ်ကိုယ်စားလှယ် ဦးအောင်ရွှေတို့က အမှာစကားပြောကြားပြီး ၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာနှင့် နှစ်ချုပ်စာရင်းစစ်ဆေးချက်အစီရင်ခံစာများကို အသင်းအမှုဆောင်ဒါရိုက်တာအဖွဲ့ဝင်များက ဖတ်ကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသော အသင်းဝင်ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

ဝက်လက်မြို့နယ်တွင် ကျေးရွာအခြေခံသမအသင်း ၈၂ သင်းရှိပြီး အသင်းသားများကို ၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း တရုတ်နိုင်ငံ Exim Bank ချေးငွေကျပ်သိန်း ၂၂၄၀၀ ကျော်ကို ကျပ်တစ်သိန်းမှ ငါးသိန်းအထိ ငွေကျပ်သိန်း ၄၀၀၀ ကျော်နှင့် လယ်ယာသုံးစက်ကိရိယာများ အရစ်ကျစနစ်ဖြင့် ငွေကျပ်သိန်း ၃၆၅၀ ကျော်တန်ဖိုးရှိ စက်ပစ္စည်းများကို ဝယ်ယူပေးနိုင်ခဲ့ကြောင်း၊ ယင်းသို့ဆောင်ရွက်ပေးနိုင်သဖြင့် ပြည်သူများမှာ အတိုးနှုန်းသက်သာစွာဖြင့် အရင်းအနှီးငွေများရရှိသည့်အပြင် လယ်ယာသုံးစက်ကိရိယာများ အရစ်ကျစနစ်ဖြင့် ဝယ်ယူသုံးစွဲရသဖြင့် ကျေးရွာပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ဝက်လက်မြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးပေါ်ရှင်က ပြောသည်။ **နန်းမြင့်(ဝက်လက်)**

# ဆောမြို့နယ် ငလယ်ခုံကျေးရွာတွင် ပညာသင်စရိတ်ထောက်ပံ့

**ဆော အောက်တိုဘာ ၂၇**

ဂန့်ဂေါခရိုင် ဆောမြို့နယ် ငလယ်ခုံကျေးရွာ မူလတန်းကျောင်းတွင် ပညာထူးချွန်ပြီး ဆက်လက်ပညာသင်ကြားရန်ခက်ခဲသည့် ကျောင်းသား၊ ကျောင်းသူ ၁၃ ဦးတို့အား အောက်တိုဘာ ၂၂ ရက်က ပညာသင်စရိတ်ထောက်ပံ့ပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါပညာသင်ထောက်ပံ့ပွဲတွင် အမှတ် (၂၅) ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးစက်ရုံမှူးက အမှာစကားပြောကြားပြီး ပေါက်ပွံ့ဆိုင်း၊ ငလယ်ခုံ၊ ငှက်ပြာကျင်း ကျေးရွာများမှ တက္ကသိုလ်အဆင့် ပညာသင်ကြားသူ သုံးဦး၊ ပညာရေးကောလိပ်တက်ရောက်သူ တစ်ဦး၊ အထက်တန်းအဆင့် ပညာသင်ကြားသူ ကိုးဦးတို့အား စုစုပေါင်းထောက်ပံ့ငွေမှာ ကျပ် ၁၇ သိန်း ၃ သောင်းကျပ်ထောက်ပံ့ခဲ့သည်။ **(၄၆၅)**

# လက်တွန်းထွန်စက်နှင့် စက်ပြင်သင်တန်း ချောင်းဦးမြို့နယ်တွင် ဖွင့်လှစ်


**ချောင်းဦး အောက်တိုဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် မုံရွာခရိုင် ချောင်းဦးမြို့နယ် သမဝါယမဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် လက်တွန်းထွန်စက်နှင့် စက်ပြင်သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၅ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ချောင်းဦးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်းက အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက သင်တန်းဖွင့်လှစ်ပို့ချရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်းသိရသည်။

ဆက်လက်ပြီး မုံရွာခရိုင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်ညွှန့်က လက်တွန်းထွန်စက်နှင့် စက်ပြင်ဆင်မှုများအကြောင်းကို ဆွေးနွေးခဲ့သည်။

ယင်းနေ့က ဖွင့်လှစ်သော လက်တွန်းထွန်စက်နှင့် စက်ပြင်သင်တန်းကို အောက်တိုဘာ ၂၅ ရက် မှ ၃၁ ရက်ထိ ခုနစ်ရက်ကြာဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား ၂၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်ပြန်/ဆက်(ချောင်းဦး)**


အသိပေးကြေညာခြင်း

OK မှန်လုံယာဉ်အဖွဲ့မှ မန္တလေး ⇌ ရန်ကုန်မြို့များသို့

(၂၇.၁၀.၂၀၁၅) နေ့ စတင်ပြေးဆွဲမည်

ရန်ကုန်လက်မှတ်အရောင်းဌာန (ယခင်ရွှေလီဦးဂိတ်ပေါင်းနေရာ)

၁။ အောင်မင်္ဂလာအဝေးပြေးကားဝင်း မကွေးလမ်းအဆောင် (က-F9) အခန်း ဖုန်း ၀၁-၆၃၇၆၅၁၊ ၀၉-၄၉၂၂၇၃၂၉၊ ၀၉-၅၁၇၈၈၈၃၊ ၀၉-၈၆၂၆၀၅၅

၂။ City Mark ရှေ့ဖဆပလ အိမ်ယာလမ်းကြား။ ဖုန်း ၀၉-၇၃၀၂၆၅၄၆၊ ၀၉-၄၂၀၁၈၈၇၂၈

မန္တလေးလက်မှတ်အရောင်းဌာန (ယခင်ရွှေလီဦးလက်မှတ်အရောင်းနေရာ)

၁။ ချမ်းမြရွှေပြည် တည်းခိုခန်း၊ အခန်း (၁၉)။ ဖုန်း ၀၉-၆၅၀၁၄၄၆

၂။ ချမ်းမြရွှေပြည် အဆောင် (င)၊ အခန်း (၅)။ ဖုန်း ၀၂-၇၈၆၀၂၊ ၀၉-၆၅၀၁၄၄၇

၃။ မန္တလေးမြို့တွင်း၊ အမှတ် (၁၅၂)၊ ၃၁လမ်း၊ ၈၁ × ၈၂ကြား။ ဖုန်း ၀၂-၆၄၅၇၃၊ ၀၂-၃၃၂၈၀

* စာပါဆယ်နှင့် ပစ္စည်းများကို တိကျမှန်ကန်၊ မြန်ဆန်အောင် ဆောင်ရွက်ပေးပါမည်။

* ခရီးသွားပြည်သူများ သက်သာစေရန် လက်မှတ်များကို Discount ပေးထားပါသည်။

* OK ယာဉ်လိုင်းပြေးဆွဲခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက၊ အထက်ပါလိပ်စာများသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ဦးဝိတာ (အုပ်ချုပ်သူ) ဖုန်း ၀၉-၂၀၀၄၂၂၃




လက်ရှိစီးပွားရေးပြုလုပ်နေဆဲဖြစ်သော

Singapore's Kitchen စားသောက်ဆိုင်ကို

လွှဲပြောင်းရယူလုပ်လိုသူ(သို့)

အစုရှယ်ယာပါဝင်လုပ်ဆောင်လိုသူများ

ဆက်သွယ်နိုင်ပါသည်။

ဖုန်း-၀၉-၂၅၀၁၂၀၇၂၂

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

၁။ လှည်းကူးမြို့ သာယာကုန်းကျေးရွာ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ (G)ဥယျာဉ်မြေကျူပြီး၊ ရေပါ-မီးရှိ၊ (40'x60') 80 သိန်း၊ 120 သိန်း

၂။ (1)ထပ်တိုက်၊ (1560 sqft)၊ AC-2 ၊ဘိုထိုင်-3 (350)သိန်း

Ph: 09-31317560, 09-795518355, 09-30281874

# လိပ်ဆင်းတောင်-ဖာလောကျေးရွာချောင်းကူးသစ်သားတံတား ကိုယ့်အားကိုယ်ကိုးတည်ဆောက်မှုပြီးစီး

**ကျွန်းလှ အောက်တိုဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်ရှိ လိပ်ဆင်းတောင်-ဖာလောကျေးရွာ ချောင်းကူးသစ်သားတံတားကို လိပ်ဆင်းတောင် ကျေးရွာဆရာတော် ဦးခေမ္မသာရ၏ ဦးဆောင်မှုကျေးရွာတာဝန်ရှိသူများ၊ ရွာသူရွာသားများက ပစ္စည်း၊လုပ်အားလှူဒါန်းမှုတို့ဖြင့် သစ်သားတံတားတစ်စင်းကို ကိုယ့်အားကိုယ်ကိုးတည်ဆောက်ခဲ့ရာ အောက်တိုဘာ ၂၅ ရက် မွန်းလွဲပိုင်းတွင် တည်ဆောက်ပြီးစီး၍ ခရီးသွားပြည်သူများလွယ်ကူစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်အနောက်ဘက်ခြမ်း ကျေးရွာများမှာ မိုးရာသီတွင် ရေလမ်းကိုသာ အားကိုးပြီး သွားလာရကြောင်း၊ ယခုပွင့်လင်းရာသီ ရောက်သောကြောင့် ဆည်ပတ်လမ်းမှသွားကြရာတွင် လိပ်ဆင်းတောင်ချောင်းကိုမဖြစ်မနေဖြတ်ကူးရသည့်အတွက် သွားလာရေးခက်ခဲခဲ့ကြောင်း ခရီးသွားပြည်သူတစ်ဦးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်အနောက်ခြမ်းတွင် အောက်တိုဘာ ၉ ရက်နေ့က မိုးသည်းထန်စွာရွာသွန်းပြီး လိပ်ဆင်းတောင်-ဖာလောကျေးရွာကြား ချောင်းမှာ ချောင်းရေလျှံ၍သွားလာရေး ခက်ခဲခဲ့သည်။

**မျိုးဝင်းညို(ကျွန်းလှ)**



## သဘာဝဘေးသင့်ပြည်သူများသို့ ဆိုလာ၄၉စုံပေးအပ်

**တွန်းဇံ အောက်တိုဘာ ၂၇**

ချင်းပြည်နယ် တွန်းဇံမြို့နယ် ဆဲဘောက်ကျေးရွာအုပ်စု တီးခိန်ဇန်(က+ခ) ကျေးရွာများတွင် ပြီးခဲ့သည့် ဩဂုတ် ၂၉ ရက် နံနက် ၃ နာရီက ရုတ်တရက် ချောင်းရေကြီးမှုကြောင့် ပျက်စီးသွားသော အိမ်သုံးဆိုလာမီးများအစားထိုးရန်အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးထောင်းဆွင်းမုန်က အောက်တိုဘာ ၂၂ ရက်က ဆိုလာ ၄၉ စုံအား သဘာဝဘေးသင့်ပြည်သူများထံသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**နိုဟောဆာ**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးဟောပြော

**မြင်းခြံ အောက်တိုဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ မော်တော်ယာဉ်ရပ်နားစခန်းအတွင်းရှိ ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီရုံးခန်းမတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးဟောပြောပွဲကို အောက်တိုဘာ ၂၅ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် မြင်းခြံမြို့ရှိ အမှတ် (၉၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုတိယရဲမှူးလှိုင်ဦးက ယာဉ်မောင်းရာတွင် လိုက်နာရမည့်စည်းကမ်းများ၊ လမ်းညွှန်အမှတ်အသားများ၊ ခရီးသည်ပို့ဆောင်ရေးယာဉ်များ လူပိုမတင်ဆောင်ရေး၊ ကုန်စည်များ မတင်ဆောင်ရေး၊ ကုန်စည်ပို့ဆောင်သောယာဉ်များ သတ်မှတ်အလေးချိန်အတိုင်း တင်ဆောင်ရေး ဟောပြောခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လက်ကမ်းစာစောင်များဖြန့်ဝေခဲ့သည် ။ **ဇော်မင်းနိုင် (မြင်းခြံ)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင်များနှင့် တွေ့ဆုံ

**မင်းဘူး အောက်တိုဘာ ၂၇**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် (မကွေးတိုင်းဒေသကြီး တာဝန်ခံ) ဦးမြင့်နိုင်နှင့် မကွေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြည်စိန်၊ မင်းဘူးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် အဖွဲ့ဝင်များသည် မင်းဘူး ခရိုင်အတွင်းရှိ ပွင့်ဖြူမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် တွေ့ဆုံပွဲ အခမ်းအနားကို အောက်တိုဘာ ၂၅ ရက် နံနက် ၁၀ နာရီက ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗိုလ်ဥတ္တမခန်းမတွင် ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ အဖွဲ့ဝင်(မကွေးတိုင်းဒေသကြီး တာဝန်ခံ)က ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသော ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ သိရှိလိုသည်များကို မေးမြန်းရာ မကွေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

ဆက်လက်၍ ပွင့်ဖြူမြို့နယ် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးအောင်စန်းမြင့်က ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်(မကွေးတိုင်းဒေသကြီး တာဝန်ခံ)က ရပ်/ကျေး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ မေးမြန်းသည်များကို ဖြည့်စွက်ရှင်းလင်း၍ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ အဖွဲ့ဝင် (မကွေးတိုင်းဒေသကြီး တာဝန်ခံ)နှင့် အဖွဲ့ဝင်များသည် စလင်းမြို့နယ်သို့ မွန်းလွဲ ၂ နာရီတွင် ရောက်ရှိပြီး စလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ရပ်/ကျေး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွေ့ဆုံပွဲကို ဆက်လက်ကျင်းပခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ အဖွဲ့ဝင် (မကွေးတိုင်းဒေသကြီး တာဝန်ခံ)က အဖွင့်အမှာစကားပြောကြားပြီး၊ တက်ရောက်လာသော ရပ်/ကျေး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များမှ သိရှိလိုသောကိစ္စရပ်များအား မေးမြန်းဆွေးနွေးတင်ခဲ့သည်။

ယင်းနောက် စလင်းမြို့နယ် ရွေးကော်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်မောင်ဆန်းမှ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို တင်ပြဆွေးနွေးပြီးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်ဦးက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများအား ဖြည့်စွက်ဆွေးနွေးခဲ့သည်။

**တင်ထွန်းဦး(မင်းဘူး)**

အ.ထ.က (၄) အလုံ (ယခင်ကူရှင်) ကျောင်းသူ ကျောင်းသားဟောင်းများအသင်း
အသင်းသားစုံညီအစည်းအဝေး ဖိတ်ကြားခြင်း

အ.ထ.က (၄) အလုံ (ယခင်ကူရှင်) ကျောင်းသူကျောင်းသားဟောင်းများအသင်း၏ အသင်းသားစုံညီအစည်းအဝေးကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများနှင့် အသင်းမဝင်ရသေးသော ကျောင်းသားကျောင်းသူဟောင်းများပါ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၁-၁၁-၂၀၁၅ (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - ၀၉ း ၀၀ နာရီ
ကျင်းပမည့်နေရာ - အ.ထ.က (၄) အလုံကျောင်းဝင်း

( နံနက်စာ၊ နေ့လယ်စာ buffet ဖြင့် ဧည့်ခံကျွေးမွေးပါမည် )

မင်္ဂလာသုခ Mingalar Thukha Travels & Tours Co., Ltd.
- 3N/4D USD 580 (Nov 26) - 2N/3D USD 280/180
- 3N/4D USD 370/270 - 5N/6D USD 990
09-250301066/99 01-293407

## ဦးမောင်မောင်ရင်၊ ဒေါ်သီတာဝင်းနှင့် အများသိစေရန်

ကျွန်တော်/ကျွန်မတို့သည် ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ အောင်တံခွန်လမ်းသွယ်၊ အိမ်အမှတ် (၇၂)၊ အကျယ်အဝန်း (၂၆×၅၅)ပေ မြေကွက်ပေါ်တွင် တိုက်သစ်ဆောက်လုပ်ရန် ကန်ထရိုက်တာဟုခေါ်ဆိုသော ဦးဇော်ဇော်နှင့် ၆-၂-၂၀၁၄ရက်တွင် သဘောတူစာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးခဲ့ကြပါသည်။ လပေါင်း ၂၀ ကြာသည့်တိုင်အောင် ဦးဇော်ဇော်မှ ၃ လွှာ RC လောင်းပြီး ဘေးတစ်ဖက်တစ်ချပ်တွင် အုတ်ရိုးအကာ အနည်းအကျဉ်းမျှစီပြီး ဆက်လက်လာရောက်လုပ်ကိုင်ခြင်း မရှိတော့ပါ။ ၂၇-၈-၂၀၁၅ရက်တွင် ကြေးမုံသတင်းစာ၌ ကျွန်တော်/ကျွန်မတို့မှ ကန်ထရိုက်တာဦးဇော်ဇော်နှင့် တိုက်သစ်ဆောက်လုပ်ရန်ချုပ်ဆိုခဲ့သော စာချုပ်အား တရားဝင်ဖျက်သိမ်းခဲ့ပြီးဖြစ်ကြောင်း ကြော်ငြာခဲ့ပါသည်။ ဦးမောင်မောင်ရင်နှင့် ဒေါ်သီတာဝင်းတို့မှ ဝယ်ယူထားသည်ဟုပြောဆိုသော မြေညီထပ်နှင့် ၄ လွှာတို့အား ဝယ်ယူထားခြင်းကိစ္စနှင့်ပတ်သက်၍ ကျွန်တော်/ကျွန်မတို့မှ သိရှိခဲ့ခြင်းမရှိပါ။ မြေရှင်အသိအမှတ်ပြုတစ်စုံတစ်ရာ လက်မှတ်ရေးထိုးပေးခဲ့ခြင်းလည်း မရှိပါ။ ငွေကြေးကိစ္စနှင့်ပတ်သက်ပြီး ငွေလက်ခံယူထားသော ဦးဇော်ဇော်နှင့်သာ သွားရောက်ဖြေရှင်းပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ နောက်နောက်တွင် ကျွန်တော်/ကျွန်မများပိုင်ဆိုင်သော မြေကိစ္စနှင့်ပတ်သက်၍လည်းကောင်း၊ တိုက်သစ်ဆောက်လုပ်နေခြင်းကိစ္စနှင့်ပတ်သက်၍လည်းကောင်း ဝင်ရောက်စွက်ဖက်ခြင်း၊ ဟန့်တားနှောင့်ယှက် ထိခိုက်ပြောဆိုမှုများ ပြုလုပ်မည်ဆိုပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ဦးမောင်မောင်ရင်၊ ဒေါ်သီတာဝင်းနှင့် အများသိစေရန် ကျွန်တော်/ကျွန်မ မြေရှင်များမှ အသိပေးအကြောင်းကြားအပ်ပါသည်။

မြေရှင်များ
ဦးစံလင်း (TGKN- ၀၃၇၄၁၅)
ဦးသက်ပိုင်သျှား [၁၂/သဃက(နိုင်)၁၆၇၉၁၆]
ဦးတင်ဝင်း [၁၂/သဃက(နိုင်)၁၃၃၃၂၄]

**ဖခင်အမည်မှန်**

အထက (၄) တောင်ဥက္ကလာ ဒသမတန်း (A)မှ မလီလီကျန်း၊ ဒသမတန်း(D)မှ မအေးအေးမြတ်၊ နဝမတန်း (B) မှ မစန္ဒာထွန်း တို့သုံးဦး၏ ဖခင်အမည်မှန်မှာ ဦးလျှိုရင်စိန် [၁၃/ကခန(နိုင်)၀၁၀၃၉၈] ဖြစ်ပါကြောင်း။ ဦးလျှိုရင်စိန်

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သားဖြစ်သူ [၁၂/ဥကမ(နိုင်)၁၇၂၀၂၂] ကိုင်ဆောင်သူ မောင်လှိုင်ကိုမင်းသည် မိဘများခွင့်မလွှတ်နိုင်သည့် ပြစ်မှုအား ကျူးလွန်ပါသဖြင့် ယနေ့မှစ၍ ရာသက်ပန် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောကနောင် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမှ တာဝန်ယူမည်မဟုတ်ပါ။

ဦးထွန်းကျော် [၁၂/ကမတ(နိုင်)၀၁၂၄၆၂]
ဒေါ်အုန်းသန်း [၁၂/ကမတ(နိုင်)၀၁၂၉၅၂]

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျိုက်ထိုမြို့ (တောင်ပိုင်း)၊ သီတာလမ်းနေ ဦးလှတင်-ဒေါ်တင်လှတို့၏ တစ်ဦးတည်းသောသား မောင်ငြိမ်းလတ် [၁၀/ကထန(နိုင်)၀၀၀၆၄၀]သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိ၏သဘောဆန္ဒအလျောက် မိဘတို့၏ဂုဏ်သိက္ခာညှိုးနွမ်းအောင် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးလှတင်-ဒေါ်တင်လှ

## အမြန်ပြန်လာပါ

ဒေါ်အုန်းမြင့် မှတ်ပုံတင်အမှတ် (KMYT-001549) ကိုင်ဆောင်သူသည် ၁၆-၁၀-၂၀၁၅ရက် ည ၁၀း၃၀ နာရီတွင် လက်ဝတ်ရတနာပစ္စည်းများနှင့်အတူ အိမ်ပေါ်မှ ဆင်းသွားပါသည်။ သွေးဆောင်ဖြားယောင်းလက်ခံထားသူများကိုဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ပါသည်။ ဦးထွန်းအောင်ကျော်

[၁၂/ရကန(နိုင်)၀၁၉၄၁၃]

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးမြို့နေ ဦးသန့်ဇင်အောင်နှင့်ဒေါ်သီတာအေးတို့၏သမီး မရွှေစင်ထက်[၇/ပခန(နိုင်)၃၅၁၉၄၈]သည် မိဘများခွင့်မလွှတ်နိုင်သည့်အကြောင်းကိစ္စများကို မိမိသဘောအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ မိသားစုနှင့်မသက်ဆိုင်ကြောင်းနှင့် သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးသန့်ဇင်အောင်-ဒေါ်သီတာအေး




- MPT ၏ မိုဘိုင်းဖုန်း သုံးစွဲသူများအားလုံးအတွက် အကျုံးဝင်ပါသည်။
- MPT နံပါတ်အချင်းချင်းသာ SMS ပေးပို့နိုင်မည်ဖြစ်ပါသည်။
- ၂၀၁၅ ခုနှစ် အောက်တိုဘာလ (၂၈)ရက်နေ့(သီတင်းကျွတ်လပြည့်နေ့) တစ်ရက်တည်းသာ ပေးပို့နိုင်မည်ဖြစ်ပါသည်။
- သုံးစွဲသူတစ်ယောက်အနေဖြင့် SMS (၂၈)စောင်အထိ ပေးပို့နိုင်ပါသည်။

CALL CENTER 106 (၂၄)နာရီ အခမဲ့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်

ပြည်သူ့အတွက် SKY NET မှ

ဝါလကင်းလွတ် သီတင်းကျွတ် ဆုမွန်လွှာ

ချစ်ခင်လေးစား မေတ္တာထားအပ်ပါသော
မိဘပြည်သူ ညီအစ်ကိုမောင်နှမ မိတ်ဆွေသင်္ဂဟများ
အားလုံးတို့သည် ယနေ့ကျရောက်သော
ဝါလကင်းလွတ် သီတင်းကျွတ် အခါသမယတွင်
ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ လန်းဖြာ ချမ်းသာ ကြ၍
ကောင်းကျိုး လိုအင်ဆန္ဒဟူသမျှ
တစ်လုံးတစ်ဝတည်း ပြည့်စုံ ကြကာ
အတ္တဟိတ၊ ပရဟိတ၊ နှစ်ဝသောအကျိုးကို
ဆပွားတိုးတက် ဆောင်ရွက်နိုင်ကြပါစေကြောင်း ...




SKY NET မှ မေတ္တာထား၍ ရိုသေလေးစားစွာဖြင့်
သီတင်းကျွတ် ဆုမွန်ကောင်းတောင်းအပ်ပါသည်။


PREMIER®
COFFEE
ပျော်ရွှင်ဖွယ်ရာ သီတင်းကျွတ်အခါသမယမှာ
ပရီမီယာကော်ဖီ နှင့် အတူပျော်ရွှင်နိုင်ကြပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါတယ် . . .
PREMIER
PURE COFFEE MIX
2 Plus 1

# M.K.T Construction Co., Ltd

Y.C.D.C-LC 270 / Y.C.D.C-LC 131 / M.C.D.C-LC 001

"မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်၊
သီတင်းကျွတ်အခါသမယတွင် မြန်မာပြည်သူပြည်သားများအားလုံး
ကျန်းမာချမ်းသာပျော်ရွှင်ပြီး ထံ့ကောင်းခြင်းမင်္ဂလာအဖြာဖြာနှင့်
ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။"

No(111), 42nd Street, Between Maharbandola & Merchant Road, Botahtaung Township, Yangon.
01-398191, 01-382423, 01-245786. 09-73072250, 09-5178478, 09-5124900
Email: marketing@mktconstruction.com. Website: www.mktconstruction.com

---

**VAC** ® VALUE ADDED CONSULTANCY
မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း

(မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသော နိုင်ငံခြားကုမ္ပဏီများမှ အလုပ်ခေါ်နေပြီ)

## Job Openings for Foreign Firms

**Human Resources Director** - Int'l Microfinance Co (1)
- Storng Exp in HR Managerial Field, Able to Set Up HR Dept in New Organization;

**Head Of Legal & Compliance** - Int'l Microfinance Co (1)
-Law Degree,4yrs Exp in Compliance Managerial Position, Pre in Banking Or Finance Institute

**Head Of Risk** - Int'l Microfinance Co (1)
- 3yrs Exp in Credit Risks Management , Extensive Knowledge In Risk Management Process

**Anti - Fraud Manager** - Int'l Microfinance Co (1)
-5yrs Exp in Companying,Financial Institutions,Knowledge In Anti-Fraud Manage Processes

**Chief Accountant Officer** - USD 2000 - Int'l Microfinance Co (1)
- B.Com / CPA / ACCA, Exp On Budgeting & Payment, Book keeping, Reporting (Tax, Social Insurance, State Bank), Tax & SB Authorities Relations, Financial Audit Supervising;

**IT Manager** - USD 1000 - Int'l Microfinance Co (1)
- Any IT Degree, High Exp Admin Skills of Windows 7/8, Linux, Exp CRM System & Server;

**Social Specialist** - Vietnam Co (1)
- University Degree in Rural Development, Social Development Or Other Relevant Field, 7yrs Exp In Relevant Field , Exp in Large Scale Development Projects is Asset;

**Health Specialist** - Vietnam Co (1)
- University Degree in Health Or Other Relevant Field, 7yrs Exp in Relevant Field,Practical Exp In Planning, Implementation and/or Evaluation of Health Plan & Conducts SAI's;

**Field Surveyors** - Vietnam Co (1)
- Exp in Field Surveys, In Particular Focus Group Discussion,Semi Structured Interviews

**Field Team Leader** - Vietnam Co (1)
-7yrs Exp In Negotiating & Liaison with Different Stakeholders, Working Exp in Conflict Zones;

**Field Support Officer** - Vietnam Co (1)
- Degree in Rural Development, Social Development , Exp in Large Scale Developement Projects Is Asset, Dealing with Petty Cash, Budget Preparation, and Budget Clearance;

E-mail ဖြင့်အလုပ်လျှောက်နိုင်သည်။ CV ကို MicroSoft Word File ဖြင့်ပို့ပါ။

များပြားသောအလုပ်အကိုင်အခွင့်အလမ်းများ ⟹ f Like **Value Added Consultancy**
No.118, 6th Floor,23rd St, Latha Tsp, Yangon. E-mail: vacjobsearch@gmail.com
Ph: 01-395921, 01-395922, 09-73022727, 09-5102094

---

## အိတ်ဖွင့်တင်ဒါကြော်ငြာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကော့မှူးမြို့နယ်၊ မြို့ရေပေးရေးလုပ်ငန်းများအတွက် အောက်ဖော်ပြပါ လုပ်ငန်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူတိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် ကော့မှူးမြို့နယ်၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီရုံး(ကော့မှူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး)တွင် ၁၃-၁၁-၂၀၁၅ရက် မွန်းတည့်၁၂နာရီမတိုင်မီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) ဂါလန်(၆၀၀၀၀)ဆံ့ သံကူကွန်ကရစ် ရေစုကန်(၁)ကန်တည်ဆောက်ခြင်း။
(ခ) ဂါလန်(၇၅၀၀၀)ဆံ့ သံကူကွန်ကရစ် ရေစုကန်(၁)ကန်တည်ဆောက်ခြင်း။
(ဂ) ဂါလန်(၁၂၀၀၀)ဆံ့ သံကူကွန်ကရစ် အမြင့်တင်ရေစင်(၃)စင်တည်ဆောက်ခြင်း။
(ဃ) ၆လက်မ PVC ပိုက်လုံး(၁၀၀၀)ဝယ်ယူခြင်း။

၂။ စိတ်ပါဝင်စားသူများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းလိုပါက ကော့မှူးမြို့နယ်၊ အထောက်အကူပြုကော်မတီရုံးတွင် ရုံးဖွင့်ရက်များအတွင်း တင်ဒါစည်းကမ်းအား ဆက်သွယ်ရယူနိုင်ပါသည်။

**(ကော့မှူးမြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ)**
**ဆက်သွယ်ရန်ဖုန်း-၀၉-၂၅၁၀၇၈၁၅၁၊ ၀၉-၄၃၀၃၉၂၅၆၊ ၀၉-၇၉၉၄၀၉၈၅၄**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်းမြို့နယ်)၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၁၊ မြေကွက်အမှတ်(၁၇၂)၊ ဧရိယာပေ(၄၀×၆၀)ရှိ ပါမစ်မြေကွက်၏အမည်ပေါက်ပိုင်ရှင် ဦးတင်အောင် (GF-016682)က အရပ်ကတိစာချုပ်ဖြင့် တစ်ဆင့်ရောင်းချခဲ့ရာမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးစိုးကြွယ်(၁၄/မမန(နိုင်)၂၀၀၈၂၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေခဲ့ပြီးဖြစ်ပါသည်။

သို့ပါ၍ အထက်ဖော်ပြပါ ပါမစ်မြေကွက် ရောင်းချခြင်းနှင့်ပတ်သက်ပြီး ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်ထားမြစ်လိုပါက ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်မာလုံလောက်သော စာချုပ်စာတမ်းမှုရင်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ငြိမ်းငွေ** B.A(Law),LL.B
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၁)**
**၆၀/၆၃၊ (၅-ဘီ)၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၆၈၈၉၅**

---

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးဝဏ္ဏဇော် (CDC No. 94418)၏ (PSC RB, SSA, Tanker, 4 TKS)များမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၀၂၁၉၁၈၀**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ ဖိုးတကွေ့အုပ်စုမှ ပြောင်းရွှေ့ရာတွင်ပါဝင်သူ ဒေါ်သိန်းမြင့်ကြည် (၁၂/ရပသ(နိုင်)၀၉၈၅၈၂)သည် မြေတိုင်းရပ်ကွက်အမှတ်(န/၅၃)၊ မြေကွက်အမှတ်(၁၁၆-က)၊ အကျယ်အဝန်းပေ(၂၀×၆၀)တွင် ပြန်လည်နေရာချထားပေးခဲ့ပါသည်။ အမည်ပေါက် ဒေါ်သိန်းမြင့်ကြည်မှ မြေချပါမစ်မထုတ်ရသေးပါသဖြင့် ၎င်းအမည်ဖြင့်ပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ဤရုံးသို့(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဒေါ်သိန်းမြင့်ကြည် အမည်ဖြင့် မြေချပါမစ်ထုတ်ပေးသွားမည်ဖြစ်ပါသည်။

**မြေယာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရွှေပြည်သာမြို့နယ်**

---

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ SUN INDUSTRIAL CO., LTD. မှ ID No. 149939 (11-10-2013) နှင့် ID No. 172125 (31-12-2013) နှစ်စောင်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၁-၃၈၈၂၄၃၊ ၀၁-၃၉၈၄၆၁**

ကြော်ငြာ

## သဗ္ဗညု ပုထိုးတော်ကြီး(ရန်ကုန်)အလှူရှင်များအား ဖိတ်ခေါ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ကျောက်ရေတွင်းတောင်ပိုင်း၊ သုခလမ်းနှင့် ဓမ္မပါလလမ်းပေါ်တွင်ရှိသော တန်ခိုးကြီး သဗ္ဗညုပုထိုးတော်ကြီး၏ နဝမအကြိမ် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဓမ္မသကစာသင်တိုက်နှင့် သဗ္ဗညုပုထိုးတော်ကြီးကို တည်ထားကိုးကွယ်တော်မူသော အဘွားလေး ဒေါ်ဓမ္မသီ၏ တပည့် ဒါယကာ၊ ဒါယိကာမများ ဖြစ်ကြသော သဗ္ဗညုယောဂီအဖွဲ့နှင့် ညီမရင်း ဒေါက်တာဒေါ်ပညာသိရီက အောက်ပါလုပ်ငန်းစဉ်များကို စီစဉ်ဆောင်ရွက် ဆက်လက်အကောင်အထည် ဖော်လျက်ရှိပါကြောင်း –



၁။ သဗ္ဗညုပုထိုးတော်ကြီးအား (လုံးတော်ပြည့်)အချောသပ်ခြင်းနှင့် ဆေးဖြူသက်နှီး ဆက်ကပ်ပူဇော်ရန်– (၁၀)ပေပတ်လည်တစ်ကွက်ကို ကျပ်(၁)သိန်း။
၂။ အထက်ပစ္စယံစေတီတော်အတွင်း ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ကျပ်(၅)သိန်းနှင့် ထီးတော်တစ်ဆူကို ကျပ်(၅)သိန်းတင်ရန်။
၃။ အထက်ပစ္စယံ လျှပ်စစ်ဆလိုက်မီးတစ်လုံးကို ကျပ်(၁)သိန်းနှင့် LED မီးချောင်းတစ်စုံကို ကျပ်(၁)သောင်း။ နေ့စဉ် လျှပ်စစ်မီးထွန်းညှိပူဇော်နိုင်ရန် ကျပ်(၁)သောင်း။
၄။ ဂန္ဓကုဋီတိုက်အတွင်း သစ္စာမဏ္ဍိုင်တိုင် ဗုဒ္ဓရုပ်ပွားတစ်ဆူကို ကျပ်(၁)သိန်းနှင့် ကျောက်ပြားခင်းတစ်ချပ်ကို ကျပ်(၁)သောင်း ပူဇော်ရန်။
၅။ အဝင်/အထွက် သဗ္ဗညုပုထိုးတော်ကြီး ကမ္ဘည်းတင် မုခ်ဦးကြီးပြုလုပ်ရန်နှင့် ကွန်ကရစ်ကားလမ်း/တံတားတည်ဆောက်ရန် (၁၀)ပေပတ်လည် တစ်ကွက်ကိုကျပ်(၁)သိန်း။
၆။ ဘုရားပရိဝုဏ် မဟာရံ အုတ်တံတိုင်းတစ်ခန်းကို ကျပ်(၁၀)သိန်းနှင့် ကမ္ဘည်းခန်းတစ်ခန်းကို ကျပ်(၃၀)သိန်း ကမ္ဘည်းထိုးလှူဒါန်းရန်။
၇။ ရင်ပြင်တော် နေပူခံကျောက်ပြားတစ်ချပ်ကို ကျပ်(၁)သောင်းခင်းရန်နှင့် သောက်တော်ရေအိုးစင် ကျပ်(၃၀)သိန်း ကမ္ဘည်းထိုး၍ တည်ဆောက်ရန်။
၈။ မုခ်လေးဖက်တွင် တန်ဆောင်းပြာသာဒ်နတ်လမ်း ကျပ်(၃၀)သိန်း ကမ္ဘည်းထိုး၍ တည်ဆောက်ရန်။
၉။ နဂါးရုံဘုရားကြီးဖြိုဖျက်ပြေန်ပြေအာရုံခံတန်ဆောင်း နေ့နံအလိုက် ရေသပ္ပါယ်ဖြိုဖျက်တိုင်၊ နံ့သာတိုင်အိုး တည်ဆောက်ရန်။
၁၀။ အုတ်တစ်ချပ် ကျပ်(၉၀)၊ ဘိလပ်မြေတစ်အိတ်ကျပ်(၅၀၀၀)၊ သဲကားတစ်စီး ကျပ်(၁)သောင်း။ မိမိဆန္ဒအလျောက်လှူနိုင်သည်။
၁၁။ သဗ္ဗညုပုထိုးတော်ကြီးအနီး၌ **သဗ္ဗညုရတနာ** အမည်တွင်သော သိမ်သမုတ်အောင်ပြီးပါပြီ။ သိမ်ဆောက်လုပ်လှူဒါန်းရန်။
၁၂။ ဘုရားကျောင်းတော်ကြီးတွင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်ကြီးများ ပြုပြင်မွမ်းမံရွှေသက်နှီး ဆက်ကပ်ပူဇော်ရန်ဖိတ်ခေါ်ခြင်း။ အလောင်းစည်သူမင်းကြီးကောင်းမှု စည်သူပန်းမြတ်စွာဘုရားကြီး၊ အနော်ရထာမင်းကြီးကောင်းမှုဘုရားကြီး၊ တန်ခိုးတော်အဖုံဖုံ၊အရွယ်တော်အစုံ မြတ်စွာဘုရားရှင်များပြုပြင်မွမ်းမံ ရွှေသက်နှီးဆက်ကပ်ကမ္ဘည်းထိုးပူဇော်ရန်၊ ရွှေအစစ်သက်နှီး ၂လက်မပတ်လည်တစ်ချပ်ကို (၃၆၀)ကျပ်၊ အချပ်ရေပေါင်း(၃၀၀၀၀)ပူဇော်ရမည်ဖြစ်ပါကြောင်း။ မိမိဆန္ဒ အလျောက်လှူနိုင်ပါသည်။ စသည်လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါကြောင်း သဒ္ဓါကြည်လင် ပါရမီရှင်အပေါင်းတို့အား ဘုရားဖူးကြွလာ ကုသိုလ်ယူကြပါရန်ဖိတ်ကြားအပ်ပါသည်။ အထက်ဖော်ပြပါ ကုသိုလ်ရှင်များအား(November 6,2015) နံနက်(၉)နာရီတွင် အလှူတော်ငွေပေးအပ်ပွဲ၊ ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ခြင်းနှင့် ကုသိုလ်ကောင်းမှုအစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေကြမည်ဖြစ်ပါကြောင်း၊ ကိုယ်တိုင်ကြွရောက် ရွှေချယ်မှတ်တမ်းတင် ကမ္ဘည်းထိုးလှူဒါန်းကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

ဆက်သွယ်နိုင်သောဖုန်းနံပါတ် – ဒေါက်တာ ဒေါ်ပညာသိရီ –၀၉ ၇၃၁ ၅၂၁၁၂ ၀၉ ၈၆၂ ၁၁၃၄ ၀၉ ၄၅၀၁၀၄၆၂၅၀

ဝေးကွာသောနေရာမှ လှူဒါန်းလိုပါက PUNNYA SIRI – KBZ Bank(Account No.07012100008223)သို့ ငွေလွှဲ၍ လှူဒါန်းနိုင်ပါသည်။


အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

(နည်းပညာတက္ကသိုလ် TU တက်ရောက်မည့်)
ကျောင်းသား/သူများအတွက်
ဝိုလဲ GTC
ပထမနှစ်မှ B.E,M.E တန်းအထိ
Ph: 09 43057605 , 09 784805259
09 420040902 , 09 420040903

ရာထူး/လစာကောင်းလိုချင်သူများ
အလုပ်ခန့်ထားရန်
၁။ မူကြို ဆရာမ (၂၀)ဦး
၂။ အဆောင်မှူး (၅)ဦး
၃။ ကျောင်းစာရေး/မ (၅)ဦး
လိပ်စာ

B.L.T Travels
ကျိုက်ထီးရိုး (နေ့စဉ်) 8000
ချောင်းသာ (နေ့စဉ်) 12000
09-796262652, 09-73163538




ကြော်ငြာ

## ရွှေရတုမင်္ဂလာနှစ်ပတ်လည်ဆုတောင်းလွှာ

သားတို့သမီးတို့၏ ကျေးဇူးရှင်ဖခင်ကြီးဖြစ်သော **ဦးငွေဇင်** [မန်နေဂျာ(ငြိမ်း) မြန်မာ့ကုန်တိုက်]နှင့် မိခင်ကြီး **ဒေါ်ခင်ရီ**တို့၏ အိမ်ထောင်သက် နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာနေ့မြတ် ၂၈-၁၀-၂၀၁၅ရက်မှသည် စိန်ရတု၊ ပတ္တမြားရတုတိုင်အောင် သာယာပျော်ရွှင် ချမ်းမြေ့ဖွယ်ကောင်းသော အိမ်ထောင်ရေးခရီးလမ်းကို ဖေဖေ၊ မေမေတို့နှင့်အတူ လက်တွဲပြီး ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာ ဘာသာ၊ သာသနာအကျိုး ဆောင်ရွက်လျက် လျှောက်လှမ်းနိုင်ကြပါစေကြောင်း သားသမီးမြေးများမှ ဂါရဝပြုဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**ချစ်သားကြီး** - **ဦးဝင်းဇော်** [2nd Mate (F.G)]- **ဒေါ်အေးသဇင်သိန်း** [လ/ထ ဦးစီးမှူး(ငြိမ်း)၊ ငါးလုပ်ငန်းဦးစီးဌာန]

**ချစ်သားငယ်** - Capt; **မျိုးဇော်** Master(F.G)

**ချစ်သမီးကြီး** - **ဗိုလ်ကြီးအောင်ဇော်ဦး(ငြိမ်း)-ဒေါ်ဇင်ကေသွယ်**

**(လ/ထ ညွှန်ကြားရေးမှူး၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန)**

**ချစ်သမီးငယ်** - **ဒေါက်တာဇင်မေသွယ် (တွဲဖက်ပါမောက္ခ၊ ဒဿနိကဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)**

**ချစ်မြေးများ** - **မမြတ်ဘုန်းပြည့်မှူး** [Grade(8-G) အထက(၁)ဒဂုံ]

**မောင်ဘုန်းထက်အောင်(ခ) မြတ်မင်းခန့်**[Grade(4-B) **အထက(၁)ဒဂုံ** Primary (III) ILBC Weekend]

**မောင်သုတပြည့်စုံ(ပိုင်းမူကြို)**


**အာရှနဂါး**

Asia Dragon ကျိုက်ထီးရိုး

ချောင်းသာ/ငွေဆောင်

Ph: 01 707062, 09 799100100

01 703790, 09 797100100

စာအုပ်စာပေ လှူမိတ်ဆွေ


**သီတင်းကျွတ်ကာလ မိုးကုတ်ဝိပဿနာ စတုတ္ထအကြိမ် တရားစခန်းပွဲ**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၁၆)ရပ်ကွက် (မြို့ဦးစေတီ) ဘုတာရုံမွေရိပ်သာကျောင်းတိုက်တွင် သီတင်းကျွတ်ကာလ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း ကြီးအင်းတောင်ဆရာတော်မှ ဟောမှာ ပြစ်၍

၁၃၇၇-ခုနှစ် သီတင်းကျွတ်လဆုတ် (၈) ရက်၊ (၅-၁၁-၂၀၁၅) ကြာသာပတေးနေ့မှ ၁၃၇၇-ခုနှစ် သီတင်းကျွတ်လကွယ်၊ (၁၁-၁၁-၂၀၁၅) ဗုဒ္ဓဟူးနေ့ထိ ကျင်းပပြုလုပ်မည် ဖြစ်ပါ၍ တရားစခန်းဝင်ယောဂီများ၊ (၄-၁၁-၂၀၁၅) ဗုဒ္ဓဟူးနေ့ညနေ ကြွရောက်ပါရန် နိဗ္ဗာန်အကျိုးမျှော် နှိုးဆော်အပ်ပါသည်။

(မယ်တော်ကြီးဆောင် ယောဂီများ ကောင်းမှု)

ဖုန်း- ၀၉၅၄၀၂၈၈၅၊ ၀၉၄၂၀၈၂၉၃၁ (ဆွမ်းဒါနပေးရမည့်နေ့ကို စွင့်ပြုပေးပါမည်။)


**K . T . AUNG Travels & Tours**

NOK AIR လေယာဉ်လက်မှတ်များကို တရားဝင်ကိုယ်စားလှယ်အဖြစ်စတင်ရောင်းချနေပါပြီ

ရန်ကုန် ⟷ မဲဆောက် ⟷ ရန်ကုန် အသွားအပြန်ခရီးစဉ်

Passport & Air Ticket Included

Ph: 09 798421949, 09 970134049, 09 425281244, 09 252858844, 09 798467178, 01 553825

**မိုးမြင့်ကြယ်**

ကျိုက်ထီးရိုး (ငြိမ်း) 33000

ချောင်းသာ Hotel(ငြိမ်း) 35000 / 45000

ငွေဆောင် Hotel 45000

ကားမျိုးစုံစင်းလုံးငှားစီစဉ်ပေးသည်။

01-549380,09-5093704,09-450012971

Fully Auto

ခေတ်မီမြေအုတ်စက် ရပြီ

09 420035882, 09 73199410

09 420035884, 09 73199257

**ကား** မျိုးစုံ

(Alphard/Crown/MarkII/အနဲတတုံး/Hiace၉/၁၃ယောက်စီး၂၄/၂၆/၃၃/၄၅/၄၉ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင်ရှိသောသောဈေးနှုန်းဖြင့်အငှားလိုက်ပါသည်။

Ph:09795549249,095418126







**သီတဂူ ရွှေပြည်ဟိန်း ဆေးရုံ နိုဝင်ဘာလ၊ ၁၄-၁၅၊ (၅၃)ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါနပါဝင်လှူဒါန်းနိုင်**

အောက်တိုဘာလ(၁၀)ရက် (၅၂)ကြိမ်အထိ မျက်စိဝေဒနာရှင် ဦးရေ(၆၇၀၀)ပြည့် အလင်းဒါနပြုလုပ်ပြီးဖြစ်ပါသည်။ နိုဝင်ဘာလ (၁၄၊ ၁၅)ရက်တွင် ၅၃-ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀ဝိ/-ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူ ရွှေပြည်ဟိန်း ကျောက်ခေါင်းနှင့်ရွှေပြည်ဟိန်းကျောင်း ပြည်သာယာ၊ ရန်ကင်း၊ (ကျိုက္ကဆံစုပါဝင်။ တာမွေလေး။ သံလမ်းအနီး) ဖုန်း- ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉
ရွှေဂုံတိုင်ကမ္ဘောဇဘဏ် အရှင်စေတသိက်ငွေစာရင်း (AccountNo.00750100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း၊ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ဂီတမျိုးမောင်လှအေးစီစဉ်တင်ဆက်သော "လက်ရွေးစင်မြန်မာဂီတတီးလုံးများ"**

**[CLASSICAL MUSIC OF MYANMAR (Vol. 1 - 6)]**




"သင့်ရဲ့အိမ်မှာဖြစ်စေ၊ သင့်ရဲ့ဆိုင်မှာဖြစ်စေ၊ ဟိုတယ်မှာဖြစ်စေ၊ ကားမောင်းနေရင်းဖြစ်စေ၊ နိုင်ငံခြားသားများကို ဂုဏ်ယူဝင့်ကြွားစွာ လက်ဆောင်ပေးလို၍ဖြစ်စေ သာယာငြိမ့်ညောင်းပြီး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ကြည်နူးဖွယ် မြန်မာ့ဂီတတီးလုံးများကို နားဆင်လိုသူများအတွက်.. **Audio CD** များထွက်နေပါပြီ"

**ဝယ်ယူရရှိနိုင်သောနေရာများ**

Tab Book (တော်ဝင်စင်တာ)၊ ဂမုန်းပွင့်ကုန်တိုက်၊ စိန်ဂေဟာ၊
City Mart Super Market၊ Ocean Super Market၊
Orange Super Market၊ Super One ကုန်တိုက်၊
မန်းသီရိတေးသံသွင်း။ လသာတေးသံသွင်း။
ထိပ်တန်းတေးသံသွင်း(ပျဉ်းမနား)၊
ပညာရွှေတောင်စာအုပ်ဆိုင်၊ စာပေလောက-၂(ပန်းဆိုးတန်း)၊
Victoria ကုန်တိုက်(Excell Tower၊ ဘုရင့်နောင်၊ လှိုင်သာယာ)၊
Feel စားသောက်ဆိုင်(၁၁၅) မိုင်နှင့်(၂၇၅)မိုင်၊
ZTH ဆီဆိုင်နှင့်စတိုး(မိုင်၂၀၀၊ နေပြည်တော်)

ဖြန့်ချိရေး - Golden Land Music Production
Ph: - 01 295 588, 01 297 918



## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ကြည်
## အသက်(၉၂)နှစ်
### (သံတွဲမြို့)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစန်းဝေနှင့် ဇနီး ဒေါ်ခင်စန်းကြည်တို့၏ မိခင်ကြီး ဒေါ်ခင်ကြည် အသက်(၉၂)နှစ်သည် ၂၅-၁၀-၂၀၁၅ရက် ညနေ ၅း၁၅ နာရီတွင် (၄)ရပ်ကွက်၊ စိတ္တာသုခလမ်း၊ သံတွဲမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိသည့်အတွက် မိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရ ပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စောမြိုင်(မာန်အောင်)
## အသက်(၈၃)နှစ်

မာန်အောင်မြို့နယ်၊ မျှော်တော်ဦးကျေးရွာနေ ဒေါ်စောမြိုင် (၈၃)နှစ်သည် ၂၃-၁၀-၂၀၁၅ ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးကျော်ဇော မိသားစု**
**ဦးအောင်သိန်းရွှေ-ဒေါ်ဖြူဖြူဝင်း မိသားစု**
**ကြေးမုံသတင်းစာတိုက်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးသောင်းလှိုင် (M.A.Q.II, H.G.P,R.L)
### တရားလွှတ်တော်ရှေ့နေကြီး
## အသက်(၇၂)နှစ်

လက်ပံတန်းမြို့အသင်း(ရန်ကုန်)၏ အလုပ်အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဦးသောင်းလှိုင် အသက်(၇၂)နှစ်၊ တရားလွှတ်တော်ရှေ့နေကြီး၊ ရန်ကုန်၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှု(၂)လမ်း၊ အမှတ်(၁၀၆)နေ ဒေါ်ဖွားသက်(ခ)ဒေါ်ဖွားကြည်၏ ချစ်လှစွာသောခင်ပွန်းသည် ၂၂-၁၀-၂၀၁၅ (ကြာသပတေးနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရခြင်းဖြစ်ပါသည်။

**လက်ပံတန်းမြို့နယ်အသင်း(ရန်ကုန်)**
**အလုပ်အမှုဆောင်အဖွဲ့နှင့်အသင်းဝင်များ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအေးသိန်း
## အသက်(၆၉)နှစ်
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန
### BE Civil (65 Intake RIT)

သူငယ်ချင်း ဦးအေးသိန်းသည် ၂၃-၁၀-၂၀၁၅(သောကြာနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**(၁၉၆၄ နှင့် ၁၉၆၅)ခုနှစ်**
**ပထမနှစ် ရန်ကုန်စက်မှုတက္ကသိုလ်**
**ကျောင်းသား/ကျောင်းသူဟောင်း သူငယ်ချင်းများ**

---

## လုပ်ငန်းတံဆိပ်၊ အမည်၊ အမှတ်အသားကို တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသီဟသူရ[၁၄/ဟသတ(နိုင်)၂၂၅၆၀၃]မန်နေဂျာ၊ မြတ်မိဘ ကုမ္ပဏီလီမိတက်၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်- ၁၃၀၀/၂၀၁၃-၂၀၁၄ ၊ အမှတ်(၁၁၁)၊ ရန်ကုန်-အင်းစိန် လမ်းမကြီး၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့နေထိုင်သူ၏ လွှဲအပ် ညွှန်ကြားချက်အရ အောက်ဖော်ပြပါ အမည်နာမ တံဆိပ်အမှတ်အသားကို

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၁၂-၈-၂၀၁၅ ရက်နေ့တွင် စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၁၁၀၄၂/၂၀၁၅)ဖြင့် မှတ်ပုံတင်၍ အစိမ်းရောင်ဘောင်ကွပ် ဒိုင်းမွန်းပုံတွင် နေနှင့်လ ကိုယ်စားပြု၍ ညောင်ရွက်(၃)ရွက်ပုံစံအတွင်း၌ (MMB) မြတ်မိဘ ကိုယ်စားပြု အမည်တံဆိပ်ဖြင့် ဆောက်လုပ်ရေးလုပ်ငန်းနှင့် ယာဉ်ယန္တရားတို့တွင် အမှတ်တံဆိပ်အဖြစ်သော်လည်းကောင်း၊ ဆေးဝါးအမျိုးမျိုးနှင့် စားသောက်ကုန်အမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကို အထက်ဖော်ပြပါ မြတ်မိဘတံဆိပ် အမည်အမှတ်အသားဖြင့် ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိသော မြတ်မိဘ စားသောက်ကုန်ပစ္စည်းအမျိုးမျိုးနှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့တွင် ပလတ်စတစ်ဘူး၊ ဖန်ပုလင်း၊ ပလတ်စတစ်အိတ်၊ စက္ကူပတ်၊ စက္ကူရွက်၊ စက္ကူဘူး၊ စက္ကူပုံး၊ စက္ကူအိတ်၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်း အစရှိသည်တို့အပေါ်တွင်လည်း ယင်းအမှတ်အသားကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ကို ပြုလုပ်ကာ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုး၌ ထည့်သွင်းအသုံးပြုသည့်ပစ္စည်းများတွင် ကပ်နိုပ်၊ ဖိနှိပ်၊ အသားတံဆိပ်ရိုက်နှိပ် ရောင်းချသွားမည်ဖြစ်ပါသည်။ ယင်းသို့ ဖြန့်ချိရောင်းချရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင်သာမက ပြည်ပနိုင်ငံများသို့လည်း ဖြန့်ဝေရောင်းချသွားမည်ဖြစ်ပါသည်။ ထို့ပြင် မြတ်မိဘအမှတ်အသားဖြင့် စာရွက်စာတမ်းများတွင် ခေါင်းစီးစာသားအဖြစ် အသုံးပြုခြင်း၊ လက်ကမ်းကြော်ငြာ၊ ဆိုင်းဘုတ်များ၊ ဗီနိုင်းဖြင့်ကြော်ငြာခြင်း၊ အင်တာနက်၊ ဖေ့စ်ဘွတ် အစရှိသည့် ဆက်သွယ်ရေးကွန်ယက်ဖြင့် ကြော်ငြာခြင်း၊ တံဆိပ်တုံး၊ ငွေရပြေစာ၊ ဖြတ်ပိုင်းပေါ်တို့တွင်လည်း အသုံးပြုသွားမည်ဖြစ်ပါသည်။ ထို့ကြောင့် မြတ်မိဘ စားသောက်ကုန်ပစ္စည်းအမျိုးမျိုးနှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးရှိ မြတ်မိဘ ကိုယ်စားပြု တံဆိပ်အမှတ်အသားသည် ကျွန်ုပ်မိတ်ဆွေတစ်ဦးတည်း မူပိုင်ဖြစ်ကြောင်း၊ အထက်ဖော်ပြပါ လုပ်ငန်းတံဆိပ်အမှတ်အသားကို တစ်စိတ်တစ်ဒေသဖြစ်စေ၊ လုံးဝဖြစ်စေ၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား ပြုလုပ်၍ မည်သူမဆို အသုံးပြုခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ ရှိလာပါက မည်သူ့ကိုမဆို နစ်နာမှုအရပ်ရပ်အတွက် ဥပဒေနှင့်အညီ ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့ဖြင့် အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်သဇင်မျိုး (LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၂၄၄၂၈)**
**အမှတ် (၂/အေ) (၂၀၅)၊ ရတနာမွန်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ထားရီ
## အသက် (၉၅)နှစ်

တောင်တွင်းကြီးမြို့နေ ဒေါ်ခင်ဌေးမြင့်(O.R)၏ ချစ်လှစွာသော မိခင်ကြီးသည်၂၂-၁၀-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**စီးပွားရေးတက္ကသိုလ်(၁၉၇၁-၇၅)**
**သူငယ်ချင်းများ**
**(71-75)Group**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးလှစိန်
## အသက်(၈၅)နှစ်
### မီတာစာရေး(ပ)၊ MEPE (ငြိမ်း)

လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်းဝင်၊ သက်ကြီးကန်တော့ခံပုဂ္ဂိုလ်ဖြစ်သူ ဦးလှစိန် အသက်(၈၅)နှစ် သည် ၂၁-၁၀-၂၀၁၅ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ညွန့်ရီ (အင်္ဂလုံး)
## အသက်(၈၅)နှစ်

သူငယ်ချင်း ဗိုလ်မှူးတင်ဝင်း(ငြိမ်း)-ဒေါ်သူဇာရွှေတို့၏မိခင် ဒေါ်ညွန့်ရီ သည် ၂၅-၁၀-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်း၊အမှတ်စဉ်(၆၆)မှ သူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်အုန်းမြင့်
## အသက် (၈၁)နှစ်

တေဇ(၉)မှသူငယ်ချင်းဗိုလ်မှူးကြီးခင်မောင်ဆင့်(ငြိမ်း)-ဒေါ်နီလာဦးတို့၏ မိခင်ကြီး ဒေါ်ခင်အုန်းမြင့်သည် ၂၆-၁၀-၂၀၁၅(တနင်္လာနေ့) နံနက် ၇း၂၀နာရီ တွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**တေဇ(၉)မှ သူငယ်ချင်းများနှင့်မိသားစုဝင်များ**

---

THE REAL LIVES REAL STORIES
ordinary people with extraordinary stories
volume - 29
အောက်တိုဘာလ ၂၅ ရက် ထွက်ပြီ
၀၉၉-၇၉-၆၀-၆၀-၁၀
၀၉၉-၇၉-၆၀-၆၀-၂၀

---

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၀၃)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
## ၂၀၁၅ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၆၈

နော်ဂျဲနက် --------- လျှောက်ထားသူ

ကွယ်လွန်သူ ဒေါ်နော်နော်၏ သေတမ်းစာနှင့်စပ်လျဉ်း၍ သေတမ်းစာအတည်ပြုချက် လက်မှတ်လျှောက်ထားမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၃၈၈)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်နော်နော်၏ သေတမ်းစာအတည်ပြုချက် လက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် နော်ဂျဲနက်က အမွေဆက်ခံခြင်းဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ ၁၂ရက်(၁၃၇၇ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်နော်နော်၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည် အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်)ဆိုခဲ့သော ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ ၁၂ရက် (၁၃၇၇ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ရက်)နေ့ နံနက် ၁၀နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် သေတမ်းစာအတည်ပြုချက် လက်မှတ်မထုတ်မပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃ နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော နော်ဂျဲနက်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချမှတ်မည်။

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင့်လွင်)**
**ဒုတိယခရိုင်တရားသူကြီး(၇)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

---

## အထူးကျေးဇူးတင်ရှိခြင်း
## အရာခံဗိုလ်ဦးလှတင်(ငြိမ်း)
### ဆေးတပ်/ဆက်သွယ်ရေးတပ်
## အသက်(၇၈)နှစ်

၂၇-၉-၂၀၁၅ရက်တွင် ကွယ်လွန်သူ ကျေးဇူးရှင်ဖခင်ကြီးကို ၂၉-၉-၂၀၁၅ရက်တွင် မီးသဂြိုဟ်ပြီး ကျန်ရစ်သောအရိုးပြာအိုးအား ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးစီးပြီးဖြစ်ပါသည်။ ဖခင်ကြီးနာရေးကိစ္စအဝဝတွင် ကိုယ်ရောစိတ်ပါ ဝိုင်းဝန်းကူညီကြသော ဆရာသမားများ၊ ဆွေမျိုးများ၊ လုပ်ဖော်ကိုင်ဖက်များ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

## တစ်လပြည့်လွမ်းဆွတ်သတိရခြင်း
## အရာခံဗိုလ်ဦးလှတင်(ငြိမ်း)
### ဆေးတပ်/ဆက်သွယ်ရေးတပ်
## အသက်(၇၈)နှစ်
## ၂၇-၉-၂၀၁၅၊ ၂၇-၁၀-၂၀၁၅

မိသားစုအပေါ် အရမ်းတာဝန်ကျေပြီး၊ အရမ်းချစ်ခဲ့တဲ့ ကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်သွားသည်မှာ တစ်လပြည့်မြောက်ပြီနော်၊ နေ့စဉ် သတိရလျက် ကုသိုလ်ကောင်းမှုများ ပြုလုပ်ပေးလျက်ရှိပါတယ်။ ရောက်ရာဘုံဘဝမှ သာဓုခေါ် ဆိုနိုင်ပါစေ။

**ချစ်ဇနီး-ဒေါ်သန်းသန်းရွှေ**
**သား-မောင်တင်ထွန်း-မယုယုခင်**
**သမီးကြီး-မောင်မင်းသူထွန်း-မစိုးစိုးခင်**
**သမီးလတ်-မယုယုမော်**
**သမီးငယ်-မောင်မြင့်ရွှေ-မယုယုကျော်**
**နှင့် ချစ်မြေးများမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအေးသိန်း(ပြည်)
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန
## အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅၀၈)၊ ဇေယျာခေမာလမ်း၊ ကုန်းမြင့်ရိပ်သာနေ ဦးအေးသိန်း(ညွှန်ကြားရေးမှူး-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန) သည် ၂၃-၁၀-၂၀၁၅ (သောကြာနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ**
**ဆည်မြောင်းဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအေးသိန်း(ပြည်)
### B.E(Civil)72 Batch
### ညွှန်ကြားရေးမှူး(ငြိမ်း)ဆည်မြောင်းဦးစီးဌာန
## အသက် (၆၉)နှစ်

ချစ်သူငယ်ချင်းဦးအေးသိန်း မမျှော်လင့်ဘဲကွယ်လွန်သွားသဖြင့် 72 Batch BE(Civil) ဘွဲ့ရသူငယ်ချင်းများအားလုံးမှ အထူးဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်း ကောင်းရာသုဂတိလားပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်သူငယ်ချင်းများ**

---

## ဦးဌေးမြင့်[၁၂/လမတ(နိုင်)၀၀၉၉၆၀]နှင့် ဦးဌေးမြင့်၏ အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်မြတ်မြတ်မွန်နှင့် အများသိစေရန်

ကျွန်ုပ်အား လွှဲအပ်ညွှန်ကြားသူ ဒေါက်တာ ဝိုင်းနွေနွေဦး[၁၂/ကမတ(နိုင်)၀၀၁၂၆၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဒေါက်တာဝိုင်းနွေနွေဦးသည် အမှတ်-၄၅၊ ယုဇနလမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈. ၁၁)၊ ကမာရွတ်၊ မြေကွက်အမှတ်-၈၇/D၊ အကျယ်အဝန်း (၀. ၁၉၅)ဧကရှိမြေကွက်နှင့်အိမ်အား ဦးစံငွေဆိုသူထံမှ (၁၀-၇-၂၀၀၁)ရက်စွဲပါ “နှစ်ဦးသဘောတူ အိမ်ခြံမြေအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်”ဖြင့် လက်ရောက်ရယူပိုင်ဆိုင်ခဲ့ပြီး ယနေ့ထိတိုင် တရားဝင် လက်ရှိနေထိုင်သူ တစ်ဦးဖြစ်ပါသည်။

ဒေါက်တာဝိုင်းနွေနွေဦးမှ (၁၃)နှစ်တိုင် လက်ရှိပိုင်ဆိုင်ရယူထားသော အိမ်ခြံမြေကွက်နှင့် ပတ်သက်ပြီး ၂၀၁၄ခုနှစ်တွင် ကွင်းဆင်းကြည့်ရှုရာမှ ဦးဌေးမြင့် (ယုဇနဆောက်လုပ်ရေး)မှ ၎င်းပိုင်ဆိုင်သည်ဟုဆိုကာ လှိုင်မြို့နယ်၊ ပိတောက်ချောင်းရဲစခန်းတွင် ပုဒ်မ-၄၄၇အရ ပြစ်မှုကြောင်းဖြင့် အမှုဖွင့်အရေးယူခဲ့ပြီး ဥပဒေအကြံပြုချက်အရ ပြစ်မှုကြောင်းမမြောက်သဖြင့် ဒေါက်တာ ဝိုင်းနွေနွေဦးမှာ တရားစွဲဆိုခြင်း မခံခဲ့ရပါ။

ဒေါက်တာဝိုင်းနွေနွေဦး၏ ခိုင်လုံသော အထောက်အထားများဖြင့် လက်ရောက်ရယူပိုင်ဆိုင်ထားသည့် မြေကွက်နှင့် စပ်လျဉ်းပြီး ဦးဌေးမြင့်(ယုဇနဆောက်လုပ်ရေး)မှ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တွင် တရားမကြီးမှုအမှတ်-၁၀၅/၂၀၁၄ဖြင့် “တရားလို၏ မြေကွက်ပေါ်တွင် မည်သည့် အခွင့်မျှမရှိဘဲ ကျူးကျော်ဝင်ရောက်နေထိုင်သူ တရားပြိုင်အားဖယ်ရှားပြီး ယင်းမြေကို လက်ရောက်ရလိုမှု”ဖြင့် ထပ်မံတရားစွဲဆိုထားခြင်းကြောင့် အဆိုပါ မြေကွက်၊ အိမ်နှင့်စပ်လျဉ်း၍ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ စွန့်လွှတ်ခြင်း၊ အခြားနည်းပေးကမ်းခြင်းများ မပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါက်တာ ဝိုင်းနွေနွေဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **လွှဲအပ်သူ** | **ဦးထင်ကျော်** |
| **ဒေါက်တာ ဝိုင်းနွေနွေဦး** | **B.Sc.,H.G.P,R.L** |
| **[၁၂/ကမတ(နိုင်)၀၀၁၂၆၂]** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၅၃၁၅)** |
| | **အမှတ်(၁၃၈)၊ ပထမထပ်၊ (၃၂)လမ်း(လယ်)၊** |
| | **ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း-၂၄၃၅၆၈၊ ၀၉-၅၁၈၆၀၂၁** |

ကြော်ငြာ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးသင်(သန်လျင်) (၈၉)နှစ်

သန်လျင်မြို့၊ ပဲခူးစုရပ်ကွက်၊ အမှတ်(၁၈၂)၊ ဗိုလ်ချုပ်နေဝင်းလမ်းနေ (ဦးမြမောင်)၏ဇနီး၊ (ဦးမောင်တင်)-ဒေါ်အုန်းမြင့်၊ ဦးမြင့်အေး-ဒေါ်မြင့်မြင့်ဦး၊ ဦးမြင့်ရွှေ-ဒေါ်ခင်မာကြည်၊ ဦးဇော်ဝင်းလတ်-ဒေါ်တင်တင်ရီ (နေလ လေထိုးကျွတ်ဖာ)၊ ဦးခင်မောင်မြင့်(မြို့နယ်ဦးစီးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တိုက်ကြီး)-ဒေါ်ခင်ပြုံး၊ ဒေါ်စန်းစန်းမြင့်(အလယ်တန်းပြ၊ အထက-၁၊ သန်လျင်)၊ ဦးမြင့်ကြိုင်(ခရိုင်မြေစာရင်းဦးစီးမှူး၊ တာချီလိတ်ခရိုင်)-ဒေါ်ထိုက်ထိုက်၊ ဒေါ်တင်ပြုံးချစ်(ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ ရုံးချုပ်၊ နေပြည်တော်)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေးကိုးယောက်၊ မြစ်ငါးယောက်တို့၏အဘွား ဒေါ်အေးသင်သည် ၂၆-၁၀-၂၀၁၅(တနင်္လာနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၅(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ကြည် (သံတွဲမြို့) (၉၂)နှစ်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစန်းဝေနှင့် ဇနီး ဒေါ်ခင်စန်းကြည်တို့၏ မိခင်ကြီး ဒေါ်ခင်ကြည် အသက်(၉၂)နှစ်သည် ၂၅-၁၀-၂၀၁၅ရက် ညနေ ၅း၁၅ နာရီတွင် (၄)ရပ်ကွက်၊ စိတ္တာသုခလမ်း၊ သံတွဲမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးမော်သာထွေး ဇနီး ဒေါ်ခင်ခင်ကြီး**
**ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်နိုင်းရွှေဟန်
## အသက်(၉၂)နှစ်

ဦးစိုင်းမောင်မြင့်-ဒေါ်မော်လီဝင်းတို့၏မိခင်ဖြစ်သူ ဒေါ်နိုင်းရွှေဟန် အသက်(၉၂)နှစ်သည် ၂၆-၁၀-၂၀၁၅(တနင်္လာနေ့) နံနက် ၁၁နာရီတွင် နမ့်ခမ်းမြို့ နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသိန်းဌေး-ဒေါ်မြင့်မြင့်ခိုင်**
**ကိုဘုန်းမြတ်ဆွေ-မဝတ်ရည်ဝင်း**
**ကိုနေဇော်ထက်**
**ကိုဟိန်းအောင်စိုး-မဖြူမွန်မွန်သိန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးလှမြင့်(ငြိမ်း)
### စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃)
## အသက်(၇၂)နှစ်

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးလှမြင့်(ငြိမ်း)သည် ၂၄-၁၀-၂၀၁၅ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲကြရပါသည်။

**ကျောင်းဆင်းအရာရှိများ**
**စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၃)**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ထားရီ(တောင်တွင်းကြီး)
## အသက်(၉၅)နှစ်

ရန်ကုန်စီးပွားရေးတက္ကသိုလ် (၁၉၇၁-၇၅) သူငယ်ချင်းများ မိသားစုအဖွဲ့ဝင် တောင်တွင်းကြီးမြို့နေ ဒေါ်ခင်ဌေးမြင့် ၏ မိခင်ကြီး သည် ၂၂-၁၀-၂၀၁၅ ရက်တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲ ရပါသည်။

**Eco(1971-75)**
**အထက်မြန်မာပြည် သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးမင်းနောင်(ငြိမ်း)
### O.T.S(22)
## အသက်(၈၆)နှစ်

သူငယ်ချင်း ဗိုလ်မှူးမင်းရဲထွေး၏ ဖခင်ကြီး ဗိုလ်မှူးမင်းနောင်(ငြိမ်း) အသက်(၈၆)နှစ်သည် ၂၂-၁၀-၂၀၁၅(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းများ**
**ရန်ကုန်စက်မှုတက္ကသိုလ်၊ 86/95 RIT CLUB**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအေးသိန်း(ပြည်) (၆၉)နှစ်
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန

ရန်ကုန်မြို့၊ မရမ်းမြို့နယ်၊ အမှတ်(၅၀၈)၊ ဇေယျာခေမာလမ်း၊ ကုန်းမြင့်ရိပ်သာနေ ဦးအေးသိန်း (ညွှန်ကြားရေးမှူး-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)သည် ၂၃-၁၀-၂၀၁၅ (သောကြာနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်ထူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းများ**
**ဦးကြည်ထွန်း၊ ဦးညွန့်ဦး၊ ဒေါ်စီသန်း၊ ဒေါ်တင်ဝင်း**
**၁၉၇၂ ခုနှစ် ရန်ကုန်စက်မှုတက္ကသိုလ်**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ကျောင်း၊ ကန် ဒါယကာကြီး ဒေါက်တာဦးဇော်ဝင်း [BVS (1974-80) မြို့မ ကျောင်းသားဟောင်း] အသက် (၅၈)နှစ်သည် ၂၄-၁၀-၂၀၁၅ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွား ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**BVS (1974-80) သူငယ်ချင်းဟောင်းများ**

## အနိစ္စ

## ရဟန်းဒါယိကာမကြီး
## ဒေါ်အေးညွန့်(ထားဝယ်)
## အသက်(၉၇)နှစ်

ထားဝယ်မြို့နေ (ဦးရွှေဂွမ်း-ဒေါ်စိန်ခင်)တို့၏သမီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၄၃)၊ ရွှေလောင်းလမ်းနေ (ဦးငွေရင် ဆ-သ-ရ ငြိမ်း)၏ ဇနီး၊ ဒေါ်ရီရီမြင့် (ဆ-သ-ရ ငြိမ်း)၊ (ဦးငွေထွန်း)တို့၏ ကျေးဇူးရှင်မိခင်ကြီးသည် ၂၆-၁၀-၂၀၁၅ (တနင်္လာနေ့) နံနက် ၆ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၅ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁၁-၂၀၁၅(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရားရဟန်းကျောင်းဒါယကာကြီး
## ဦးမောင်စိန်(ခ)ဆွေပွင့်စိန်
### လူထုစွပ်ကျယ်စက်
## အသက် (၈၇)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ တိုက် (၁)၊ အခန်း (၁၀၆)၊ လှိုင်သီရိအိမ်ရာ၊ (၉) ရပ်ကွက်နေ (ဦးဆွေပိတ်ဟုတ်-ဒေါ်တိန်ကျင်ကျီး)တို့၏သားထွေး၊ ဒေါ်ကျင်ရွှေ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်မြင့်-ဒေါ်ခင်ဆွေဦး၊ ဦးအောင်တင့်-ဒေါ်ခင်ခင်ဝေ၊ ဦးဟုတ်စိန်-ဒေါ်ဆွေလှဲ့သင်း၊ ဦးအောင်ဝင်း-ဒေါ်စမ်းစမ်းဝင်း၊ ဒေါက်တာဦးအောင်ထွန်း-ဒေါ်စန်းစန်းဦးတို့၏မွေးသဖခင်၊ မြေး ၁၇ယောက်တို့၏အဘိုး ဦးမောင်စိန်(ခ)ဆွေပွင့်စိန်သည် ၂၆-၁၀-၂၀၁၅ (တနင်္လာနေ့) နံနက် ၉း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၅ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉ နာရီထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁၁-၂၀၁၅ (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရားရဟန်းသိမ်ကျောင်းဒါယကာကြီး
## ဦးသန်းရွှေ(ကျောက်ဖြူ)
### ရွှေပန်းထိမ်ဆရာကြီး
## အသက်(၇၀)

ရန်ကုန်မြို့၊ ကျောက်မြောင်း၊ ဘယသုဒ္ဓိလမ်း၊ အမှတ်(၉)၊ ပထမထပ်နေ ဒေါ်အေးယဉ်၏ချစ်လှစွာသောခင်ပွန်း၊ ကိုစိုးမြင့်-မစန်းစန်းမော်၊ ကိုစိုးတင့်-မမေစုလှိုင်၊ ကိုဘုန်းမြင့်(Uniteam Marine)-မဇာနွယ်လှိုင်၊ မယဉ်ဆွေခိုင်(ခ)စိုးစိုးထွေး(IGE)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်လွင်ကိုဖြိုး၊ မဖူးပွင့်သဲချို၊ မသုရွှန်းနဒီ၊ မောင်လှိုင်လင်းဆက်ဟန်၊ မောင်ဘုန်းနေခန့်၊ မလှိုင်မြတ်နိုးချယ်တို့၏ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၂၄-၁၀-၂၀၁၅(စနေနေ့) နံနက် ၉း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၀-၂၀၁၅(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်နု (၅၄)နှစ်

(ဦးအောင်တင်-ဒေါ်ရီရီ)တို့၏ သမီးကြီး၊ (ဦးကျင်စွိ-ဒေါ်တီ)တို့၏ သမီးချွေးမ၊ အမှတ်(၂၀)၊ မာန်ပြေ(၁၇)လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်နေ ဦးစိန်ကြည်၏ဇနီး၊ ဒေါ်ကြည်ကြည်နု၊ ဦးငြိမ်းမောင်-ဒေါ်ခင်စန်းလှ၊ ဦးမောင်မောင်သန်း-ဒေါ်မိမိသင်း၊ ဦးမြင့်အောင်-ဒေါ်အေးဇာခြည်ဟန်တို့၏အစ်မကြီး၊ ကိုထိန်လင်းဦး-မသူဇာ၊ ကိုမင်းမင်းဦး-မသန္တာ၊ ကိုလှိုင်ဝင်း-မနုဆွေဇင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်ဘုန်းမြတ်ဟိန်း၊ မဟိန်းပြည့်စုံတို့၏အဘွားသည် ၂၇-၁၀-၂၀၁၅ (အင်္ဂါနေ့) နံနက် ၉း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၀-၂၀၁၅ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၁၁-၂၀၁၅ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မြင့်မြင့်(ခ)MABLE
### B.A(MONTANA),M.A(OXFORD.ILLINOIS)
### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
### ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန
## အသက် (၈၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းဟောင်း၊ ခြံအမှတ်(၁၂၅)နေ (ဦးချွမ်ဟိုး-ဒေါ်အွန်ညာ)တို့၏သမီး၊ [ဒုဗိုလ်မှူးကြီးမောင်မောင်(ငြိမ်း)-ဆရာမကြီးဒေါ်လှမြင့်(ရန်ကုန်ဆရာအတတ်သင်သိပ္ပံ-ငြိမ်း)]၊ [ဒုဗိုလ်မှူးကြီးအောင်ကျူး(ငြိမ်း)-ဒေါ်တင်တင်လှိုင်]၊ [ဆရာကြီးဦးလှိုင် (လ/ထကထိက-ငြိမ်း)၊ ရန်ကုန်ပညာရေးတက္ကသိုလ်]တို့၏ ညီမ၊ ဦးစိန်မောင်(ညွှန်မှူး-ငြိမ်း၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန)-ဒေါက်တာဒေါ်တင်မေရီ(ကလေးဆေးရုံကြီး-ငြိမ်း)၊ (ဆရာမဒေါ်သန်းနွယ်) (အလက-၅၊ရန်ကင်း)တို့၏အစ်မကြီး၊ တူ/တူမ ရှစ်ယောက်၊ မြေး၁၀ယောက်၊ မြစ်တစ်ယောက်တို့၏ချစ်လှစွာသောဘွားဘွားကြီး ဒေါ်ခင်မြင့်မြင့်(ခ) MABLE သည် ၂၅-၁၀-၂၀၁၅(တနင်္ဂနွေနေ့) နံနက်၃နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁၀-၂၀၁၅(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက်၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၁၀-၂၀၁၅(စနေနေ့) နံနက်၇နာရီတွင် အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးကြည်ဝင်း(ထားဝယ်-မော်လမြိုင်) (၇၄)နှစ်
### ဆေးနှင့်ဆေးပစ္စည်း(ငြိမ်း)

မော်လမြိုင်မြို့၊ ညောင်ဝိုင်းရပ်၊ ရတနာလမ်း၊ အမှတ်(၄၄၆-ဘီ)နေ (ဦးကြည်လွင်-ဒေါ်လေးခင်)တို့၏သားကြီး၊ ဒေါ်ခင်လှနွယ် (မူ/အုပ်-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသိန်းဝင်း-ဒေါ်မေမေကြည်၊ ဦးစိုးကြည်-(ဒေါ်ဂင်ကြည်)၊ (ဦးစိုးလွင်)-ဒေါ်တင်တင်ယု၊ (ဒေါ်မြင့်မြင့်သန်း)တို့၏ အစ်ကိုကြီး၊ ဦးဝင်းနိုင်ဦး (Seagate Int'l Singapore)-ဒေါ်သင်းသင်းကြူ (Alpine Co., Ltd.)တို့၏ ကျေးဇူးရှင် ဖခင်၊ မောင်ကောင်းခန့်သူ၏အဘိုးသည် ၂၇-၁၀-၂၀၁၅ (အင်္ဂါနေ့) နံနက် ၄နာရီတွင် အမှတ်(၁) မင်္ဂလာဒုံတပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁၀-၂၀၁၅ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အမှတ် ၇၂၅၊ ယမနေ ၅ လမ်း၊ ၃၄/ရပ်ကွက်၊ မြောက်ဒဂုံနေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးမျိုးဝင်း (၆၉)နှစ်
### လက်ထောက်မန်နေဂျာ(ငွေစာရင်း-ငြိမ်း)
### ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)

မန္တလေးမြို့၊ (၈၄)လမ်း၊ (၃၃×၃၄)လမ်းကြား၊ မြောက်ကြယ်ခတ်ဝင်းနေ ကိုမျိုးခင်-မညိုမီဟန်၊ မသက်သက်ခိုင်၊ မရွှေစင်ဝင်းတို့၏ဖခင်၊ မောင်လင်းသန့်ဟိန်း၏အဘိုး၊ ဒေါ်ခင်မမ၏ခင်ပွန်းသည် ၂၆-၁၀-၂၀၁၅ (တနင်္လာနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၀-၂၀၁၅ (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဒေါ်စန်း(ထားဝယ်)
## အသက်(၅၈)နှစ်

(ဦးအောင်သိုက်-ဒေါ်ခင်ငြိမ်း)တို့၏ သမီး၊ ဦးစိုးမောင်-ဒေါ်သောင်းတင်၊ (ဦးတင်မောင်လတ်)-ဒေါ်ခင်သောင်း၊ ဦးသန်းလှ-ဒေါ်စိန်ကြူတို့၏ညီမ၊ (ဒေါ်စန်းပို)၊ ဒေါ်စန်းအောင်၊ ဒေါ်အေးအေးမူတို့၏အစ်မ၊ ဦးတင်ဦး-ဒေါ်စန္ဒာလင်းတို့၏အဒေါ်၊တူ/တူမ ၁၄ယောက်တို့၏အဒေါ်၊ မြေးလေးယောက်တို့၏ အဘွားသည် ၂၆-၁၀-၂၀၁၅ (တနင်္လာနေ့) ည ၉း၄၀ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၅ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ဝေဝေ (၇၁)နှစ်
### ကျောင်းအုပ်ဆရာမကြီး (ငြိမ်း)၊ အမက(၁) ဗဟန်း

ရန်ကုန်မြို့နေ (ဦးစံထွန်း-ဒေါ်ခင်ချိုချို)တို့၏သမီးကြီး၊ ဦးစိုးညွန့်-ဒေါ်တင်မျိုးဇော်၊ (ဦးတင်ထွန်း)-ဒေါ်အေးအေးစိုးတို့၏ညီမ၊ ဦးမင်းမောင်၊ ဦးအောင်ဆန်းဦး၊ ဒေါ်ခင်နွယ်နွယ်၊ ဦးစိုးမြင့်-ဒေါ်သီသီမြင့်တို့၏ အစ်မကြီး၊ တူ/တူမ ရှစ်ယောက်တို့၏အဒေါ် ဒေါ်ခင်ဝေဝေသည် ၂၆-၁၀-၂၀၁၅ (တနင်္လာနေ့) နံနက် ၁း၃၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါ သဖြင့် ၂၈-၁၀-၂၀၁၅ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ဝေဝေ (၇၁)နှစ်
### ကျောင်းအုပ်ဆရာမကြီး (ငြိမ်း)၊ အ မ က(၁) ဗဟန်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဝေဇယန္တာဥယျာဉ်၊ ကုစ္ဆိတံအိမ်ရာနေ ဦးတင် မောင်လွင် (ဦးစီးအရာရှိ-ငြိမ်း၊ အား/ကာဦးစီးဌာန)၏ ချစ်လှစွာသောဇနီး၊ ဦးမောင်မောင်ဝင်း-ဒေါ်ကြည်ပြာဦး၊ ဦးဖြိုးဝေထွန်း-ဒေါက်တာကြည်သာလွင်တို့၏ မွေးသမိခင်၊ မဆုပြည့်ရတနာ၊ မချောသီရိသွယ်၊ မဖြိုးသဒ္ဒါခင်တို့၏ ချစ်လှစွာသောအဘွားသည် ၂၆-၁၀-၂၀၁၅ (တနင်္လာနေ့) နံနက် ၁း၃၀ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၅ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဒေါ်ခင်အံ့ခိုင်(ခ)Aisha Bi
## အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈) ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၂၀)နေ (ဦးသိန်းတင်-ဒေါ်ခင်မမ)တို့၏ သမီး၊ ဒေါ်မိမိတင်၊ ဟာဂျီဦးစိုးသန့်-ဟာဂျီမဒေါ်ခင်ဆွေဝင်း၊ ဦးသိန်းဝင်း-ဒေါ်စန်းစန်းတင့် (Jakarta)၊ ဒေါ်ဆုမွန် (Perth)၊ ဦးမောင်မောင်အေး-ဒေါ်ခင်ခင်ကြီး၊ ဒေါက်တာလှိုင်လှိုင်ကြီး၊ ဒေါ်စုစုတို့၏ ချစ်လှစွာသော အစ်မ/ညီမ၊ ဦးနေလင်းကျော်-ဒေါ်ဖြူငြိမ်းစိုး (Perth)၊ ဦးသက်ထွေးမောင်-ဟာဂျီမ ဒေါ်အေးငြိမ်းစိုး၊ မခိုင်ဇာသွယ်၊ မောင်ဉာဏ်လင်းထက်တို့၏အဒေါ်၊ ကောင်းမြတ်ကျော်၊ ဇွဲမြတ်ကျော်၊ ဆုငြိမ်းသက်စံတို့၏ အဘွားသည် ၂၄-၁၀-၂၀၁၅ရက် နံနက် ၆း၄၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့နံနက် ၁၁နာရီတွင် ရေဝေးကဘာစတန်၌ ဒါဖွာနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဒေါ်ခင်အုန်းမြင့်(ခ)
## ဒေါ်ခင်အုန်းသွင် (၆၃)နှစ်
### တရားလွှတ်တော်ရှေ့နေ
### (လက်ပံတန်းမြို့)

လက်ပံတန်းမြို့နေ ဦးအုန်းကြည်-(ဒေါ်စိန်မြ) (စိန်ရွှေရတနာဆိုင်) တို့၏ သမီးကြီး၊ဦးအောင်မြင့် (သစ်ထုတ်လုပ်ရေး၊ မန်နေဂျာ-ငြိမ်း)-ဒေါ် သန်းသန်းစိန်၊ ဦးဝင်းကျော်၊ ဦးဇော်ဝင်း-ဒေါ်မဥ္ဇူ (ရွှေဆိုင်)၊ ဒေါ်မြတ်မြတ်ခိုင်၊ ဒေါ်ခင်ခင်လင်း(ခ)ညိုမီတို့၏အစ်မကြီးသည် ၂၇-၁၀-၂၀၁၅ (အင်္ဂါနေ့) နံနက် ၁၀း၄၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁၀-၂၀၁၅ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် လက်ပံတန်းမြို့ အနောက်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်သောင်းသောင်းရွှေ အသက်(၈၀)
### (B.A-B.L) တရားလွှတ်တော်ရှေ့နေကြီး
### (ညောင်လေးပင်)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ ဘုရင့်နောင်လမ်းသွယ်၊ သူရိန်ရိပ်မွန်၊ အမှတ်(B1/R-201)နေ (ဦးသိန်းအောင်)၏ဇနီး၊ (ဦးရန်နိုင်အောင်-ဒေါ်နုနုတင်)၊ (ဦးမျိုးမင်းအောင်)-ဒေါ်မြမြဝင်း၊ ဦးစိုးမင်းအောင်-ဒေါ်ကေခိုင်ဦး၊ ဦးအောင်မိုး-ဒေါ်မေမျိုးမြတ်၊ ဦးစိုးသူ-ဒေါ်အေးအေးအောင်တို့၏ကျေးဇူးရှင်မိခင်ကြီး ဒေါ်သောင်းသောင်းရွှေသည် ၂၆-၁၀-၂၀၁၅(တနင်္လာနေ့) မွန်းလွဲ ၁း၂၀ နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၁၅ (သောကြာနေ့) ညနေ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများမွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်သောင်းသောင်းရွှေ အသက်(၈၀)
### (B.A-B.L) တရားလွှတ်တော်ရှေ့နေကြီး
### (ညောင်လေးပင်)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ ဘုရင့်နောင်လမ်းသွယ်၊ သူရိန်ရိပ်မွန်၊ အမှတ်(B1/R-201)နေ (ဦးသိန်းအောင်)၏ဇနီး၊ မယုယုနိုင်(LL.B)၊ မောင်ဇင်လင်းမြင့်(Mechanical Engineering)(San Jose State University)၊ မောင်ဇေလတ်မင်း(Senior High School Student-New York)၊ မစုနှင်းဝတ်မှုန် (Grade-9၊ အထက-၂၊ စမ်းချောင်း)တို့၏ ချစ်လှစွာသောအဘွား ဒေါ်သောင်းသောင်းရွှေသည် ၂၆-၁၀-၂၀၁၅(တနင်္လာနေ့) မွန်းလွဲ ၁း၂၀နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၁၅ (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်စိန် (၇၇)နှစ်
### ရုံးအုပ်ကြီး (လဝက-ငြိမ်း၊ နိုင်ငံသားပြုဌာနခွဲ)
### အထက်မင်းလှအသင်းဝင်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊ ရန်နိုင်လမ်းသွယ်(၁၁)၊ တိုက်အမှတ်(၁၆၃)၊ အခန်း(၅)နေ ဦးတင်ဝင်း (Rep.Bellotti S.P.A Italy)၏ဇနီး၊ [ဦးစိန် (အထက-၁၊ ရန်ကင်း၊ ကျောင်းအုပ်ကြီး-ငြိမ်း)-ဒေါ်သောင်းသောင်း]တို့၏ သမီးကြီး၊ ဦးဇော်ကိုထွန်း၊ ဦးငြိမ်းချမ်းထွန်း-ဒေါ်သီတာ၊ ဦးရဲနောင်ထွန်း-ဒေါ်မော်မော်သန်းတို့၏မိခင်၊ Dr. အောင်ခန့်ပိုင်(AYC)၊ မခင်သက်ထားငြိမ်း(USA)၊ မောင်ဟိန်းထက်စံ (2nd Arch,YU)၊ မောင်အောင်ဟိန်းထွန်း (2nd MB, UM-2)တို့၏အဘွား၊ ဦးလှဦး-ဒေါ်အေးမြမြငြိမ်း၊ (ဦးအောင်ငြိမ်း)-ဒေါ်စန္ဒီစန်း၊ (ဦးညီညီမင်း)-ဒေါ်သိန်းသိန်းစိန်၊ ဒေါ်စိုးစန္ဒာ၊ ဦးတင်မောင်နိုင်-(ဒေါ်စုသီတာ)တို့၏ အစ်မကြီး၊ တူ/တူမ ကိုးယောက်တို့၏ကြီးကြီးသည် ၂၆-၁၀-၂၀၁၅ (တနင်္လာနေ့) နံနက် ၇း၅၅ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၅ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁၁-၂၀၁၅ (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်သည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးထိုက်ညွှန့် (၇၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ အမှတ် (၂၇)၊ လမ်း (၉၀)နေ (ဦးကြင်ယုံ-ဒေါ်အုန်းမေ)တို့၏သား၊ (ဦးချစ်မောင်- ဒေါ်ကြင်မွှေး)တို့၏သားသမက်၊ (ဦးစိန်ဝမ်)၊ ဦးအုန်းသန်း၊ ဒေါ်ကြင်လှိုင်၊ ဒေါ်ကြင်နု၊ ဒေါ်ကြင်ဥတို့၏ညီ/မောင်၊ ဒေါ်ခင်နွယ်ဝေ-ဦးကျော်တင့်၊ ဒေါ်ခင်လဲ့ဝေ-(ဦးချွန်ချွန်)၊ ဦးသစ်လွင်-ဒေါ်ရင်ရင်၊ ဒေါ်ခင်နှင်းဝေ၊ ဒေါ်ခင်မိုးဝေ-ဦးငွေဆင့်တို့၏ ဦးလေးသည် ၂၆-၁၀-၂၀၁၅(တနင်္လာနေ့) မွန်းလွဲ ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၅ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးထိုက်ညွှန့် (၇၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ အမှတ် (၂၇)၊ လမ်း (၉၀)နေ (ဦးကြင်ယုံ-ဒေါ်အုန်းမေ)တို့၏သား၊ (ဦးချစ်မောင်- ဒေါ်ကြင်မွှေး)တို့၏သားသမက်၊ ဒေါ်ခင်ခင်ဝေ၏ခင်ပွန်း၊ ဒေါ်ခင်ထိုက်ပန်-ဦးမင်းသိမ်း၊ ဦးမျိုးမင်းထိုက်-ဒေါ်ဖြူဖြူခိုင်၊ ဒေါ်ခင်ထိုက်ဇင်-ဦးကြည်သာနိုင်အောင်၊ ဦးအောင်လံဝင့်ထိုက်-ဒေါ်အိဝင်းမောင်တို့၏ဖခင်၊ မမေမဥ္ဇူထိုက်၊ မောင်ဇေယျာထိုက်၊ မောင်အောင်ခန့်သူတို့၏အဘိုး ဦးထိုက်ညွှန့်သည် ၂၆-၁၀-၂၀၁၅ (တနင်္လာနေ့) မွန်းလွဲ ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၅ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
## စောသေတာမူး(ခ)မန်းဒေးဒေး (၆၁)နှစ်
### တပ်မတော်(ရေ-ငြိမ်း)

(စောဘသန်း-နော်အေးကြိုင်)တို့၏ သား၊ (စောတဘိုး)-နော်လောလ၊ (စောညီညီ)-နော်အက်စတာဖေတို့၏ညီ၊ နော်မူးမူ-စောစံခိုင်၊ နော်လူးလူ-စောကနဲလိ၊ နော်ခူးခူ-မန်းဂျိုးဇက် တို့၏ အစ်ကို၊ အမှတ်(၆၂)၊ ငါးလွှာ(B)၊ သီတာလမ်း၊ သီတာရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်နေ နန့်ညိုမီချစ်၏ ချစ်လှစွာသောခင်ပွန်း၊ နန့်မြတ်သီတာ၊ စထွင့်ခေါင်(ခ)ကြီးကြီး၊ စထွင့်အောင်(ခ)ငယ်ငယ်တို့၏ချစ်လှစွာသောဖခင်၊ တူ/တူမ ၁၉ယောက်တို့၏ဦးလေး စောသေတာမူး(ခ)မန်းဒေးဒေး သည် ၂၆-၁၀-၂၀၁၅ (တနင်္လာနေ့) မွန်းလွဲ ၁၂း၄၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၈-၁၀-၂၀၁၅ (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ဘုရေတန်ပိုးကရင်နှစ်ခြင်းအသင်းတော်တွင် ဝတ်ပြုကိုးကွယ်ပြီး ထိန်ပင်ကရင်နှစ်ခြင်းခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးခင်ဇော် (၄၇)နှစ်
### ဂျိုးသိန်းမဆလာနှင့်ကုန်မျိုးစုံဆိုင်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ ဇင်္ဂမလမ်း၊ အမှတ် (၃၂)နေ (ဦးအောင်တင်-ဒေါ်လှရှင်)တို့၏သား၊ (ဦးကြည်ရှိန်)-ဒေါ်တင်အောင်တို့၏သားသမက်၊ ဒေါ်ကြူကြူလွင်၏ ချစ်လှစွာသောခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီး ဦးသန်းထိုက်-ဒေါ်မြင့်မြင့်မာ၊ (ဦးထွန်းကို)-ဒေါ်ကြည်မြင့်တို့၏မောင်၊ (ဦးအေးကို)-ဒေါ်မြမြခက်၊ ဦးအောင်မျိုးမင်း-ဒေါ်နုနုခိုင်၊ ဦးထွန်းဝင်း-ဒေါ်ဖြူသွယ်ဇော်ဌေး၊ (ဦးဝေလွင်-ဒေါ်သီတာချို)၊ ဦးဝင်းမိုးဇော်-ဒေါ်သဇင်လှိုင်တို့၏အစ်ကို၊ မောင်အေသင်ဇော်၊ မောင်နိုင်ငြိမ်းဇော်၊ မဝင့်ဟန်နီထွန်းတို့၏ ချစ်လှစွာသောမွေးသဖခင်၊ တူ/တူမ ၁၃ယောက်တို့၏ဦးလေးသည် ၂၆-၁၀-၂၀၁၅(တနင်္လာနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၁၅(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

# ကမ္ဘာ့ဝင်ငွေအများဆုံးအသင်းစာရင်းတွင် စပိန်နှစ်သင်းထိပ်ဆုံး၌ ရပ်တည်

## ပရီမီယာလိဂ်ကလပ် မန်ယူအသင်းမှာ တတိယနေရာ၌သာ ရပ်တည်နိုင်ခဲ့

ငွေကြယ်

အမေရိကန်နိုင်ငံ၏ စီးပွားရေးမဂ္ဂဇင်းဖြစ်သည့် ဖောဘိစ်မဂ္ဂဇင်းမှ နှစ်စဉ်ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့အချမ်းသာဆုံး ကလပ်အသင်းများစာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ စပိန်လာလီဂါ၏ ထိပ်တန်းကလပ်အသင်းနှစ်သင်းဖြစ်သည့် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့သည် အဆိုပါကမ္ဘာ့နှစ်စဉ်ဝင်ငွေအများဆုံး ကလပ်အသင်းများ စာရင်းတွင် ထိပ်ဆုံး၌ ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် ဖောဘိစ်မဂ္ဂဇင်း၏ ထုတ်ပြန်ချက်အရ ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့၏ နောက် တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။ သို့ရာတွင် မန်ယူအသင်းအနေဖြင့် ဘဏ္ဍာရေးအကြီးအကဲတစ်ဦးအား ခေါ်ယူခန့်အပ်ထားခဲ့ပြီဖြစ်သောကြောင့် လာမည့် ၁၂လတာ

စာမျက်နှာ ၅ ကော်လံ ၁ သို့○



ဖောဘိစ်မဂ္ဂဇင်းမှ နှစ်စဉ်ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့အချမ်းသာဆုံးကလပ်အသင်းများစာရင်း၌ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည့် မန်ယူအသင်း။

## အချိန်အခါမဟုတ် မိုးရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၂၇**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် မိုးလေဝသတိုင်းထွာချက်များအရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများနှင့် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့မွန်းလွဲမှ နောက် ၄၈ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။

(ကြေးမုံ)

# မြန်မာယူ- ၂၁ အသင်းနှင့် ရန်ကုန်အသင်းခြေစမ်း

သတင်းနှင့်ဓာတ်ပုံ
ရှိုင်းထက်ဇော်



ဗီယက်နမ် ယူ- ၂၁ ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာယူ- ၂၁ အသင်း၏ ပထမဆုံးခြေစမ်းပွဲအဖြစ် ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ရန်ကုန်အသင်းနှင့် ခြေစမ်းကစားခဲ့သည်။

**ရန်ကုန်ယူနိုက်တက် - နှစ်ဂိုး**
**မြန်မာ ယူ- ၂၁ - တစ်ဂိုး**

စခန်းဝင်လေ့ကျင့်ရက် တစ်ရက်သာရှိသေးသည့် မြန်မာ ယူ- ၂၁ အသင်း၏ ပထမဆုံးခြေစမ်းပွဲဖြစ်ပြီး ရန်ကုန်အသင်းကို အရှုံးပေးခဲ့ရသည်။ ၂၀၁၅ ရာသီ MNL ချန်ပီယံ ရန်ကုန်အသင်းမှာ အမာခံကစားသမားများ ပါဝင်ခြင်းမရှိဘဲ လူငယ်ကစားသမားများကိုပွဲထုတ်ခဲ့သည်။ ယူ- ၂၁ အသင်းမှာ

စာမျက်နှာ ၅ ကော်လံ ၁ သို့✪

**ဆန္ဒမဲလက်မှတ်များ လိုအပ်မှုအရ ထပ်မံအပ်နှံလိုပါက အောက်တိုဘာ ၃၁ ရက်မတိုင်မီ အပ်နှံမှသာ အချိန်မီ ပုံနှိပ်နိုင်မည်**

........................ သတင်းစာမျက်နှာ » ၃

**တသွင်သွင်စီးဆင်းလျက်ရှိသော ဧရာဝတီမြစ်ရေပမာ**

........................ သတင်းစာမျက်နှာ » ၁၀

**နာပက်စ်လက်စွမ်းပြနေသော်လည်း ဒီဂီယာကို စိတ်ဝင်စားနေဆဲ ရီးယဲလ်**

........................ သတင်းစာမျက်နှာ » ၁၃

**အထူးကဏ္ဍအချပ်ပို လေးမျက်နှာပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ဒီမိုကရေစီနိုင်ငံတော်သစ် (၅)နှစ်တာ ကာလ "ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ" အထူးကဏ္ဍအချပ်ပို လေးမျက်နှာပါရှိပါသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily






ဒီမိုကရေစီနိုင်ငံတော်သစ် (၅) နှစ်တာကာလ

# ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ


အထူးကဏ္ဍအချပ်ပို

ကြေးမုံ The Mirror

အောက်တိုဘာ ၂၈ ရက်၊ ၂၀၁၅ ခုနှစ် (ဗုဒ္ဓဟူးနေ့)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

## အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံချက်ရေးဆွဲဆောင်ရွက်



ကျောက်ဆည်(APR) သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ(Gas Engine)။

**၂၀၁၁-၂၀၁၂ခုနှစ်မှ၂၀၁၄-၂၀၁၅ ခုနှစ်အထိ ကာလအတွင်း တည်ဆောက်ပြီးစီးခဲ့သော ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ**

(၁) ကြီးအုံကြီးဝ(မကွေးတိုင်းဒေသကြီး)
(၂) ရွှေကျင်၊ ကွန်းချောင်း၊ ဖြူးချောင်းနှင့် သောက်ရေခပ်(၂) (ပဲခူးတိုင်းဒေသကြီး)
(၃) နန်ချို (ရှမ်းပြည်နယ်)
(၄) အထက်ပေါင်းလောင်း (မန္တလေးတိုင်းဒေသကြီး)
(၅) ဘီလူးချောင်း(၃) (ကယားပြည်နယ်)
(၆) ချီဖွေငယ် (ကချင်ပြည်နယ်)

အဆိုပါ စက်ရုံ ကိုးရုံမှ စက်တပ်ဆင်အင်အား ၇၀၀ မဂ္ဂါဝပ်ရှိသည်။

**သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများ**

(၁) အလုံ၊ ရွာမ(ဌာနပိုင်)၊ လှော်ကား၊ ရွာမ(IPP)နှင့် သာကေတတို့ရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ (ရန်ကုန်တိုင်းဒေသကြီး)
(၂) မော်လမြိုင်ရှိသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ(မွန်ပြည်နယ်)
(၃) ကျောက်ဖြူရှိ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ (ရခိုင်ပြည်နယ်)
(၄) ကျောက်ဆည်၊ မြင်းခြံရှိ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ (မန္တလေးတိုင်းဒေသကြီး)
(၅) ထားဝယ်(ကံပေါက်)ရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ (တနင်္သာရီတိုင်းဒေသကြီး)

အဆိုပါ စက်ရုံ ၁၀ ရုံမှ စက်တပ်ဆင်အင်အား ၈၇၇ ဒသမ ၄၉၄ မဂ္ဂါဝပ် တိုးချဲ့နိုင်ခဲ့သည်။

စုစုပေါင်းစက်တပ်ဆင်အင်အား ၁၅၇၇ ဒသမ ၄၉၄ မဂ္ဂါဝပ် တိုးတက်လာခဲ့သည်။

**ဓာတ်အားပို့လွှတ်ရေးအပိုင်း**

ဓာတ်အားပေးစက်ရုံများမှထုတ်လုပ်သော ဓာတ်အားကို နိုင်ငံတစ်နံတစ်လျား ရောက်ရှိအသုံးပြုနိုင်စေရေးအတွက် အရှေ့မှအနောက်၊ တောင်မှ မြောက်သို့ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

**ဓာတ်အားစနစ်ရောက်ရှိပြီးနေရာမှ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တိုးချဲ့ဖြန့်ကြက်**

(၁) မွန်ပြည်နယ်သို့ရောက်ရှိရန် သထုံ-မော်လမြိုင် ၂၃၀ ကေဗွီ ဓာတ်အားလိုင်း၊
(၂) ရခိုင်ပြည်နယ်သို့ ရောက်ရှိရန် ဥသျှစ်ပင်-တောင်ကုတ်-အမ်း-ပုဏ္ဏားကျွန်း ၂၃၀ ကေဗွီ ဓာတ်အားလိုင်း၊
(၃) စစ်ကိုင်းတိုင်းဒေသကြီးသို့ ရောက်ရှိရန် ညောင်ပင်ကြီး-ချောင်းကူး ၂၃၀ ကေဗွီ ဓာတ်အားလိုင်း၊
(၄) ကချင်ပြည်နယ်သို့ ရောက်ရှိရန် နဘား-မိုးညှင်း-မိုးကောင်း-မြစ်ကြီးနား ၆၆ ကေဗွီ ဓာတ်အားလိုင်း၊ စာမျက်နှာ ၂ သို့ »»

### ပဋိပက္ခတွေကြောင့် ဆုံးရှုံးနစ်နာမှုများသာ ဖြစ်ပေါ်ခဲ့

လွတ်လပ်ရေးရပြီးကတည်းက လက်နက်ကိုင်ပဋိပက္ခတွေ မြန်မာနိုင်ငံမှာ ပေါ်ပေါက်ခဲ့ပါတယ်။ ဒီပဋိပက္ခတွေကြောင့် သောင်းနဲ့ချီတဲ့ နှစ်ဖက်စလုံးက တပ်သားတွေ အသက်ဆုံးရှုံးခဲ့ကြရပါတယ်။ လက်နက်ကိုင်ပဋိပက္ခဒေသတွေမှာ နေထိုင်ကြတဲ့ သိန်းနဲ့ချီသော ပြည်သူတွေဟာစစ်ဘေးစစ်ဒဏ်ကို ခါးစည်းခံခဲ့ရပါတယ်။ အားလုံးဟာ ကိုယ့်တိုင်းရင်းသား ကိုယ့်ပြည်သူတွေပဲ ဖြစ်ကြပါတယ်။

**(နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့ MICC-2 ၌ ကျင်းပသည့် NCA လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

ပို့ဆောင်ရေးဝန်ကြီးဌာန

## နိုင်ငံတကာအဆင့်မီလေဆိပ်ကြီးများပေါ်ပေါက်ရေး အရှိန်မြှင့်ဆောင်ရွက်

**ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်**

Pioneer Aerodrome Services Consortium ကုမ္ပဏီနှင့် Concession Agreement ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

စီမံကိန်းကာလ နှစ်နှစ်ဖြစ်ပြီး စီမံကိန်းပြီးစီးပါက တစ်နှစ်လျှင် ခရီးသည်ခြောက်သန်းအထိ တိုးတက်ကိုင်တွယ်နိုင်မည် ဖြစ်သည်။

**မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်**

Mitsubishi JALUX SPA Consortium ကုမ္ပဏီနှင့် Concession Agreement ကို ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။

စီမံကိန်းကို အဆင့် နှစ်ဆင့်ဖြင့် အကောင်အထည်ဖော်မည် ဖြစ်ပြီး စီမံကိန်းတစ်ခုလုံးပြီးစီးပါက တစ်နှစ်လျှင် ခရီးသည် ငါးသန်း၊ ကုန်စည်တန် ၈၀၀၀ ခန့်အထိ တိုးတက်ကိုင်တွယ်နိုင်မည် ဖြစ်သည်။

**ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်**

တင်ဒါအောင်မြင်သည့် JGC-Yangon CAI Consortium ကုမ္ပဏီနှင့် Concession Agreement ရေးထိုးနိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

စီမံကိန်းကို အဆင့် နှစ်ဆင့်ဖြင့် အကောင်အထည်ဖော်မည် ဖြစ်ပြီး ပထမအဆင့်တွင် ခရီးသည် ၁၂ သန်းနှင့် ဒုတိယအဆင့်ပြီးချိန်တွင် ခရီးသည် သန်း ၃၀ ကိုင်တွယ်ရန် မျှော်မှန်းထားသည်။

**လေကြောင်းဘေးကင်းလုံခြုံရေး**

ဂျပန်နိုင်ငံ၏ Grant Aid ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၅၀ သန်းဖြင့် Project for Improvement of Nationwide Airport Safety and Security စီမံကိန်းကို ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း အကောင်အထည်ဖော်ခဲ့ပြီး ရန်ကုန်၊ မန္တလေး၊ ထားဝယ်၊ ညောင်ဦး၊ ဟဲဟိုးနှင့် သံတွဲလေဆိပ်များတွင် DVOR (Doppler VHF Omni

စာမျက်နှာ ၃ သို့ »»



ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်အသစ်စီမံကိန်းပြီးစီးပါက တွေ့မြင်ရမည့် လေဆိပ်အဆောက်အအုံ၊ လေယာဉ်ပြေးလမ်းနှင့် လေယာဉ်ရပ်နားနေရာများပုံ။

»»» အထူးကဏ္ဍ အချပ်ပို စာမျက်နှာ ၁ မှ

ဝါရှောင်-ဝိုင်းမော် ၁၃၂ ကေဗွီ ဓာတ်အားလိုင်းနှင့် ဝိုင်းမော်- မြစ်ကြီးနား ၆၆ ကေဗွီ ဓာတ်အားလိုင်း စသည့် ဓာတ်အားပို့လွှတ်ရေးလိုင်း ၁၃၆၇ မိုင်၊ ဓာတ်အားခွဲရုံ တပ်ဆင်အင်အား ၁၆၁၄ အမ်ဗွီအေကို တိုးချဲ့တည်ဆောက် ပြီးစီးခဲ့သည်။

## မြို့ပေါင်း ၄၀၀ ခန့်

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဓာတ်အားဖြန့်ဖြူးရေးလိုင်း၊ ဓာတ်အားခွဲရုံနှင့် ထရန်စဖော်မာများကို တိုးချဲ့တပ်ဆင်တည်ဆောက်ခဲ့ရာ မြို့ပေါင်း ၃၉၈ မြို့၊ ရွာပေါင်း ၂၇၇၁၀ နှင့် အိမ်ထောင်စုပေါင်း ၃၁၄၀၄၄၂ စုမှာ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ပြီဖြစ်သည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ ကီလိုဝပ်နာရီ သန်းပေါင်း ၁၁၄၀၆ ဒသမ ၇၆ နှင့် တစ်ဦးချင်းသုံးစွဲမှု တစ်နှစ်လျှင် ၂၂၂ ကီလိုဝပ်နာရီရှိလာပြီဖြစ်သည်။

## ဆောလျင်စွာပြီးစီးနိုင်ရေး ဆောင်ရွက်နေသည့် ရေအားလျှပ်စစ်စီမံကိန်းများ

(၁) အလယ်ပေါင်းလောင်း၊
(၂) ရွှေလီ(၃)၊
(၃) အထက်ရဲရွာ၊
(၄) သူငွေး၊
(၅) အထက်ကျိုင်းတောင်း၊
(၆) အထက် နမ့်ထွမ်၊
(၇) ဒီးဒုတ်စီမံကိန်းများ၊
(၈) သီလဝါသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း။

တည်ဆောက်ဆဲ လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ထွက်ရှိလာမည့် ဓာတ်အားများကို ပြည်သူများထံ ဖို့အားပြည့်ဝစွာသုံးစွဲနိုင်ရေး နည်းပညာပိုမိုမြင့်မားသော မဟာဓာတ်အားလိုင်းကြီးများနှင့် ပင်မဓာတ်အားခွဲရုံများကို တည်ဆောက်လျက်ရှိရာ ၅၀၀ ကေဗွီလိုင်း တစ်လိုင်း (၁၁၄ ဒသမ ၉၇ မိုင်)၊ ၂၃၀ ကေဗွီလိုင်း ခုနစ်လိုင်း (၄၇၈ ဒသမ ၆၀၃ မိုင်)နှင့် ၆၆ ကေဗွီလိုင်း ၁၉ လိုင်း (၆၂၇ ဒသမ ၇၄ မိုင်)တို့ကိုလည်းကောင်း၊ ၂၃၀ ကေဗွီခွဲရုံ လေးရုံ (၅၅၀အမ်ဗွီအေ)၊ ၁၃၂ ကေဗွီခွဲရုံ တစ်ရုံ (၆၀ အမ်ဗွီအေ)နှင့် ၆၆ ကေဗွီခွဲရုံ ၂၉ ရုံ (၂၇၄ အမ်ဗွီအေ)တို့ကိုလည်းကောင်း အချိန်မီပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံတစ်ဝန်းလုံး၌ တောင်ပေါ်မြေပြန့်အနှံ့ လျှပ်စစ်ဓာတ်အားကို ၁၀၀ ရာခိုင်နှုန်း အပြည့်အဝရရှိသုံးစွဲနိုင်စေရန်အတွက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်(National Electrification Plan)ကို ကမ္ဘာ့ဘဏ်အဖွဲ့၏ အကူအညီဖြင့် ရေးဆွဲထားပြီးဖြစ်သည်။

ယင်းစီမံချက်ကို အကောင်အထည်ဖော်ရန် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများကို ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံတကာ အဖွဲ့အစည်းများမှ အကူအညီ၊ နိုင်ငံတော်ဘတ်ဂျက်၊ ပုဂ္ဂလိကပါဝင်မှု စသည့် ဘက်ပေါင်းစုံမှ ပူးပေါင်းမှုများဖြင့် စနစ်တကျနှင့် ထိရောက်အကျိုးရှိစွာဆောင်ရွက်နိုင်ရေး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

### လျှပ်စစ်ဓာတ်အား တိုးတက်သုံးစွဲနိုင်မှု

| စဉ် | အကြောင်းအရာ | ၂၀၁၀-၂၀၁၁ ခုနှစ် | ၂၀၁၄-၂၀၁၅ ခုနှစ် | တိုးတက်မှု (%) |
|---|---|---|---|---|
| ၁။ | ဓာတ်အားသုံးစွဲမှုစုစုပေါင်း (တစ်နှစ်လျှင်ကီလိုဝပ်နာရီသန်းပေါင်း) | ၆,၄၆၇.၃ | ၁၁,၄၀၆.၇၆ | ၇၆ |
| ၂။ | တစ်ဦးချင်းသုံးစွဲနိုင်မှု (တစ်နှစ်လျှင်ကီလိုဝပ်နာရီ) | ၁၀၈ | ၂၂၂ | ၁၀၆ |
| ၃။ | လျှပ်စစ်ဓာတ်အားရရှိသောအိမ်ထောင်စု စုစုပေါင်း | ၂,၁၂၈,၅၄၂ | ၃,၁၄၀,၄၄၂ | ၄၈ |
| ၄။ | လျှပ်စစ်ဓာတ်အားရရှိသောမြို့ စုစုပေါင်း | ၃၉၆ | ၃၉၈ | ၁ |
| ၅။ | လျှပ်စစ်ဓာတ်အားရရှိသောကျေးရွာ စုစုပေါင်း | ၁၄,၁၇၁ | ၂၇,၇၁၀ | ၉၆ |


အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်။


လှော်ကား(MCP) သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ(Gas Engine)။



မြင်းခြံ(Aggreko) သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ (Gas Engine)။


### ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၄-၂၀၁၅ ခုနှစ်ထိကာလအတွင်း တည်ဆောက်ပြီးစီးခဲ့သော ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ

| စဉ် | စက်ရုံအမည် | တည်နေရာ | တပ်ဆင်စက်အင်အား (မဂ္ဂါဝပ်) | ပြီးစီးသည့်နှစ် |
|---|---|---|---|---|
| လျှပ်စစ်စွမ်းအားဝန်ကြီးဌာနပိုင်စက်ရုံများ | | | | |
| ၁ | ရွှေကျင် | ပဲခူးတိုင်းဒေသကြီး | ၇၅ | ၂၀၁၂ |
| ၂ | ကြီးအုံကြီးဝ | မကွေးတိုင်းဒေသကြီး | ၇၄ | ၂၀၁၂ |
| ၃ | ကွန်းချောင်း | ပဲခူးတိုင်းဒေသကြီး | ၆၀ | ၂၀၁၂ |
| ၄ | နန်ချို | ရှမ်းပြည်နယ် | ၄၀ | ၂၀၁၃ |
| ၅ | ဖြူးချောင်း | ပဲခူးတိုင်းဒေသကြီး | ၄၀ | ၂၀၁၄ |
| ၆ | အထက်ပေါင်းလောင်း | မန္တလေးတိုင်းဒေသကြီး | ၁၄၀ | ၂၀၁၄ |
| ပုဂ္ဂလိကပိုင်စက်ရုံများ | | | | |
| ၁ | သောက်ရေခပ်(၂) | ပဲခူးတိုင်းဒေသကြီး | ၁၂၀ | ၂၀၁၃ |
| ၂ | ဘီလူးချောင်း(၃) | ကယားပြည်နယ် | ၅၂ | ၂၀၁၄ |
| နိုင်ငံခြားကုမ္ပဏီနှင့်ဖက်စပ် (JV) စက်ရုံများ | | | | |
| ၁ | ချီဖွေငယ် | ကချင်ပြည်နယ် | ၉၉ | ၂၀၁၃ |
| စုစုပေါင်း | | | ၇၀၀ | |

### ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၄-၂၀၁၅ ခုနှစ်ထိကာလအတွင်း တည်ဆောက်ပြီးစီးခဲ့သော သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံများ

| စဉ် | စက်ရုံအမည် | တည်နေရာ | တပ်ဆင်စက်အင်အား (မဂ္ဂါဝပ်) | ပြီးစီးသည့်နှစ် |
|---|---|---|---|---|
| လျှပ်စစ်စွမ်းအားဝန်ကြီးဌာနပိုင်စက်ရုံများ | | | | |
| ၁ | ရွှာမ(EGAT) | ရန်ကုန်တိုင်းဒေသကြီး | ၂၄၀.၀၀ | ၂၀၀၄ |
| ပုဂ္ဂလိကပိုင်စက်ရုံများ | | | | |
| ၁ | အလုံ(Toyo Thai) | ရန်ကုန်တိုင်းဒေသကြီး | ၉၄.၀၀ | ၂၀၁၃ |
| ၂ | လှော်ကား(ဇေယျ) | ရန်ကုန်တိုင်းဒေသကြီး | ၂၆.၆၅ | ၂၀၁၃ |
| ၃ | ရွာမ(UPP) | ရန်ကုန်တိုင်းဒေသကြီး | ၅၂.၀၀ | ၂၀၁၃ |
| ၄ | သာကေတ (Max Power) | ရန်ကုန်တိုင်းဒေသကြီး | ၅၃.၅၈၄ | ၂၀၁၃ |
| ၅ | Myanmar Lighting | မွန်ပြည်နယ် | ၁၅၂.၀၀ | ၂၀၁၄ |
| ကာလတိုငှားရမ်းသည့် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးအင်ဂျင်စက်ရုံ | | | | |
| ၁ | ကျောက်ဆည် (APR) | မန္တလေးတိုင်းဒေသကြီး | ၁၀၀.၃၀ | ၂၀၁၄ |
| ၂ | ကျောက်ဖြူ (V Power) | ရခိုင်ပြည်နယ် | ၄၉.၉၂ | ၂၀၁၅ |
| ၃ | မြင်းခြံ | မန္တလေးတိုင်းဒေသကြီး | ၁၀၃.၀၄ | ၂၀၁၅ |
| ၄ | ထားဝယ် (ကံပေါက်) | တနင်္သာရီတိုင်းဒေသကြီး | ၆ | ၂၀၁၅ |
| စုစုပေါင်း | | | ၈၇၇.၄၉၄ | |

### ဓာတ်အားပေးစက်ရုံများ၏ စက်တပ်ဆင်အင်အားနှင့် စွမ်းအင်အမျိုးအစားအလိုက် ပါဝင်မှုအချိုးအစားပြောင်းလဲလာသည့် အခြေအနေ



››› အထူးထုတ် အချပ်ပို စာမျက်နှာ ၁ မှ

Directional Radio Range)၊ AGL (Aeronautical Ground Light)၊ ETDs (Explosive Trace Detection System) နှင့် X'ray Machine (Cabin/Hold)များကို တပ်ဆင်နိုင်ခဲ့သည်။

၂၀၁၄-၂၀၁၅ ခုနှစ်တွင် နိုင်ငံတော်ဘတ်ဂျက်မှ ကျခံပြီး စစ်တွေနှင့် လားရှိုးလေဆိပ်တို့တွင် DVOR/DME စက်တစ်စုံစီ တပ်ဆင်နိုင်ခဲ့သည်။

**မြန်မာအမျိုးသားလေကြောင်း**

မြန်မာ အမျိုးသားလေကြောင်းသည် နိုင်ငံတော်ပိုင်လေကြောင်း (National Flag Carrier) ဖြစ်သည့်အတွက် ဒေသတွင်းရှိ နိုင်ငံပိုင်လေကြောင်းလိုင်းများနည်းတူ ဖွံ့ဖြိုးတိုးတက်လာရန် လက်ရှိပျံသန်းနေသော ပြည်တွင်းခရီးစဉ်များအပြင် ပြည်ပခရီးစဉ်များ ပျံသန်းနိုင်ရန်နှင့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ စီးပွားရေးဆန်ဆန်ဆောင်ရွက်နိုင်ရန် Corporatization ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

လေယာဉ်လက်မှတ်အား On-line System ရောင်းချနိုင်ပြီဖြစ်ပြီး ခေတ်မီလေယာဉ်များ အစားထိုးနိုင်ရန်အတွက် အမေရိကန်နိုင်ငံ GECAS မှ Boeing 737-800 Ng ခြောက်စင်းနှင့် Boeing 737-800 Max လေးစင်း ငှားရမ်းခြင်း၊ သက်တမ်းရင့် ATR လေယာဉ်များ နေရာတွင် အစားထိုးနိုင်ရန် ပြင်သစ်နိုင်ငံ ATR ကုမ္ပဏီမှ ATR-72-600 ခြောက်စင်း ဝယ်ယူခဲ့သည်။

၁၇-၈-၂၀၁၅ ရက်နေ့တွင် ရန်ကုန်-စင်ကာပူ-ရန်ကုန် ခရီးစဉ် စတင်ပျံသန်းလျက်ရှိပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ဟောင်ကောင်နှင့် တိုင်ပေခရီးစဉ်များသို့ တိုးချဲ့ပျံသန်းရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ**

ဧရာဝတီမြစ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် မြစ်ကြောင်းတစ်လျှောက် တမံနိမ့်များ တည်ဆောက်ရန် အကြံပြုလေ့လာမှုကို ဘယ်လ်ဂျီယံနိုင်ငံမှ SBE ကုမ္ပဏီနှင့် လည်းကောင်း၊ ဧရာဝတီမြစ် အထက်ပိုင်းနှင့် အလယ်ပိုင်းဒေသများရှိ ရေအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်မစီမံချက်ဆိုင်ရာ အကြံပြုလေ့လာမှုကို ကိုရီးယားနိုင်ငံ မြေယာအခြေခံအဆောက်အအုံနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနနှင့်လည်းကောင်း၊ တွံတေးတူးမြောင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြစ်နိုင်ခြေလေ့လာမှုကို ကိုရီးယားနိုင်ငံမှ ISAN Corporation နှင့် လည်းကောင်း၊ ပဲခူးမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့လာမှုကို ထိုင်ဝမ်မှ Cheng Fong ကုမ္ပဏီတို့နှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်း၍ ဧရာဝတီမြစ်ဝှမ်း ဘက်စုံဖွံ့ဖြိုးမှုစီမံကိန်းကဏ္ဍ သုံးရပ်ဖြစ်သည့် ရေအရင်းအမြစ်ဆိုင်ရာ စီမံဖွဲ့စည်းမှု၊ သတင်းအချက်အလက်နှင့် စွမ်းဆောင်ရည်မြှင့်တင်မှု၊ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ တိုင်းတာလေ့လာမှုနှင့် ဧရာဝတီမြစ်ကြောင်း ဖွံ့ဖြိုးမှုတို့ကို ဆောင်ရွက်သွားမည် ဖြစ်သည်။

**အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတား ၃၂ စင်း**

နိုင်ငံတော်၏ ရေကြောင်းပို့ကုန်/သွင်းကုန်ပမာဏ ၈၀ ရာခိုင်နှုန်းကျော်ကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဆိပ်ခံတံတားများနှင့် ပုဂ္ဂလိကပိုင် ဆိပ်ခံတံတားများမှ ကိုင်တွယ်ဆောင်ရွက်လျက်ရှိသည်။

လက်ရှိတွင် ရန်ကုန်ဆိပ်ကမ်းဒေသ၌ အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတား ၂၃ စင်း၊ သီလဝါဆိပ်ကမ်းဒေသ၌ အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတား ကိုးစင်း စုစုပေါင်း ၃၂ စင်း ရှိပြီဖြစ်သည်။

ဆိပ်ကမ်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ပုဂ္ဂလိကပါဝင်မှုကို မြှင့်တင်ခဲ့ရာ လက်ရှိအချိန်အထိ တံတား၏အလျားအရှည်အလိုက် ပိုင်ဆိုင်မှုအချိုးမှာ နိုင်ငံတော်က ၁၈ ရာခိုင်နှုန်း၊ ပုဂ္ဂလိက ၈၂ ရာခိုင်နှုန်း ဖြစ်သည်။

**နေ့စဉ် ခရီးသည် သုံးသောင်းခန့်**

ဂျပန်နိုင်ငံအစိုးရ အထောက်အပံ့ ဂျပန် ယန်း ၁၁၆၈ သန်းဖြင့် "ချယ်ရီ"ကူးတို့ရေယာဉ် သုံးစင်းကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ဖြည့်ဆည်း၍ ပန်းဆိုးတန်း-ဒလ ကူးတို့လမ်းအတွက် နေ့စဉ် ခရီးသည် ၃၀၀၀၀ ခန့်အား ပို့ဆောင်ပြေးဆွဲလျက်ရှိသည်။

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ရခိုင်ဒေသအတွက် ဂျပန်ယန်း သန်း ၂၀၀ အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာကို ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် နှစ်နိုင်ငံ လက်မှတ်ရေးထိုးခဲ့သည်။


ရန်ကုန်ဆိပ်ကမ်း၌ ကုန်တင်/ကုန်ချ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

**ဘိုကလေး ဆိပ်ခံဖောတံတား**

ဂျပန်နိုင်ငံအစိုးရအထောက်အပံ့ အမေရိကန်ဒေါ်လာ ၁၅၅၉၉ ဒေါ်လာဖြင့် ဘိုကလေး ဆိပ်ခံဖောတံတား တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် Grant Contract စာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည်။

မိုးလေဝသနှင့် ဇလဗေဒ သတိပေးချက်များ၊ မြေငလျင်ဆိုင်ရာများကို အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်ရန်အတွက် လုပ်ငန်းများကို ၂၄ နာရီ မပြတ်ဆောင်ရွက်လျက်ရှိသည်။

**မိုးလေဝသ တိုင်းထွာရေးစခန်း ၁၀၀ ကျော်**

သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြန်မာနိုင်ငံနှင့် အနီးပတ်ဝန်းကျင်ဒေသများ၏ မိုးလေဝသခန့်မှန်းချက်များ၊ မြေငလျင်သတင်းများကို အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်နိုင်ရေးအတွက် နိုင်ငံနှင့်အဝှမ်းတွင် မိုးလေဝသ တိုင်းထွာရေးစခန်း ၁၀၆ ခု၊ ဇလဗေဒ တိုင်းထွာရေးစခန်း ၇၂ ခု၊ စိုက်ပျိုးရေးနှင့် လေကြောင်းမိုးလေဝသစခန်း ၃၃ ခုနှင့် မြေငလျင်စခန်း ၁၄ခု ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။


ဂျပန်နိုင်ငံအစိုးရအထောက်အပံ့ဖြင့် အသစ်တည်ဆောက်ပေးခဲ့သည့် ချယ်ရီကူးတို့ရေယာဉ် သုံးစင်း၊ ဒလမြို့ဆိပ်ကမ်းရှိ ခရီးသည်နားနေဆောင်နှင့် ဆိပ်ခံတံတား နှစ်စင်း။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် မုန်တိုင်းများ၏ တည်နေရာ၊ မုန်တိုင်းအင်အား၊ ဦးတည်ရွေ့လျား လမ်းကြောင်းနှင့် မုန်တိုင်းများ ကမ်းရိုးတန်းဖြတ်ကျော်ပြီးနောက် ကုန်းတွင်း မုန်တိုင်းဖြစ်ပေါ်မှုများ၊ မုန်တိုင်းဒီရေဝင်ရောက်မှုများကို ကီလိုမီတာ ၄၀၀ ပတ်လည်အတွင်း ကြိုတင်သိရှိထောက်လှမ်းနိုင်သည့် မိုးလေဝသရေဒါ သုံးလုံးနှင့် အလိုအလျောက် မိုးလေဝသ တိုင်းတာရေးကိရိယာ (AWOS) အလုံး ၃၀ ကို ဂျပန်နိုင်ငံအစိုးရ၏ အထောက်အပံ့ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၇၃ သန်းဖြင့် ကျောက်ဖြူ၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် တပ်ဆင်နိုင်ရေးဆောင်ရွက်လျက်ရှိရာ ကျောက်ဖြူရေဒါကို အောက်တိုဘာလ ၉ ရက်နေ့တွင် လွှဲပြောင်းပေးအပ်ခဲ့ပြီး စတင်တိုင်းတာလျက်ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနသည် နိုင်ငံတကာအဆင့်မီ လေဆိပ်ကြီးများ၊ ဆိပ်ကမ်းကြီးများ ဖြစ်ထွန်းပေါ်ပေါက်ရေး၊ သယ်ယူပို့ဆောင်ရာတွင် ဘေးကင်းလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်ရေးတို့ကို အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့သည့်အပြင် တစ်ဖက်မှလည်း တွေ့ကြုံရသည့် အခက်အခဲများ၊ အားသာချက်/အားနည်းချက်များကို စဉ်ဆက်မပြတ် လေ့လာသုံးသပ်ပြီး ပြည်သူတို့၏ လူမှုစီးပွားဘဝမြင့်မားရေးကို ရှေးရှု၍ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။


မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် အရာရှိလောင်း သင်တန်းသားများ လက်တွေ့လေ့ကျင့်သင်ကြားနေစဉ်။


ရန်ကုန်


မန္တလေး

ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ထားရှိသွားမည့် မိုးလေဝသရေဒါအဆောက်အအုံများ။

# အပြောင်းအလဲအတွက် ဖော်ဆောင်နေသည့် သုတေသနအခြေပြု နည်းပညာရပ်ဝန်းတစ်ခု၏ လားရာအရပ်ဆီသို့

ဆောင်းပါး
ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်



ရန်ကုန်နည်းပညာတက္ကသိုလ်မှ IT ပညာရပ်များကို လေ့လာနေကြသည့် ကျောင်းသူများ။ ဓာတ်ပုံ - ytu.edu.mm

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်(ရန်ကုန်)၊ မန္တလေးကွန်ပျူတာတက္ကသိုလ်၊ ရတနာပုံဆိုက်ဘာစီးတီး၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တို့ကို အဆင့်မြင့်နည်းပညာတက္ကသိုလ်များဖြစ်လာစေရန်နှင့် လက်တွေ့ကျသည့် အဆင့်မြင့်တင်မှုများပြုလုပ်နိုင်ရန် နိုင်ငံတော်က လိုအပ်သည့် လမ်းညွှန်မှုများပေး၍ အကောင်အထည်ဖော်စေခဲ့သည်။

မြန်မာနိုင်ငံ၏ သိပ္ပံနှင့်နည်းပညာကဏ္ဍတွင် လက်တွေ့ကျသော ပြုပြင်ပြောင်းလဲမှုခြေလှမ်းတစ်ခုအနေဖြင့် တစ်ချိန်က အရှေ့တောင်အာရှတွင် အကောင်းဆုံးနည်းပညာတက္ကသိုလ်တစ်ခုအဖြစ် စာရင်းဝင်ခဲ့သည့် ရန်ကုန်စက်မှုတက္ကသိုလ် (YIT) အား ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ရန်ကုန်အဆင့်မြင့်နည်းပညာတက္ကသိုလ်(YTU)အဖြစ် ဘွဲ့ကြိုတန်းများခေါ်ယူပြီး ပြန်လည်ဖွင့်လှစ်ခဲ့သည်။

ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးမြင့်က "ရန်ကုန်နည်းပညာတက္ကသိုလ်ကို အဆင့်မြင့်ပြီး ပြန်ဖွင့်ပေးတာဝမ်းသာတယ်။ အခုလက်ရှိ အစိုးရလက်ထက်မှာ အခြေခံပညာကနေ အဆင့်မြင့်ပညာကဏ္ဍအထိ ပညာရေးစနစ်တစ်ခုလုံးကို ပြောင်းလဲနေတယ်။ အောင်မြင်တဲ့မှတ်တိုင်တစ်ခုကတော့ အမျိုးသားပညာရေးဥပဒေကို ပြဋ္ဌာန်းနိုင်တာပဲ။ မဝေးတဲ့ အနာဂတ်မှာ တက္ကသိုလ်တွေအနေနဲ့Academic Freedom (ကိုယ်ပိုင်စီမံခန့်ခွဲပိုင်ခွင့်)တွေ ရရှိလာတော့မှာဆိုတော့ ပါမောက္ခချုပ်တစ်ယောက်အနေနဲ့ ဝမ်းသာတယ်"ဟု လက်ရှိအစိုးရ၏ နည်းပညာပိုင်းဆိုင်ရာနှင့် ပညာရေးကဏ္ဍအား ဆောင်ရွက်ပေးနေမှုအပေါ် ၎င်း၏အမြင်ကို ပြောပြသည်။

ရန်ကုန် နည်းပညာတက္ကသိုလ်အား အဆင့်မြင့်နည်းပညာတက္ကသိုလ် ဖြစ်လာစေရန်အတွက် JICA ၏ အကူအညီဖြင့် ဂျပန်ပါမောက္ခများနှင့် မြန်မာနိုင်ငံ နည်းပညာရှင်များ တိုင်ပင်ညှိနှိုင်းကာ နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်း ဖြစ်လာစေရန်အတွက် သင်ကြားလျက်ရှိသည့် နည်းပညာဆိုင်ရာ သင်ရိုးညွှန်းတမ်းများအား ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန် နည်းပညာတက္ကသိုလ်သည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် Quality Management System ဟုခေါ်သည့် ISO 9001-2008 Certificate ကို ရရှိခဲ့သည်။

အဆင့်မြင့်နည်းပညာတက္ကသိုလ်တစ်ခု ဖြစ်လာစေရန် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလက ဖွင့်လှစ်ခဲ့သည့် ရန်ကုန်နည်းပညာတက္ကသိုလ်၏ စာသင်ခန်းများတွင် ခေတ်မီပရိုဂျက်တာများ၊ ကွန်ပျူတာများဖြင့်သာ သင်ကြားစေခဲ့သည်။ ဂျပန်နိုင်ငံ၏အကူအညီ၊ နိုင်ငံခြားကုမ္ပဏီများ၏ လှူဒါန်းမှုတို့ကြောင့် လက်တွေ့သိပ္ပံဓာတ်ခွဲခန်းသုံး ပစ္စည်းများကိုလည်း အဆင့်မြှင့်ထားနိုင်ခဲ့၍ နိုင်ငံတကာအဆင့်မီ သင်ကြားနိုင်အောင် စီစဉ်ထားရှိနိုင်ခဲ့သည်။

"အခုလို ကွန်ပျူတာတွေ၊ ပရိုဂျက်တာတွေနဲ့ သင်ကြားပြသပေးတာ ကျွန်တော်တို့အတွက်တကယ့်ကိုအဆင်ပြေစေတဲ့ သင်ကြားနည်းတစ်ခုပါ။ ကျွန်တော် နားမလည်တာ၊ မရှင်းတာတွေကို Soft Copy နဲ့ ကူးပြီး ကျွန်တော့်ကွန်ပျူတာမှာ ပြန်ကြည့်လို့ရတယ်။ နောက် ကျွန်တော်ပိုပြီးသိချင်တဲ့ အကြောင်းအရာတွေအတွက် ရည်ညွှန်းချက်တွေ၊ ရှာဖွေလို့ရတဲ့ ဝက်ဘ်ဆိုက်လင့်တွေ ညွှန်းထားလို့ ပြန်ရှာဖွေလို့ရတယ်။ သိပ်ကောင်းတဲ့ သင်ကြားမှုတစ်ခုပါ"ဟု တက္ကသိုလ်ဝင်တန်းအမှတ် ၅၀၆ မှတ်ဖြင့် ရန်ကုန်နည်းပညာတက္ကသိုလ်သို့ဝင်ရောက်ခဲ့ကာ လက်ရှိတွင် ဒုတိယနှစ်တက်ရောက်နေသည့် ကျောင်းသားတစ်ဦးက ဆိုသည်။

ရန်ကုန် နည်းပညာတက္ကသိုလ်သည် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လျော့ပါးရေးဆိုင်ရာ သုတေသနလုပ်ငန်းများ၊ စွမ်းအင်ဆိုင်ရာ သုတေသနလုပ်ငန်းများ၊ ရေအရင်းမြစ်နှင့် သက်ဆိုင်သည့် သုတေသနလုပ်ငန်းများ၊ Semiconductor ဆိုင်ရာ သုတေသနလုပ်ငန်းများကို ဂျပန်၊ နယ်သာလန်၊ ဖင်လန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံရှိ တက္ကသိုလ်များနှင့်ပူးပေါင်း၍ သုတေသနလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်သည်။

ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ်တို့သည် နိုင်ငံတစ်နိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးမှုတွင် အဓိကကျသည့် (၁) Disaster Mitigation၊ (၂) Integrated Water Resources Management၊ (၃) Water and Waste Management၊ (၄) Renewable Energy၊ (၅) Urban Planning and Design၊ (၆) Remote Sensing and GIS၊ (၇) Seismology and Earthquake Engg၊ (၈) Power System Stability and Control၊ (၉) Communication and Signal Processing၊ (၁၀) Robotics and Automation၊ (၁၁) Distributed Database၊ (၁၂) Food Engg. & Technology၊ (၁၃) Textile Finishing Technology၊ (၁၄) Natural Gas Engg.၊ (၁၅) Extractive Metallurgy နှင့် (၁၆) Slope Stability Analysis စသည့် ကဏ္ဍများတွင်လည်း နိုင်ငံတကာတက္ကသိုလ်များနှင့် သုတေသနပူးပေါင်းဆောင်ရွက်မှုများ ရှိနေသည်။

ရန်ကုန် နည်းပညာတက္ကသိုလ်၏ ပါမောက္ခချုပ် ဒေါက်တာအေးမြင့်က "ရန်ကုန်နည်းပညာတက္ကသိုလ်ကို ပထမ ၁၀ နှစ်အတွင်း အာဆီယံတက္ကသိုလ်တွေထဲမှာ အဆင့်သတ်မှတ်ချက်တစ်ခု ဝင်နိုင်အောင် ကြိုးပမ်းနေပါတယ်။ ဒီလို အဆင့်သတ်မှတ်ချက်တစ်ခု ဝင်နိုင်အောင်အတွက်လည်း ဆရာ ဆရာမတွေနဲ့ ကျောင်းသား ကျောင်းသူတွေရဲ့ သုတေသနစာတမ်းတွေ အမြောက်အမြားပြုလုပ်နိုင်ဖို့ လိုပါတယ်။ ဒီစာတမ်းတွေကို နိုင်ငံတကာအသိအမှတ်ပြုထားတဲ့ ဂျာနယ်တွေမှာ ပုံနှိပ်ဖော်ပြခြင်းခံရမှသာလျှင် အဆင့်သတ်မှတ်ချက်မှာ ပါဝင်နိုင်မှာဖြစ်ပါတယ်။ နောင်မှာ သုတေသနအခြေပြု တက္ကသိုလ်တစ်ခုအဖြစ် ရပ်တည်နိုင်ဖို့အတွက် သုတေသနလုပ်ငန်းတွေကို စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်"ဟု ဆိုသည်။

၂၀၀၂ ခုနှစ်တွင် အာဆီယံဒေသတွင်း နိုင်ငံများရှိ သုတေသနပညာရှင် အရေအတွက်ကို နှိုင်းယှဉ်ကြည့်ရာ မြန်မာနိုင်ငံသည် အဆင့် (၈) တွင် ရပ်တည်၍ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံများအထက်တွင်သာ ရှိခဲ့သည်။

ယခုလက်ရှိအချိန်တွင် မြန်မာနိုင်ငံသည် သိပ္ပံနှင့်နည်းပညာဆိုင်ရာ သုတေသနဆိုင်ရာ စာတမ်းပြုစုနိုင်မှုတွင် လွန်စွာနည်းပါးလျက်ရှိနေပြီး အာဆီယံဒေသတွင်းရှိ မလေးရှားနိုင်ငံမှ အဆင့်မီ သုတေသနစာတမ်းပေါင်း ကိုးသောင်းကျော်ပြုစုပြီးချိန်တွင် မြန်မာနိုင်ငံသည် သုတေသနစာတမ်းပေါင်း ၅၅၀ သာ ပြုစုနိုင်ခဲ့သည်ဟု ဂျပန်နိုင်ငံ သိပ္ပံနှင့် နည်းပညာဆိုင်ရာ အေဂျင်စီအောက်ရှိ CRDS က ပြုစု၍ ၂၀၁၅ ခုနှစ် စက်တင်ဘာလက ထုတ်ပြန်သည့် Current Status on Science and Technology in Asia Country တွင် ဖော်ပြထားသည်။

နိုင်ငံတကာတက္ကသိုလ် အဖွဲ့အစည်းများသည် အစိုးရသစ်လက်ထက် ရန်ကုန်နည်းပညာတက္ကသိုလ် အဆင့်မြှင့်တင်၍ ဘွဲ့ကြိုတန်းများ ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းအပေါ် စိတ်ဝင်စားမှုများရှိလာပြီး ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် နားလည်မှုစာချွန်လွှာ(MoU) ရေးထိုးပြီးသည့် နိုင်ငံတကာတက္ကသိုလ်အဖွဲ့အစည်း ၅၀ ကျော်အထိ ရှိလာနေသည်။

MoU ရေးထိုးရန် ညှိနှိုင်းဆဲ နိုင်ငံတကာတက္ကသိုလ်များအပြင် ပူးပေါင်းဆောင်ရွက်ရန် ကမ်းလှမ်းလာသည့် နိုင်ငံတကာတက္ကသိုလ်များလည်း အမြောက်အမြားရှိနေသေးသည်ဟု ရန်ကုန်နည်းပညာတက္ကသိုလ်မှ သိရသည်။

၂၀၁၄ ခုနှစ်တွင် ကမ္ဘာပေါ်ရှိ အကောင်းဆုံးတက္ကသိုလ် ၇၀၀ အား အဆင့်သတ်မှတ်ရာတွင် မြန်မာနိုင်ငံရှိ တက္ကသိုလ်များ ပါဝင်ခြင်းမရှိပေ။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ နည်းပညာဆိုင်ရာတက္ကသိုလ်ကောလိပ်နှင့် ကျောင်းများသည် နိုင်ငံတကာနှင့် နှိုင်းယှဉ်ပါက လက်တွေ့ထက် စာတွေ့သင်ကြားနေမှုများသာရှိသည်ဟု အထက်ပါ Current Status on Science and Technology in Asia Country သုသေသနစာတမ်းတွင် ထောက်ပြထားသည်။

ထို့ကြောင့်ပင် ရန်ကုန်နည်းပညာတက္ကသိုလ်ရှိ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ လက်ရှိတွင် ကြိုးပမ်းနေကြသည့် အနာဂတ်အိပ်မက်သည်ကား ကမ္ဘာ့အဆင့်မီ သုတေသနများ ပြုလုပ်နိုင်ရေးနှင့် ပြုလုပ်နိုင်ခဲ့သည့် သုတေသနစာတမ်းများသည် နိုင်ငံတကာအသိအမှတ်ပြု သိပ္ပံစာဆောင်များတွင် ဖော်ပြနိုင်ရေးပင်။

သို့မှသာလျှင် အာဆီယံအဆင့်၊ အာရှအဆင့် အသိအမှတ်ပြုခံ နည်းပညာတက္ကသိုလ်အဖြစ် ဂုဏ်ဒြပ်ကို တည်ဆောက်နိုင်မည်။ ထိုဂုဏ်ဒြပ်အောက်မှ မွေးဖွားလာသည့် ဘွဲ့ရလူငယ်များသည်လည်း အဆင့်မီနည်းပညာရှင်များအဖြစ် နိုင်ငံတကာ၏ အသိအမှတ်ပြုမှုကို ရရှိနိုင်မည်ဖြစ်သည်။

ယင်းကဲ့သို့သော နိုင်ငံ၏ နည်းပညာကဏ္ဍလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ရန်ကုန်နည်းပညာတက္ကသိုလ်၏ တာဝန်ရှိသူများက ၂၀၁၂ ခုနှစ်တွင် ပြန်လည်ဖွင့်လှစ်ခဲ့သည့် အင်ဂျင်နီယာဘွဲ့ကြိုသင်တန်းများ ခြောက်နှစ်ကြာ ပညာသင်ကြားပြီးနောက် လက်ခံရရှိမည့် အင်ဂျင်နီယာဘွဲ့၊ ဗိသုကာဘွဲ့များအား နိုင်ငံတကာအဆင့်မီ ရပ်တည်နိုင်စေရန် ကြိုးစားနေကြသည်။

နိုင်ငံတော်အစိုးရ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက္ကသိုလ်ကျောင်းသားဟောင်းများ၏ သီးခြားအစီအစဉ်များဖြင့် ထောက်ပံ့မှုများကြောင့် တက္ကသိုလ်ပရဝဏ်တွင် သုံးနှစ်တာကာလအတွင်း ခြောက်ထပ်အဆောက်အအုံများပါ ပေါ်ထွက်လာခဲ့သည်။

ယင်းအဆောက်အအုံများတွင် နိုင်ငံတကာစာသင်ခန်းများ၏ ရုပ်ဝတ္ထုပိုင်းဆိုင်ရာများကို ဖြည့်တင်းထားသည့် Human Resources Development Center၊ သတင်းအချက်အလက်နှင့် နည်းပညာ၊ လျှပ်စစ်နှင့် Mechatronic ဆိုင်ရာ အင်ဂျင်နီယာဘာသာရပ်သုံးဌာနအတွက် စာသင်ခန်းနှင့် ဓာတ်ခွဲခန်းများ၊ နိုင်ငံတကာတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်မည့် ပူးတွဲသုတေသနစင်တာများ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

တက္ကသိုလ်တစ်ခု၏ အသက်ဖြစ်သည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကြိုးပမ်းသကဲ့သို့ တက္ကသိုလ်၏ စာကြည့်တိုက်တွင်လည်း နိုင်ငံတကာမှ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ကိုးကားနိုင်မည့် နောက်ဆုံးပေါ် စာအုပ်စာတမ်း သောင်းဂဏန်းကိုလည်း ဖြည့်တင်းနိုင်ခဲ့ပြီ ဖြစ်သည်။

နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်ကောလိပ်ပေါင်းစုံမှ ဘွဲ့ကြို၊ ဘွဲ့လွန် ကျောင်းသားကျောင်းသူများအား နိုင်ငံတော်သမ္မတ ပညာသင်ဆုအတွက် ကျောင်းသား ကျောင်းသူ ၁၁၇ ဦး ရွေးချယ်ခဲ့ရာတွင် ရန်ကုန်နည်းပညာတက္ကသိုလ်မှ ၂၁ ဦးအထိ ပညာသင်ဆုရယူနိုင်ခဲ့သည်။ ယင်းမှာ ရန်ကုန်နည်းပညာတက္ကသိုလ်၏ သုံးနှစ်တာကာလအတွင်း သိသာထင်ရှားသည့် အောင်မြင်မှုတစ်ရပ်ဟု ဆိုရမည်ပင်။

ဂျပန်၊ ကိုရီးယား၊ ပြင်သစ်၊ ထိုင်း၊ နယ်သာလန်နိုင်ငံများတွင် ရန်ကုန်နည်းပညာတက္ကသိုလ်မှ ဆရာ ဆရာမ ၇၀ ကျော်သည် ပါရဂူဘွဲ့သင်တန်းများ သွားရောက်ပညာသင်ကြားလျက်ရှိနေသည်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ပေးအပ်သည့် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဂျပန်နိုင်ငံမှ မှာယူထားသည့် သုတေသနဓာတ်ခွဲခန်းသုံးပစ္စည်းများသည်လည်း ၂၀၁၆ နှစ်ကုန်ပိုင်းတွင် တက္ကသိုလ်၏ လက်တွေ့ခန်းများအတွင်း ရောက်ရှိလာတော့မည်ဟု သိရသည်။

ဆရာ ဆရာမ အင်အားနှင့် သိပ္ပံသုတေသနဆိုင်ရာပစ္စည်းများ ပြည့်စုံလာပါက မြန်မာနိုင်ငံ၏ သိပ္ပံနှင့် နည်းပညာနယ်ပယ်အတွက် လိုအပ်နေသည့် Bio Medical Engineering၊ Bioengineering၊ Nuclear Engineering၊ Food Engineering နှင့် Petrol Chemical Engineering အစရှိသည့် ဘာသာရပ်များအား အနာဂတ်တွင် တိုးချဲ့သင်ကြားပြီး သုတေသနလုပ်နိုင်ရန်လည်း လိုအပ်သည့်ပြင်ဆင်မှုများ စတင်နေပြီ ဖြစ်သည်။

အင်ဂျင်နီယာပညာရေး၏ အဆင့်သတ်မှတ်ချက်တစ်ခုဖြစ်သည့် Washington Accord နှင့်အညီ ပြင်ပပညာရှင်များ၏ ကြီးကြပ်မှုနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ ဘာသာရပ်အလိုက် ဖွဲ့စည်းထားသည့် စစ်ဆေးသူများဖြင့် ယခုအောက်တိုဘာလတွင် ရန်ကုန်နည်းပညာတက္ကသိုလ်သည် စစ်ဆေးမှုခံယူရန် အသင့်ရှိနေပြီဖြစ်သည်။

မကြာမီ အချိန်တစ်ခုအတွင်း ရန်ကုန်နည်းပညာတက္ကသိုလ်သည် နိုင်ငံတကာတက္ကသိုလ်များ၏ အဆင့်သတ်မှတ်ချက်တွင် ပထမဆုံးဝင်ရောက် အစစ်ဆေးခံနိုင်မည့် မြန်မာနိုင်ငံ၏ နည်းပညာတက္ကသိုလ်တစ်ခု ဖြစ်လာတော့မည် ဖြစ်သည်။ ။